ချစ်စံဝင်း

# သာသနာ့ဝတ်ကြည်လင်းစေဖို့



ဖြန့်ချိရေး

မမော်မော်

ပန်းမျိုးတစ်ရာစာပေ

တိုက် ၂၃၃/အခန်း ၁၄၊ ၆-ရပ်ကွက်


တိုက်လေးလုံး ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊

ပြည်လုံးကျွတ် ဖြန့်ဝေသည်။

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၄၇၄/၉၁) (၉)
မျက်နှာဖုံးနှင့် ကျောဖုံးခွင့်ပြုချက်အမှတ် (၇/၉၁) (၉)

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | မောင်ကျော်စိုး |
| ပထမအကြိမ်ပုံနှိပ်ခြင်း | အုပ်ရေ ၂၀၀၀ |
| စာအုပ်ချုပ် | ကိုမြင့် |
| ထုတ်ဝေသည့်ကာလ | ၁၉၉၁၊ စက်တင်ဘာလ |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးကျော်စိန် (၀၂၉၀၉)<br>ကျောက်စိမ်းအော့ဖ်ဆက်<br>၁၇၁/၃၃လမ်း၊ ရန်ကုန်မြို့။ |
| တန်ဖိုး | ၃၅-ကျပ် |
| အတွင်းသားပုံနှိပ်သူ | ဦးကျော်စိုး (၀၄၂၅၀)<br>စိုးအော့ဖ်ဆက်<br>၇၈-ဘီ၊ အထက်ပန်းဆိုးတန်းလမ်း<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်မော်မော် (၀၂၀၃၇)<br>ပန်းမျိုးတစ်ရာစာပေ<br>တိုက် ၂၃၃/အခန်း ၁၄၊<br>ဗ-ရပ်ကွက်၊ ရန်ကင်းမြို့နယ်<br>ရန်ကုန်မြို့။ |

Price ..... US $ 4.0



စင်ကာပူနိုင်ငံရှိ ဗုဒ္ဓကျောက်ဆင်းတု ရုပ်ပွားတော်

## မျက်နှာဖုံးပုံ နှင့် ကြောဖုံးပုံ

မျက်နှာဖုံးပါ အထက်နှစ်ပုံသည် ပီနန် ဓမ္မိကာရာမ ကျောင်းတိုက်အဝင် မုဒ်နှင့် ပီနန် ရှိ နာမည်ကြီး ကွန်တာအဆောက်အအုံပုံတို့ ဖြစ်ပြီး အောက်ပုံမှာ ပီနန် နှင့် ကွာလာလမ်ပူမြို့ ရှုခင်းပုံတို့ ဖြစ်ပါသည်။

---

ကြောဖုံးမှာ - ပီနန် ဓမ္မိကာရာမ ကျောင်းဝင်း အတွင်းရှိ အရှင် ဥပဂုတ္တပြာသာဒ်နှင့် ပီနန် ၏ လမ်းများ ရှုခင်းပုံတို့ ဖြစ်ပါသည်။

---

ကွန်ပျူတာ စာစီ          မြို့မ ဖုန်း-၆၅၀၈၀။

၂၀၉၀၇

# ဆရာချစ်စံဝင်း၏

# ( ၂၀ ) အုပ်မြောက်စာအုပ်

# သာသနာ စက်ခြည်လင်းစေဖို့

ချစ်စံဝင်း

# သာသနာ စက်ခြည်လင်းစေဖို့

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အိန္ဒိယ နိုင်ငံ ဗာရာဏသီ ဆရာတော် အရှင် ဂမ္ဘီရဗုဒ္ဓိ၏ မိတ်ဆက် အမှာ | |
| ၁ | သာသနာ စက်ခြည်လင်းစေဖို့ | ၁၇ |
| ၂ | ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ခဲ့သော မလေးရှား | ၂၄ |
| ၃ | သာသနာ့ ဒါယိကာ မလေးအမျိုးသမီးကြီး လေးဦး | ၂၈ |
| ၄ | ပီနန် ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်း | ၃၆ |
| ၅ | တနင်္ဂနွေ ဗုဒ္ဓဘာသာ အခြေခံသင်တန်း | ၄၁ |
| ၆ | ပီနန်ကျောင်းမှ သင်္ကြန်ပွဲ | ၄၄ |
| ၇ | ဆရာတော် ဦးပညာဝံသ | ၄၇ |
| ၈ | ကမ္ဘာကို ပတ်အောင် သာသနာပြုသူ | ၅၁ |
| ၉ | ပြည်ပသာသနာပြု အာဇာနည်များ အလိုရှိသည် | ၅၆ |
| ၁၀ | ပဲ့တင်ထပ်နေသော တောင်ဝှေးဆောင့်သံ | ၆၃ |
| ၁၁ | မြန်မာဘုန်းကြီး ရောက်ပြီဟော့ | ၆၆ |
| ၁၂ | မှန်ကန်သော ဗုဒ္ဓတရားကို သိမြင်ခဲ့ | ၆၉ |
| ၁၃ | အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ အသင်း | ၇၂ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | သဘာဝနှင့် ကိုက်ညီမှုရှိသော ဗုဒ္ဓဝါဒ | ၇၅ |
| ၁၅ | ဗုဒ္ဓဝါဒနှင့် မြန်မာနိုင်ငံ | ၇၈ |
| ၁၆ | မြန်မာ သာသနာပြုများ | ၈၁ |
| ၁၇ | လယ်တီ ဆရာတော်ဘုရားကြီး၏ ပြည်ပ သာသနာပြု လုပ်ငန်း | ၈၃ |
| ၁၈ | သည့်တစ်ခါ အကြံနှိပ်လိုက်တာက | ၈၆ |
| ၁၉ | အသင်း၏ ပထမဆုံး ဥက္ကဋ္ဌ ဆရာတော်ကြီး ဦးဝေပုလ္လ | ၉၀ |
| ၂၀ | ဝပ်ဆိုင်မွန် ဆရာတော်ဘုရား | ၉၃ |
| ၂၁ | ပြည်ပ သာသနာပြု လုပ်ငန်း | ၉၅ |
| ၂၂ | မြန်မာတို့အတွက် ကွန်းထောက်နားနေရာများ | ၉၇ |
| ၂၃ | အပြည်ပြည်ဆိုင်ရာ သံဃာအသင်းဖြစ်မြောက်ရေး ပဏာမ အစည်းအဝေး | ၁၀၁ |
| ၂၄ | ဗုဒ္ဓဘာသာ မြန်မာသံဃာတော်များ၏ ခေတ်တစ်ခေတ် | ၁၀၃ |
| ၂၅ | အသင်း၏ ပထမအကြိမ် အစည်းအဝေး | ၁၀၈ |
| ၂၆ | အသင်း၏ ရှေ့လုပ်ငန်းစဉ်များ | ၁၀၉ |
| ၂၇ | ဒုတိယအကြိမ် အစည်းအဝေး | ၁၁၆ |
| ၂၈ | အနှစ် ၂၀၀ နီးပါး အဆက်မပြတ်လင်းရမည့် သာသနာ့ရောင်ခြည် | ၁၁၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉ | ပြည်ပ သာသနာပြု ဆရာတော်ကြီး ဦးပညာဝံသ၏ ပီနန်ကျွန်း ဓမ္မိကာရာမ မြန်မာဘုန်းတော်ကြီးကျောင်းနှင့် စက်ာပူရှိ မြန်မာဘုန်းတော်ကြီးကျောင်း လိပ်စာ | ၁၂၅ |
| ၃၀ | အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာသံဃာတော်များအသင်း၏ ရုံးချုပ်နှင့် ဒေသဆိုင်ရာ ရုံးများ | ၁၂၆ |
| ၃၁ | အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာသံဃာတော်များ ကြီးမှူးမှုအောက်တွင် ဖွဲ့စည်းထားသည့် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ မြန်မာဗုဒ္ဓဘာသာကျောင်းများ စာရင်း | ၁၃၁ |


*******************

# အိန္ဒိယနိုင်ငံ ဗာရာဏသီ ဆရာတော် အရှင် ဂမ္ဘီရဗုဒ္ဓိ၏ မိတ်ဆက် အမှာ

ယခုတလော မြန်မာပြည်တွင် ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းများ လုပ်ဆောင်ရန် လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာကြည်နူးရသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခု၊ လွတ်လပ်ရေး ရပြီးသည့် အချိန်မှ စ၍ ဗုဒ္ဓဘာသာဝင် အင်အားကို မြှင့်တင်ခဲ့သည့် နိုင်ငံတစ်ခု ဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာ ဟူသော ကြွေးကြော်သံသည် မြန်မာ့လွတ်လပ်ရေး ကြွေးကြော်သံ အဖြစ် ထင်ရှားခဲ့သည့် နိုင်ငံလည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် လူမျိုး၏ အမည်ရှေ့တွင်ပင် ဘာသာကို အထွတ်တင်ကာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟုပင် ခေါ်ဝေါ်ပြောဆို ရေးသားကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့က ဗုဒ္ဓဘာသာအပေါ် ယုံကြည်မှုနှင့် ခံယူချက်ကို ထင်ဟပ်စေသည့် ပြောဆို ခေါ်ဝေါ်ခြင်းပင်ဖြစ်သည်။ များသောအားဖြင့် မြန်မာမှန်လျှင် ဗုဒ္ဓဘာသာသာ ဖြစ်သည်ဟု အများအမြင် ကမ္ဘာ့အမြင်တွင် မြင်စေနိုင်သော အဆိုပင် ဖြစ်သည်။

မြန်မာတို့သည် မြန်မာဟူသော အမည်ဖြင့် စုစည်းမှု နိုင်ငံတစ်ခု မဖြစ်မီကပင် ဗုဒ္ဓဘာသာကို လက်ခံ ယုံကြည်ခဲ့ပေသည်။ ဗုဒ္ဓဘာသာ ပေါ်ပေါက်ရာ အိန္ဒိယနိုင်ငံနှင့် ပထဝီအနေအထားအရ ကြည်းကြောင်း၊ ရေကြောင်းတို့ ဆက်စပ် နီးစပ်နေသဖြင့် ဆက်သွယ်သွားလာ၍ လွယ်ကူသည့် နိုင်ငံလည်း ဖြစ်ပေသည်။

## အိန္ဒိယနှင့် မြန်မာ

မြန်မာ့ သမိုင်းများတွင်လည်း ပုဂံခေတ် ဗျတ်ဝိ ဗျတ္တ၊ ဘီလူးကျွန်း၊ ရှေးဟောင်းသီချင်းများ၊ တကောင်း အဘိရာဇာ ရခိုင်မြောက်ဦးမြို့၊ ရွှေအိမ်စည်နှင့် ပဒိုကွယား၊ နရပတိစည်သူ ခေါ် ကုလားကျမင်း၊ ပဲခူး အသကုမ္ဘာ ခေါ် အသားမင်းသား (ကွမ်းအပ် မင်းသား) နှင့် လံဘား၊ စန္ဒရကန္တာဆင်း၏ နိုင်ငံရေး ခိုလှုံမှု စသည်တို့နှင့် ဗိသနိုးမြို့၊ ဇရာဝတီမြစ် စသည့် အမည် များသည် အိန္ဒိယနှင့် မြန်မာတို့၏ အတိတ်ကာလ ဆက်သွယ်မှုများ၏ သက်သေခံများ ဖြစ်ကြသည်။ အိန္ဒိယနှင့် မြန်မာသည် ရေကြောင်းသွားလာမှု အနေအထားအရလည်း အလွန်တရာ နီးစပ်သည်၊ ပထဝီအနေအထားအရ နီးစပ်မှုသည် ဘာသာရေး ဆက်စပ် နီးနွယ်မှုကို ရရှိစေသည်။ မြန်မာနိုင်ငံ အဖြစ် စုစည်းတည်ဆောက်လာသော ခေတ်ဦးပိုင်း၌ပင် အိန္ဒိယ ယဉ်ကျေးမှုနှင့် ဘာသာရေးကိုးကွယ်မှုများ ရောက်ရှိနေကြောင်း သမိုင်းအရ သိရှိရသည်၊ ပုဂံခေတ် နံရံဆေးရေးပန်းချီများ၊ လောကနတ်ရုပ်၊ သုရဿတီ စသည်များသည် အိန္ဒိယ ဘာသာရေးနှင့် နီးနွယ်နေကြောင်း သက်သေများဖြစ်သည်၊ ယုတ်စွအဆုံး မြန်မာဘုရင်တို့၏ "မုဒ္ဒါဘိသေက" နန်းတက် ရေသွန်းမင်္ဂလာကိုပင် ကုလားလူမျိုး ပုဏ္ဏားများပင် ပြုလုပ်ခဲ့ကြသည်။

ထိုသို့ဆက်စပ်နေသည့် အချက်အလက်များအရ အိန္ဒိယတွင် ပေါက်ပွားခဲ့သော ဗုဒ္ဓဘာသာသည် နည်းအမျိုးမျိုး၊ လမ်းအသွယ်သွယ်ဖြင့် မြန်မာနိုင်ငံသို့ ရှေးမဆွ ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှား ရှိစဉ်ကာလကပင် ဝင်ရောက်နိုင်ခဲ့ပေသည်။ ဗုဒ္ဓဘာသာသည် ဤမျှအထိ မြန်မာတို့နှင့် ရင်းနှီးခဲ့သည်၊ ထို့ကြောင့် ဗုဒ္ဓပိဋကတ် စိစစ်ရေးဆိုင်ရာ သံဂါယနာ ခြောက်တန်တင်ခဲ့ရာတွင် မြန်မာနိုင်ငံသည် နှစ်ကြိမ်တိုင် တင်နိုင်ခဲ့သည့် နိုင်ငံတစ်ခုလည်း ဖြစ်သည်၊ မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ ခေတ်ဦးပိုင်းထက် ခေတ်နှောင်းပိုင်းတွင် သိသာထင်ရှားသည့် ဗုဒ္ဓဘာသာနိုင်ငံတစ်ခု ဖြစ်ခဲ့ရသည်၊ ဗုဒ္ဓသာသနာ ခေတ်နှောင်းပိုင်းဟုဆိုရမည့် အာသောကခေတ် နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများသို့ သာသနာပြန့်ချီမှုကို စတင်ခဲ့ပေသည်၊ ထိုင်းလင်း ခေါ် ယိုးဒယား၊ အာသံ၊ မဏိပူရ၊ ကရိပူရ၊ ဘင်္ဂလားဒေ့ရှ်၊ သီဟိုဠ် စသည့် နိုင်ငံများသို့ အခြေအနေအရ နည်းအမျိုးမျိုးဖြင့် သာသနာ ပြန့်နိုင်ခဲ့ကြောင်း အထောက်အထားများ ရှိနေသည်၊

ထိုသို့ သာသနာပြန့်ချီရာ၌ ယခု စာရေးဆရာ ချစ်စံဝင်း ရေးသား တင်ပြသည့် သာသနာ စက်ခြည်လင်းစေဖို့ ဟူသော စာအုပ်ပါ မလေးရှားနိုင်ငံ ပီနန်မြို့သည်လည်း တစ်နေရာ အပါအဝင် ဖြစ်ပေသည်၊ မိမိသည် ပီနန်သို့ ရောက်ခဲ့ဖူးပါသည်၊ ရောက်ခဲ့ရခြင်း အကြောင်းရင်းမှာလည်း ဤစာစောင်ပါ ဆရာတော် ဦးပညာဝံသကြောင့်ပင် ဖြစ်ပါသည်၊

## ပီနန်ကျွန်း

ပီနန်ဟူသော အမည်သည် မြန်မာတို့နှင့် ရင်းနှီးသည့် အမည်တစ်ခု ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် စားစရာ ဥ

တစ်မျိုးကို မြန်မာတို့က ပီလောပီနံ့ဉဟု ခေါ်ခြင်းက ပိုထင်ရှားပါသည်။ ဤအမည်ကို မိမိ ပီနန်သို့ ရောက်စကပင် ပိုမိုသဘောပေါက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ပီနန် လေဆိပ်သို့ ရောက်လျှင်ပင် ပီလောပီနန် ဟူသော အင်္ဂလိပ်စာ ဆိုင်းဘုတ်ကြီးက ထင်ရှားစွာ ဆီးကြိုနေသောကြောင့် ဖြစ်သည်။ ပထဝီအနေအထားအရ ပီနန်သည် မြန်မာနိုင်ငံ တနင်္သာရီကမ်းရိုးတန်းနှင့် ရေကြောမြေကြော တစ်ဆက်တည်းတွင် ရှိနေသည့် ကျွန်းတစ်ကျွန်းဟု ဆိုနိုင်သည်။ ထို့ကြောင့် ရေကြောင်းသွားလာဆက်စပ်မှု အရ စီးပွားရေး ဆက်နွှယ်မှုများ ရှိနေသည်။ စီးပွားရေးဆက်သွယ်မှုမှသည် ဘာသာရေး ဆက်သွယ်မှု ဝင်ရောက်ခြင်းသည် သဘာဝတစ်ခု ဖြစ်သည်။

## ဓမ္မိကာရာမ

ထို့ကြောင့် မြန်မာနိုင်ငံ တနင်္သာရီ ကမ်းရိုးတန်းမှ မြန်မာများ၊ မြန်မာပြည်ဖွား တရုတ်များသည် ပီနန်တွင် အခြေစိုက်နေထိုင်ရာ ယခုတိုင် မြန်မာနွယ်များ ထင်ရှားစွာ ရှိနေကြပေသည်။ သူတို့သည် သူတို့မွေးမြေ၏ အနှစ်သာရတစ်ခု ဖြစ်သည့် မြန်မာ့ဓလေ့စရိုက်တစ်ခုဖြစ်သော ဗုဒ္ဓဘာသာကို မမေ့နိုင်ကြပေ။ ထို့ကြောင့် မြန်မာရဟန်းတော်များအား ပင့်ဆောင်ကိုးကွယ်လိုကြသည်။ မြန်မာပြည်မှာကဲ့သို့ ဘုန်းကြီးကျောင်းကို ကြီးကျယ်ခန်းနား ကျယ်ပြန့်စွာ ရှိစေလိုကြသည်။ ထို့ကြောင့် ပီနန်တွင် ကျယ်ပြန့်သော မြေနေရာကို ဘုန်းကြီးကျောင်းမြေအဖြစ် သတ်မှတ်ကာ ကျောင်းဆောက်ကိုးကွယ်ခဲ့ကြရာမှ ဆရာချစ်စံဝင်း၏ စာအုပ်ပါ ဓမ္မိကာရာမ မြန်မာဘုန်းတော်ကြီးကျောင်း ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

ဤကျောင်းကို ၁၈၈၃ ခုနှစ်တွင် စတင်တည်ဆောက်၍ မြန်မာ ဘုန်းကြီးစဉ်ဆက် ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည်။ သို့သော် ခေတ်သည် မြစ်ရေအလျဉ်လို စီဆင်းသကဲ့သို့၊ ငှက်ပျံသကဲ့သို့လည်း ဖြစ်သည်။ နိမ့်ချည်မြင့်ချည် လောကဓံ လေဟုန်စီးသော ခေတ်သည် သူ့ကို မှီရာ ဘာသာ၊ သာသနာကိုလည်း သူနှင့်အတူ ယေဆောင်ရာ သွေးနေခဲ့သည်။ ထို့ကြောင့် ပီနန်ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းသည်လည်း ခေတ်အခြေအနေအရ ဆုတ်ယုတ်မှု၊ တိုးတက်မှု ဖြစ်ခဲ့ရသည်။ ယနေ့ မျက်မှောက်ခေတ်တွင် ဆရာတော် ဦးပညာဝံသသည် ပီနန်မြန်မာဘုန်းတော်ကြီးကျောင်း၏ ပဓာန ဆရာတော်ပင် ဖြစ်သည်။

## ဆရာတော် ဦးပညာဝံသ

ဆရာတော် ဦးပညာဝံသသည် ဘဝတစ်လျှောက်လုံးပင် ပြည်ပ သာသနာပြုဘဝဖြင့် ထုံမွမ်းနေခဲ့သည်။ ဆရာတော်သည် နိုင်ငံခြား သာသနာပြု အတွေ့အကြုံ ရင့်ကျက်သော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော် ဦးပညာဝံသ၏ ပြည်ပ သာသနာပြု လုပ်ငန်းအတွေ့အကြုံဆိုသည်က တစ်နိုင်ငံတည်း၏ အတွေ့အကြုံ မဟုတ်၊ နိုင်ငံများစွာ အရှေ့အနောက်စုံလင်သည့် အတွေ့အကြုံများပင် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်၏ သာသနာပြုမှုသည် ယနေ့ခေတ်တွင် တောက်ပြောင်ရုံမျှမက ခေတ်ရှေ့သို့လည်း ပြေးနေပေသည်။ ဆရာတော်သည် ကပ္ပလိကျွန်း၊ အန်ဒမန်ကျွန်း အပါအဝင် အိန္ဒိယ၊ သီဟိုဠ် စသည့် ဗုဒ္ဓဘာသာ အခြေစိုက်ရာ နိုင်ငံများမှသည် မလေးရှားနိုင်ငံ ပီနန်သို့ ရောက်ရှိ သာသနာပြုခဲ့သည်။ ဆရာတော်သည် အမြဲတမ်း ဘာသာရေး လှုပ်ရှားမှုကို လုပ်နိုင်ခဲ့သည်။ ပီနန်ရောက်စ ဆရာတော်ဘဝသည် တိုက်ရိုက်

အုပ်ချုပ်သူဘာဝ မဟုတ်သေး၊ လက်ထောက်ဘာဝပင် ဖြစ်နေသေးသည်၊ သို့သော် မူလပင့်ဆောင်သူ ဆရာတော်ဘုရားကြီးသည် အိုမင်းမစွမ်း ဖြစ်နေ၍ ဆရာတော် ဦးပညာဝံသအား မြန်မာဘုန်းကြီး စဉ်ဆက် မပြတ်စေရန် ပင့်ဆောင်ခဲ့ခြင်း ဖြစ်သည်၊

ဦးပဥ္ဇင်း ရှေးဦးစွာ ပီနန်သို့ ရောက်စဉ်ကာလက ဆရာတော် ဦးပညာဝံသနှင့် အချိန်များစွာ သာသနာပြုရေး၊ သာသနာ ရှုရေး နောက်ရေး စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်၊ ဆရာတော်သည် ညပိုင်းတွင်သာ အားလပ်ချိန်ရသဖြင့် ဦးပဥ္ဇင်းတို့နှစ်ပါးသည် ညတိုင်း ဆွေးနွေးကြရာ အချို့ညများတွင် အရုဏ်ဆွမ်းကပ်သူက ဆွမ်းစားပင့်မှပင် ဆွေးနွေးပွဲ ရပ်နားသည့်ညများလည်း ရှိခဲ့သည်၊ ဆရာတော်ဦးပညာဝံသ၏ ပီနန်နှင့် ပတ်သက်သမျှ နောက်ကြောင်းပြန်ပြောပြချက်များသည် မှတ်လောက်စရာများ မြောက်မြားစွာ ပါရှိခဲ့သည်၊

## မြန်မာဘုန်းကြီး ရောက်ပြီဟေ့

ဆရာတော် ဦးပညာဝံသ သည် ပီနန်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိသည့်နေ့ကဆိုလျှင် မူလ ဆရာတော်ကြီးသည် မြန်မာဘုန်းတော်ကြီးကို မျှော်နေသည်၊ ဦးပညာဝံသ မြန်မာနိုင်ငံမှ ရောက်ရှိလာသောအခါ ဆရာတော်ကြီးသည် တောင်ဝှေးကို ကြမ်းပြင်၌ဆောင့်၍ "ဟေ့ အေးခင်တို့၊ ငါ့ မြန်မာ ဘုန်းကြီး လာပြီဟေ့" ဆိုသည့်အသံမှာ ကျောင်းတိုက်ကြီး တစ်ခုလုံး ဟိန်းသွားခဲ့သည်၊ ဆရာတော် ဦးပညာဝံသ သည် ယခုထက်တိုင် ထိုတောင်ဝှေးသံ မိမိနားမှမထွက်၊ ထိုတောင်ဝှေးဆောင့်သံသည် မိမိ၏ ပြည်ပသာသနာပြု လုပ်ငန်းများကို

ယနေ့ထိုင် အင်အားများ အဖြစ် ဖြည့်တင်းနေဆဲ ဖြစ်သည်ဟု ဆရာတော်က ဆို၏။

ဆရာတော်အဆိုအရ မူလ ဆရာတော်ကြီး၏ ပြင်းထန်သော မြန်မာ အမျိုးသားစိတ်သည် ဆရာတော် ဦးပညာဝံသ၏ နှလုံးသားထဲသို့ ပြောင်းလဲရောက်ရှိခဲ့၏။ ထို့နောက် မိမိအလှည့် ရောက်လာသော အခါ ၎င်းကျောင်းတိုက် ကြီးပွားမှုကို စတင်ဆောင်ရွက်တော့သည်။ ပထမဆုံး အနေဖြင့် ဆရာတော်သည် ကျောင်းတိုက်မြေ ကိစ္စကို ဆောင်ရွက်ခဲ့သည်။ ကျောင်းတိုက်ပိုင်မြေသည် လက်ရှိ ကျောင်းမြေ နေရာတွင်မှမက လမ်းတစ်ဘက်ရှိ ထိုင်း ကျောင်းပါ ပါဝင်ပေသည်။ ပထမ ဆရာတော်ကြီး လက်ထက်တွင် ထိုင်းဘုန်းကြီးတစ်ပါး ရောက်လာကာ ဆရာတော်ကြီးထံ ခေတ္တနေခွင့်တောင်းခဲ့သည်။ ထို့နောက် ထိုင်းဘုန်းကြီးသည် ကျောင်းဆောက်နေထိုင်ရာမှသည် ဘုရားတည်ခြင်း စသည်ဖြင့် သာသနိကအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခဲ့သည်။ ထိုအချိန်က မြန်မာဆရာတော်ကြီးမှာ ထုံးစံအတိုင်း ရိုးသမှုနှင့် ရောင့်ရဲကာ မြန်မာနွယ်ဖွား အုပ်စုဖြင့် တတ်စွမ်းနိုင်သမျှ သာသနာကို ထိန်းသိမ်းနေခဲ့သည်။ ဆရာတော် ဦးပညာဝံသသည် ဆရာတော်ကြီး ပျံလွန်တော်မူပြီး၍ သူတာဝန်ယူလာသောအခါ ဂရံမြေပုံနှင့် စာအုပ်အရ ထိုင်း ဘုန်းတော်ကြီးကျောင်းသည် မြန်မာ ဘုန်းတော်ကြီးကျောင်းမြေ ဖြစ်ကြောင်း သိလာရသည်။ ဆရာတော်သည် မြန်မာပိုင်ကျောင်းမြေကို ပြန်ရစေလိုသည့် မျိုးချစ်စိတ်ဖြင့် စတင်စီမံဆောင်ရွက်တော့သည်၊ ထို့နောက် တရားရုံးတွင် တရားစွဲခဲ့သည်။ တရားရုံးမှ မြေသည် မြန်မာကျောင်းပိုင်မြေ ဖြစ်သည်။ အဆောက်အအုံများသည် ထိုင်းမှ ဆောက်လုပ်ထားခြင်း ဖြစ်၍ ထိုင်းကျောင်းမှ ဝင်ငွေ၏

၅၀ ရာခိုင်နှုန်းကို မြန်မာကျောင်းမှ ယူစေဟု အဆုံးအဖြတ်ပေးခဲ့သည်။ သို့သော် လက်တွေ့တွင်မူ ဘာသာရေး ဌာနတစ်ခု၏ ဝင်ငွေကို ပုဂ္ဂိုလ်ရေးအရ ဝင်ရောက်စစ်ဆေးရန်မှ မဖြစ်နိုင်ပေ၊ ထို့ကြောင့် ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်း ပိုင်ဆိုင်မှု ဆုံးဖြတ်ချက်သည်လည်း လက်တွေ့ဘဝတွင် အကောင်အထည်ပေါ်မလာခဲ့ပါချေ၊ မည်သို့ပင် ဖြစ်စေ ဆရာတော်၏ ဆောင်ရွက်ချက်သည် မြန်မာပိုင်ဟုသော အချက်သည် ထင်ရှားမှု ရှိလာသည်၊ ဆရာတော်၏ ဆောင်ရွက်မှုသည် မြန်မာဗုဒ္ဓ သာသနာအတွက် ဆောင်ရွက်ခြင်းဖြစ်၍ မိမိရင်နှင့်အမျှ ပီတိ တစ်ခု ဖြစ်ခဲ့ရပါသည်၊

## မျိုးချစ်စိတ်ဓာတ်

ဆရာတော်၏ ဆောင်ရွက်ချက်များသည် အံ့ဖွယ်ရာမြောက်မြားလှပါသည်၊ မျက်နှာချင်းဆိုင်တွင် ထိုင်းပုံစံ၊ ထိုင်းယဉ်ကျေးမှုဖြင့် တည်ဆောက်ထားသည့် ဘုရားကျောင်းများ ရှိသောကြောင့် မိမိနေရာကိုလည်း မြန်မာမှု မြန်မာဟန်များဖြင့် တည်ဆောက်သည့် သာသနိက အဆောက်အအုံများကို ရှိစေလိုသည်၊ ထို့ကြောင့် ရှင်ဥပဂုတ္တ အဆောက်အအုံကို မြန်မာပြာသာဒ် ပုံစံဖြင့်ပင် တည်ဆောက်ခဲ့သည်၊ ကျောင်းတိုက်ရှေ့ ရောက်လျှင် မြန်မာကျောင်းဆိုသည်ကို မပြောဘဲနှင့် သိနိုင်အောင် ကြိုးစားထားသည်၊ ဤသည်မှာ ဆရာတော် ဦးပညာဝံသ၏ မျိုးချစ်စိတ်ဓာတ်ဟု ဆိုနိုင်ပါသည်၊

ဆရာတော်သည် ပီနန်တွင် ဤသို့ ဆောင်ရွက်သကဲ့သို့ အမေရိကန် နိုင်ငံ လော့စ်အိန်ဂျလိ၌လည်း မြန်မာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို ဆောက်လုပ်ခဲ့ပေသည်၊ ထိုမှတစ်

ဆင့် ဩဇာတြေလျှံ၍လည်းကောင်း၊ လောလောဆယ်တွင် စင်္ကာပူ၌ လည်းကောင်း မြန်မာ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်နေပေသည်။ ဆရာတော်၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာတွင် မြန်မာ ဘုန်းတော်ကြီး ကျောင်းများ များများ ရှိလေလေ မြန်မာတို့၏ ကွန်းခိုရာ များလေလေပင် ဖြစ်သည်ဟု ခံယူပေသည်။

## အာသောကမင်းကြီး၏ ကျေးဇူး

မှန်ပေသည်။ သာသနာ ဘာသာဟူသည်မှာ တစ်နေရာတည်း၊ တစ်နိုင်ငံတည်း ရေရှည် နှစ်ပေါင်းများစွာ ထာဝရတည်တံ့ဖို့ဆိုသည်မှာ မလွယ်ကူလှပေ။ ဥပမာပြရလျှင် ဗုဒ္ဓဘာသာ၏ မူလ ပေါက်ပွားရာ အိန္ဒိယကိုပင် ကြည့်ပါလေ။ အကယ်၍ အာသောကမင်း၏ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်မှု အစီအစဉ်သာ မရှိခဲ့လျှင် ယနေ့ အခြေအနေတွင် ကမ္ဘာတွင် ဗုဒ္ဓဘာသာ သာသနာ အထူးဆိုရလျှင် ထေရဝါဒ ဗုဒ္ဓဘာသာသည် ကွယ်ပျောက်ခဲ့မည်မှာ သေချာပါသည်။ အဘယ်ကြောင့် ဆိုသော် မူရင်းအိန္ဒိယ နိုင်ငံတွင် မဟာယာနဂိုဏ်းသာ ကျန်ရှိကာ လူကြိုက်များ၍ လက်ခံခဲ့ကြသည်။ ထေရဝါဒသည် အိန္ဒိယတွင် လက်ကျန် မရှိသလောက်ပင် ဖြစ်သည်။ ကိုးတိုင်းကိုးဌာန သာသနာပြုနယ်မြေများဖြစ်သည့် ထိုင်း၊ သီရိလင်္ကာ၊ မြန်မာနိုင်ငံ သို့မှတစ်ဆင့် အိန္ဒိယပြည်သို့ ပြန်လည် ပို့ဆောင်ခဲ့၍သာ ယနေ့ အိန္ဒိယတွင် ထေရဝါဒ ပြန်လည် အသက်ဝင်ခဲ့ရခြင်း ဖြစ်သည်။

သို့သော် ယနေ့တိုင် အိန္ဒိယသား အိန္ဒိယလူထု အများစု၏ သက်ဝင် ယုံကြည်ရာသည် မဟာယာနပင် ဖြစ်သည်။ ထေရဝါဒကို သက်ဝင်သူ အနည်းငယ်မှာလည်း သူတို့ကြိုက်သလို ပြန်လည် ပြင်ဆင်ထားလိုသည်ကို ပြန်လည်ပြင်ဆင်ထားကာ လက်ခံခြင်း

ဖြစ်၍ မှုရင်းကို လက်ခံသူ အလွန်ရှားကြောင်း တွေ့ရသည်၊ ဤသည်မှာ အာသောကမင်း၏ သာသနာတော်အတွက် အမြော်အမြင်ကြီးမား စွာ ဆောင်ရွက်မှုကြောင့်ပင်ဖြစ်သည်၊ မြန်မာနိုင်ငံတွင်လည်း ရေရှည်အတွက် မခန့်မှန်းနိုင်သေးပါ၊

အာဖဂန်၊ ပါကစ္စတန်၊ မလေးရှား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများတွင် သမိုင်းအထောက်အထားများအရ ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း တွေ့ရသော်လည်း ယနေ့တွင် အခြားဘာသာများ၏ ဝါးမျိုခြင်းကို ခံခဲ့ရပြီး ဖြစ်သည်၊ ထိုနိုင်ငံတို့တွင် ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားဖို့ ဝေးစွ ဗုဒ္ဓဘာသာ ရဟန်းတော်များ နေထိုင်ရပ်တည်ရန်ပင် မလွယ်ကူလှပေ၊ ပီနန်တွင်ပင်ကြည့်ပါ၊ ပီနန်ရှိ တရုတ်လူမျိုး အများစုသည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်၊ သို့သော် နိုင်ငံခြားသား ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ အခွင့်အရေးသည် သာမာန်နိုင်ငံခြားသားတစ်ဦး၏ အခွင့်အရေးအတိုင်းပင် ဖြစ်သည်၊ ရဟန်းတစ်ပါးအတွက် ဗီဇာမှာ ၃ လသာ ရသည်၊ သုံးလပြည့်လျှင် အခြားနိုင်ငံသို့ ထွက်ရသည်၊ နောက်တစ်ခါ ပြန်ဝင်လျှင် ၃ လပင် နေခွင့်ရပြန်သည်၊ သို့သော် တနှစ်လျှင် ၃ လ၊ ဗီဇာ သုံးကြိမ် စုစုပေါင်း ၉ လ သာ နေထိုင်ခွင့်ရသည်၊ ထိုပြင် ဆက်တိုက် ၈ နှစ် နေခွင့်ရပြီးလျှင် ဗီဇာဆက်မရတော့ပေ၊ ဤမျှထိ ခက်ခဲလှပေသည်၊

## အလုပ်လုပ်ခွင့်မရှိ

ဗီဇာရပြန်သော်လည်း အလုပ်လုပ်ခွင့် မရပေ၊ အလုပ်ဟုသည်တွင် တရားဟောခြင်း၊ ပရိတ်ရွတ်ခြင်း တို့ကိုလည်း အလုပ်ဟု သတ်မှတ်သည်၊ ထို့ကြောင့် ဆရာတော်များသည် ကိုယ့်အသိုင်းအဝိုင်းနှင့်ကိုယ် တိုးတိုးတိတ်တိတ် တရားဟောရသည်၊

မြန်မာပြည်မှ အလုပ်ထွက်လုပ်သူများ နိုင်ငံခြားတွင် အလုပ်ခိုးလုပ်ရသည့် သဘောပင်ဖြစ်၏၊ ပရိတ်ရွတ်သည့် ဘာသာရေးလုပ်ငန်းများကို တိတ်တိတ်လုပ်ရပေသည်၊ ပီနန်မြို့တွင် တည်ဆောက်သည့် တရုတ် ဗုဒ္ဓဘာသာ တို့၏ ကွမ်ယင်နတ်သမီးရုပ်ထုမှာ မြို့တော်၏ အကြီးဆုံး ပလီထက် မြင့်မားသောကြောင့် သုံးပေ ဖြတ်တောက်ခြင်း ခံရပေသည်၊ ဤသို့သော ဒဏ်ကို မြန်မာရဟန်းတော်များအတွင်းမှ ပထမဆုံးခံရသူမှာ ဆရာတော် ဦးပညာဝံသပင် ဖြစ်သည်၊

ဆရာတော်သည် ပီနန်တွင် ၈နှစ် ဆက်တိုက် (တစ်နှစ်လျှင် ၃လ x ၃ ကြိမ် )နေပြီးသောအခါ ဗီဇာ ဆက်မရတော့ပေ၊ ထို့ကြောင့် အမေရိကန်သို့ ကြွသွားခဲ့ရ၏ ၊ ထိုမျှသော လောကဓံကို ဆရာတော်သည် ခေါင်းငုံခံမည့် လူစားမဟုတ်၊ အမေရိကန်ရောက်သောအခါ ဆရာတော်သည် အမေရိကန်တွင် မြန်မာကျောင်းတစ်ကျောင်း ဖြစ်အောင် ကြိုးပမ်းခဲ့၏ မည်သို့ပင်ဆိုစေ ပင်ကိုအရည်အချင်း ပြည့်စုံသူ ဆရာတော်အတွက် အမေရိကန်ရောက်ခြင်းသည်ပင် မြန်မာဗုဒ္ဓဘာသာ သာသနာအတွက် နယ်မြေကျယ်ပြန့်ဖို့ အကြောင်းဖြစ်လာရသည်၊ ယခုလောလောဆယ် စင်္ကာပူတွင် ဆောက်နေသော ကျောင်းသည် မြန်မာ့ အနုပညာဘာသာရေး အဆောက်အအုံအဖြစ် ကမ္ဘာ့အလယ်တွင် စံပြဖြစ်ဖွယ်ရှိပေသည်၊ ဆရာတော် ဦးပညာဝံသ၏ ကြိုးပမ်းမှုပင် ဖြစ်ပါသည်၊

## ဟာခနဲ၊ ဟင်ခနဲ ဖြစ်စေလို

စင်္ကာပူရှိ မြန်မာ ဘုန်းတော်ကြီးကျောင်း တည်ထောင်ဆောက်လုပ်မှု အတွက် မြန်မာနိုင်ငံ အစိုးရက မြန်မာ့ကျွန်းသစ် တန်နှစ်ဆယ် လှူဒါန်းသည်၊ မြန်မာဗိသုကာ လက်ရာပစ္စည်းများ

ကို မြန်မာနိုင်ငံတွင် တိပိဋကနိကာယ ပြည်ပသာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး ဦးသာလှ၏ စီမံမှုဖြင့် ငွေကြေး အကုန်အကျခံကာ ထုလုပ်ပြီး ဗကာ်ာပုသို့ ပေးပို့ပြီးဖြစ်သည်။ ဤကျောင်းတော်ကြီး ပြီးလျှင် ကမ္ဘာတွင် အလှဆုံး၊ ခေတ်အမီဆုံး နိုင်ငံဖြစ်သည့် ဗကာ်ာပု သည် မြန်မာ့ဘာသာရေး အနုပညာဖြင့် ပိုမိုတင့်တယ်ကာ အလှ တွင် မြန်မာ့ အယဉ်ဆင့်ပေဦးမည်သာ ဖြစ်သည်။ ဤသည်မှာ လည်း ဆရာတော်ဦးပညာဝံသ၏ မြန်မာ့ထေရဝါဒဗုဒ္ဓသာသနာ ကို အကြောင်းပြု၍ မြန်မာ့အနုပညာကဏ္ဍကို ကမ္ဘာသို့ တင်ပြ လိုက်သည့် အချက်ပင်ဖြစ်သည်။ ဆရာတော်က မြန်မာ့အနုပညာ ကို ကမ္ဘာမှ မြင်လိုက်သူတိုင်း ဟယ်ခနဲ၊ ဟာခနဲ ဖြစ်သွားစေလို သော စိတ်ရှိ၏။ မြန်မာ့အနုပညာလက်ရာတို့ကလည်း မြင်လိုက် သည်နှင့် ဟယ်ခနဲ၊ ဟာခနဲ ဖြစ်ရလောက်အောင် ဖမ်းစားနိုင်စွမ်း ရှိ၏။

မြန်မာ့အနုပညာများ ကမ္ဘာအနှံ့ နေရာယူလာခြင်းသည် မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံတော်အတွက် အလွန်တရာ ကောင်း မြတ်လှပေသည်။ မြန်မာ့ အနုပညာများ ကမ္ဘာ့နေရာအနှံ့ ရှိနေ ခြင်းဖြင့် အနာဂတ်တွင် မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာ အတွက် စွမ်းဆောင်နိုင်ခြင်း၏ သက်သေအဖြစ် ရပ်တည်ပေလိမ့်မည်။ မြန်မာ့ဓလေ့ ဗုဒ္ဓဘာသာမျိုးဆက်သည် ကမ္ဘာ့အနှံ့ တည်ရှိနေခြင်း ဖြင့် မြန်မာပြည်မတွင် ဗုဒ္ဓဘာသာ အခြေအနေ ယိုယွင်းခဲ့လျှင် ပင် အခြားနိုင်ငံရှိ မြန်မာ့အဆက်အနွယ်များ ပြန်လည်အသက် သွင်းနိုင်ကြပေသေးသည်။ အိန္ဒိယသို့ မြန်မာအပါအဝင် အခြား ဗုဒ္ဓဘာသာ နိုင်ငံများက ယနေ့ ကာလတွင် ပြန်လည်၍ ဗုဒ္ဓဘာ သာ အသက်သွင်းပေးသကဲ့သို့ ဖြစ်ပေသည်။

## အာဇာနည်မျိုးစေ့ ချပေးနိုင်မည်

ဘာသာတရားဟူသည် ဘာသာဝင်လူထု၏ သိနားလည်မှုနှင့် စည်းရုံးလုပ်ဆောင်မှုပေါ်တွင် မူတည်ပေသည်၊ ယနေ့အချိန်ဖြစ်သော ၁၉၉၀ ပြည့်လွန်ကာလများတွင် မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာ စည်းရုံးလုပ်ဆောင်မှုသည် စစ်ပြီးခေတ်၏ အထွတ်အထိပ်ဟု ဆိုလောက်သည်၊ ပြည်တွင်းပြည်ပ သာသနာပြုမှုကို နိုင်ငံတော် အစိုးရ၏ ဦးဆောင် အားပေးမှုဖြင့် ဆောင်ရွက်နေသည့်အချိန်ဖြစ်ပေသည်၊ ဤအချိန်မျိုးတွင် မြန်မာဗုဒ္ဓဘာသာလူထုအနေဖြင့် အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားခြင်းဖြင့် သာသနာပြုရေး အခွင့်ကောင်း ရရှိသည့် အချိန်ပင် ဖြစ်ပါသည်၊ ဤအချိန်မျိုးတွင် ကမ္ဘာတွင် စံပြုနိုင်လောက်သည့် မြန်မာဆရာတော်ဖြစ်သော ဆရာတော် ဦးပညာဝံသ၏ အကြောင်းအရာကို ဆရာဦးချစ်စံဝင်းက သုကလောင်ဖြင့် ခြယ်မှုန်းပြီး တင်ပြဆောင်ရွက်မှုသည် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟု တင်စားရပါသည်၊ ဆရာဦးချစ်စံဝင်းအားလည်း ဦးပဥ္စင်းအနေဖြင့် အထူးကျေးဇူးတင်ရှိသည်၊ ဆရာချစ်စံဝင်းသည် နိုင်ငံအတွက် လိုအပ်နေသောအကြောင်းအရာကို အချိန်ကိုက် ရွေးချယ်တင်ပြသောကြောင့်လည်း ပြည်ပသာသနာပြု လုပ်ငန်းအတွက် အရေးပါသော စာအုပ်တစ်အုပ်ဟု ဆိုချင်ပါ၏၊

ထို့ကြောင့် ဆရာတော် ဦးပညာဝံသ၏ ပြည်ပသာသနာပြု လုပ်ငန်းများ အကြောင်းအရာကို ဖတ်မိ သိရှိသူ ရဟန်းရှင်လူ အကြွင်းသူ တစ်ဦးတစ်ယောက်သည် ဆရာတော် ဦးပညာဝံသကဲ့သို့ သာသနာပြုစိတ်မျိုး ပေါ်လာသည်ဆိုအံ့၊ ဆရာချစ်စံဝင်း

၏ ကြိုးစားရကျိုးနပ်ပေပြီဟု ထင်မြင်ပါသည်၊ ဤစာအုပ်ငယ်သည် ပြည်ပသာသနာပြု လုပ်ငန်းအတွက် အာဇာနည်မျိုးစေ့ကို ချပေးနိုင်မည်ဟုလည်း ယုံကြည်ပါသည်၊ ပြည်ပ သာသနာပြု လုပ်ငန်းအတွက် ဆရာတော် ဦးပညာဝံသကဲ့သို့ ဆရာတော်များ အများအစား လိုအပ်နေသည်မှာလည်း အမှန်ပင် ဖြစ်ပါ၏၊

မြန်မာနိုင်ငံ၌ ဆရာတော် ဦးပညာဝံသ ပေါင်း- ထောင်သောင်းများစွာ ထွက်ပေါ်လာပါစေဟု ဆုမွန်ပြုလျက်-


ဗာရာဏသီ အရှင် ဂန္ဓာရုဗ္ဗိ
ခေတ္တ၊ အဝိ မြန်မာပြည်
၂၁၊ ၆၊ ၉၁

# ချစ်ဝင်း

# သာသနာဝတ်ကြည်လင်းစေဖို့

# သာသနာ စက်ခြည် လင်းစေဖို့

အရှေ့တောင်အာရှတွင် ပီနန်ကျွန်းသည် အလွန်လှပသော ကျွန်းတစ်ကျွန်း ဖြစ်သည်၊ ပီနန်ကို လှပသည်ဟုဆိုခြင်းထက် နေ့ထိုင်ချင်စဖွယ်ဟု ဆိုသင့်၏၊ မြန်မာတို့အတွက်ကား ပီနန်သည် ချစ်စရာကောင်းသောမြို့ဟု ဆိုကလည်း မမှားနိုင်ပါ၊ ကျွန်တော်သည် ပီနန်ကို ချစ်၏၊ အဘယ်ကြောင့်ဆိုသော် ပီနန်သည် ရန်ကုန်နှင့် တူသောကြောင့်ဟု ဆိုရပါမည်၊ ပီနန်၏ ရပ်ကွက်များတွင် ရွှေတောင်ကြား ရိပ်သာလို ဖွဲ့စည်းမှုများ ရှိသည်၊ ပီနန်တွင် ရန်ကုန်လို သစ်ရိပ်ဝါးရိပ်များ အုပ်မိုးထားသော လမ်းများပေါ်၏၊ ရန်ကုန်တွင် တွေ့ရသော သစ်ပင်များကို ပီနန်ကျွန်းပေါ်တွင် တွေ့ရသည်၊ ပီနန်သည် ရန်ကုန်ထက်သာသော အချက်က ယင်းသည် ပင်လယ်ကမ်းခြေမြို့ ဖြစ်၏၊ လေကောင်းလေသန့်ရသည်၊ ပီနန်ကျွန်းကို ရုက္ခဗေဒ ဥယျာဉ်ကြီးတစ်ခုအဖြစ် တင်စားကြ၏၊ တကယ်တော့ ရန်ကုန်မြို့သည်လည်း အရှေ့တောင်အာရှ၏ ဂုဏ်ယူဖွယ်ရာ ရုက္ခဗေဒပန်းခြံကြီးဟုဆိုက ငြင်းဆိုမည့်သူ မရှိပါ၊




**ယခု ပီနန်ပြတိုက်တွင် ရှိနေသော ၁၈၀၅ ခုနှစ်က အက်ဒဝပ် ဆီပ်ချထေါ်ကာ ရေးဆွဲထားသည့် ပီနန်ရှိ ဓမ္မိကာရာမ မြန်မာ့ဘုန်းတော်ကြီးကျောင်း ရှုခင်းပုံ**

ပီနန်တွင် ထူးခြားချက်က ပီနန်၏ အဓိကလမ်းမကြီး တစ်ခုကို Lorong Burma ( Myanmar ) ဟု မှည့်ခေါ်ထားခြင်းဖြစ်၏၊ ပီနန်ရှိ Lorong Burma ( Myanmar ) သည် ရန်ကုန်ရှိ ပြည်လမ်းမကြီးလို အဓိကရ လမ်းမကြီး ဖြစ်သည်၊ ပီနန်သူ ပီနန်သားတို့သည် သူတို့၏ မြို့တော်မှ အဓိကလမ်းကြီးတစ်လမ်းကို ဘာကြောင့် မြန်မာအမည် ပေးထားသနည်း၊ ဤကိစ္စမှာ သုတေသန ပြုဖွယ်ရာဖြစ်၏၊ လိုရောင်း Lorong

ဆိုသည်မှာ အဓိကလမ်းကြီးဟု အဓိပ္ပါယ်ရပါ၏၊ တစ်ဖန် ဂျလမ် မြန်မာ ဟူသော လမ်းလည်း ရှိ၏၊ ဂျလမ် Jalun မှာ ပေတစ်ရာလမ်း ဖြစ်သည်၊ ထို့ပြင် ပီနန်၌ ဂျလမ်ဇရာဝတီ၊ ဂျလမ် မန္တလေး၊ ဂျလမ် မော်လမြိုင်၊ ဂျလမ် ရန်ကုန်၊ ဂျလမ် သံလွင်၊ ဂျလမ် သထုံ၊ ဂျလမ် ထားဝယ်၊ ဂျလမ်မြိတ် ဟူ၍ မြန်မာမြို့၊ မြန်မာမြစ်များ အမည်ဖြင့် လမ်းအသွယ်သွယ် ရှိသေး၏၊ ကွာလာလန်ပူတွင် ဦးသန့် ရပ်ကွက် ဟူ၍ရှိ၏၊ ထိုရပ်ကွက်သည် အတော်ကြီး၍ ဂျလမ် ဦးသန့် ၁လမ်းမှ လမ်း၂၀ ကျော်အထိရှိ၏၊

ထိုသို့ မြန်မာအမည်ဖြင့် လမ်းအသွယ်သွယ် ရှိသည့်အနက် ပီနန်ကျွန်းရှိ ဂျလမ် ဘားမား (မြန်မာ) ဟူသော လမ်းသည် အထူးခြားဆုံးသောလမ်း ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် ထိုလမ်းတွင် ဗုဒ္ဓသာသနာ ရောင်ခြည်သည် လွန်ခဲ့သော အနှစ် ၂၀၀ မှစ၍ ယနေ့ထက်တိုင် အဆက်မပြတ် ထွန်းလင်းနေသောကြောင့် ဖြစ်သည်၊ ထိုလမ်းပေါ်တွင် **ဓမ္မိကာရာမ** ဟူသော မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ရှိသည်၊

ထိုဓမ္မိကာရာမ အမည်နာမဖြင့် ထင်ရှားထုတ်ဖော်၍ ဤမည်သော ဗုဒ္ဓဘာသာ မြန်မာ ဘုန်းတော်ကြီး ကျောင်းတော်သည် ဘုရားသာသနာကို အနှစ် ၂၀၀ ကြာမျှ မှေးမှိန်လျော့ပါးခြင်း မရှိဘဲ စဉ်ဆက်မပြတ် ထွန်းညှိထားခဲ့ရာ မြင့်မြတ်သော ကျောင်းတော်ရာလည်း ဖြစ်၏၊

ထိုကျောင်းတော်တွင် အနှစ်၂၀၀ အတွင်း မြန်မာဘုန်းတော်ကြီး (၇) ပါးသည် စဉ်ဆက်မပြတ် သီတင်းသုံးခဲ့၏၊

ယင်းဆရာတော်တို့မှာ - - -

၁၈၀၃ AD မြန်မာ ဘုန်းတော်ကြီးကျောင်း တည်ထောင်သည်၊

၁၊ ၁၈၀၃ - ၁၈၄၂ = ဆရာတော် ဦးနန္ဒမာလာ၊
၂၊ ၁၈၄၂ - ၁၈၆၅ = ဆရာတော် ဦးသုတ္တိ၊
၃၊ ၁၈၆၅ - ၁၈၉၇ = ဆရာတော် ဦးဝိစာရ၊
၄၊ ၁၈၉၇ - ၁၉၂၂ = ဆရာတော် ဦးဉာဏဝံသ၊
၅၊ ၁၉၂၂ - ၁၉၅၇ = ဆရာတော် ဦးဇာဂရ၊
၆၊ ၁၉၅၇ - ၁၉၇၂ = ဆရာတော် ဦးဝိမလ၊

၇၊ ၁၉၇၂ ခုနှစ်မှ ယနေ့အထိကား ကမ္ဘာတွင် စစ်မှန်သော ဗုဒ္ဓသာသနာရောင်ခြည် အစဉ် ထွန်းလင်းတောက်ပနေရမည်ဟူသော ကြီးမားသည့် အဓိဋ္ဌာန်ဖြင့် ကြီးစွာသော လုံ့လဥဿာဟကို စိုက်ထုတ်လျက် ကမ္ဘာ့သာသနာပြုလုပ်ငန်းကြီးကို ထက်မြက်သောဖွဲ၊ မလျော့သောလုံ့လ၊ အစဉ်ရှင်သန်သော ဝီရိယတို့ဖြင့် တစ်ကမ္ဘာလုံးသို့ လှည့်လည်ကာ ဗုဒ္ဓမြတ်စွာ၏ သာသနာ့ကိစ္စရပ်များကို လုပ်ဆောင်တော်မူနေသော ဆရာတော်ကြီးဦးပညာဝံသသည် သီတင်းသုံးလျက်ရှိပါ၏၊

တကယ်တော့ မြန်မာတို့၏ ထေရဝါဒ သာသနာတော်နှင့်ရောယှက်နေသော မြန်မာအနုပညာ ဟန်ပန်ဓလေ့ထုံးတမ်းစဉ်လာတို့ကို ကမ္ဘာ့အရှေ့မှရော အနောက်မှပါ အထူးစိတ်ဝင်စား၏၊ ကမ္ဘာ့အရှေ့နှင့်အနောက်ခြမ်းတွင် မြန်မာမှုတို့ကို ပိုစိတ်ဝင်စားသူတို့သည် အရှေ့မှဟု ဆိုပါက ထူးဆန်းကောင်းထူးဆန်းနေမည် ဖြစ်ပါ၏၊

ဂျပန်၊ ထရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားအစရှိသော နိုင်ငံများသည် ဗုဒ္ဓဘာသာနိုင်ငံများ ဖြစ်၏၊ ထိုပြင် စင်္ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ အင်ဒိုနီးရှား အစရှိသော နိုင်ငံများတွင်လည်း ဗုဒ္ဓဘာသာဝင်များ ရှိ၏၊ သို့သော် မြန်မာနိုင်ငံ၊ သီရိလင်္ကာစသော နိုင်ငံတို့၏ ဗုဒ္ဓစာပေ၊ ပရိယတ္တိ၊ အဘိဓမ္မာဆိုင်ရာတို့သည် နိုင်ငံတကာမှ မော်ကြည့်ရလောက်အောင် ကြီးကျယ်၏၊

ထို့ကြောင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်သူများ၊ လေ့လာလိုသူများသည် မြန်မာ ဗုဒ္ဓဘာသာကို ကိုယ်တိုင်ကိုယ်ကျ မြင်လိုကြ၏၊ ကိုယ်တိုင်ကိုယ်ကျ လေ့လာလိုကြ၏၊ သို့သော် အကြောင်းအမျိုးမျိုးတို့ကြောင့် မြန်မာနိုင်ငံသို့ မလာရောက်နိုင်ကြသည့် ထိုထိုသော ပုဂ္ဂိုလ်တို့သည် မြန်မာဗုဒ္ဓဘာသာဟန်ကို ကမ္ဘာပေါ်ရှိ နီးစပ်ရာ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ လာရောက်လေ့လာကြရပေရာ ပီနန်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသည် အရှေ့မှ လာသူများအတွက် အားထားလေ့လာစရာ ကျောင်းတိုက်တစ်တိုက် ဖြစ်ပါသတည်း။

ဆရာတော် ဦးပညာဝံသသည် ထိုအချက်ကို သိရှိရကား ပီနန်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းကို တတ်နိုင်သမျှ မြန်မာမှု မြန်မာဟန်များနှင့် ဖြစ်မြောက်အောင် ကြိုးစားလျက်ရှိပါ၏၊ ထို့ကြောင့်လည်း ပီနန်ရှိ ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်းသည် မြန်မာနိုင်ငံသို့ မရောက်ဖူးသောနိုင်ငံခြားသားတို့အတွက် မြန်မာ ဗုဒ္ဓ ဘာသာနှင့် မြန်မာ့အနုပညာ လက်ရာများကို လေ့လာရန် ပဏာမ ဧည့်ခံနေရာ တစ်ခုဟု ဆိုပါကလည်း မမှားနိုင်ပါ။


၂၀၉၀၇

သို့သော် ဓမ္မိကာရာမကျောင်းရှိ လက်ရာတို့မှာ မြန်မာ့အနုပညာ လက်ရာစစ်စစ်မဟုတ်ကြ၊ ထိုကျောင်းမှ အဆောက်အအုံ အမွှမ်းအမံတို့ကို ဤစာအုပ်တွင် ဖော်ပြထားရာ မြန်မာမှု မြန်မာဟန်များကို တရုတ်လက်သမား၊ ပန်းရန်သမားတို့ဖြင့် ထုလုပ်ထားသဖြင့် တရုတ်ဟန်များ လွှမ်းမိုးနေသည်ကို တွေ့ရ၏။

ဆရာတော်ကြီးက ပိနန်ကျောင်းကို မြန်မာမှုမြန်မာ့ဟန်တို့ဖြင့် မွမ်းမံသည့် လုပ်ငန်းနှင့်ပတ်သက်၍ "ကျုပ်က ဒီက လက်သမားကို ဘယ်လိုပြောပြော တရုတ်ဟန်က မပျောက်ဘူး၊ သူတို့ဟာ ကျုပ်တို့လို မထုမမွမ်းတတ်ဘူး၊ တစ်ခါကဆိုရင် မြန်မာဟန်ဆိုပြီး ထုလိုက်တာ မြန်မာမှု မြန်မာဟန်ကို လုံးလုံးမပေါက်လို့ ပြာသာဒ်တစ်ခုလုံး ပင်လယ်ထဲသွားပစ်ချလိုက်ရတာမျိုးလည်း ဖြစ်ဖူးတယ်"ဟု မြွက်ကြားခဲ့၏။

ယခုတွေ့နေရသော တရုတ်ဟန်ပေါက်နေသည့် မြန်မာ့လက်ရာများကိုပင် နိုင်ငံခြားသားတို့သည် ကြည့်မဝ ရှုမဆုံးဖြစ်နေရာ မြန်မာမှု မြန်မာဟန် လက်ရာစစ်စစ်များကို တွေ့ရပါက နိုင်ငံခြားသားများ မည်မျှ ခံစားကြရလေမည်နည်း၊ ဆရာတော်ကြီး၏ ကြိုးပမ်းမှုဖြင့် မြန်မာ့လက်ရာစစ်စစ်များဖြင့် စက်ဂ်ာပူတွင် မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ပေါ်လာခဲ့ပြီဖြစ်ရာ ထိုကိစ္စမှာ ဗုဒ္ဓဘာသာဝင် ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါ၏။

တကယ်တော့ ထိုင်းနိုင်ငံမှ ကျော်လွှန်ခဲ့ပါလျှင် သစ်သားသည် မမြင်ရလောက်အောင် ရှားပါးသွားပြီ ဖြစ်၏၊ သစ်နှင့် လုပ်သော အဆောက်အအုံ ဆိုသည်မှာ ကမ္ဘာ့ရှားပါးပစ္စည်း



**ဓမ္မိကာရာမ ကျောင်းတိုက် အတွင်းမှ အရှင် ဥပဂုတ္တ ရုပ်ပွားတော်**

များ၊ ကမ္ဘာ့အဖိုးတန် ပစ္စည်းများ ဖြစ်နေပါ၏။ ကျွန်တော်တို့သည် သစ်အလုံးလိုက် ရောင်းချမှုများကို စဉ်းစားရန် အချိန်တန်ပြီ ဖြစ်ပါ၏။

ယခုအခါ ထိုင်းနိုင်ငံ လန်ပန်း၌ ရှေးမြန်မာဘုန်းတော်ကြီးကျောင်းတစ်ခုကို နှစ်နိုင်ငံ အစိုးရများ ပူးပေါင်းပြင်ဆင်နေသည်ဟု သိရ၏။ ထိုပြင်ဆင်မှုတွင် ဦးဝင်းမောင်တို့ကဲ့သို့သော

ပုဂ္ဂိုလ်များ ပါဝင်ပြင်ဆင်နေသောကြောင့် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါ၏။ လန်ပန်းမှ အထက်မိုင် ၆၀ ခန့်အကွာတွင် မြန်မာပြည်ဖွား ထိုင်းဘုန်းတော်ကြီး ကရုဖာအိုဖတ် [ Khru - bar Ophat ] က ( တီဘင်မဝှစ်အင်္ဂါအို ) အရပ်တွင် မြန်မာမှု မြန်မာဟန် အစစ်များဖြင့် ဘတ်ငွေ သန်းချီ၍ အကုန်ခံကာ မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို ဝပ်ဂျန်ခန် [ Wat Jyaing Kham ] ဝင်းအတွင်း၌ တည်ဆောက်ပြီး ဖြစ်ရာ လွန်စွာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါ၏။

ပိနန် ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းရှေ့တွင် ဆင်ကြီး နှစ်ကောင် ရှိပါသည်၊ ထို့ကြောင့် ဆရာတော်ကြီး ဦးပညာဝံသအား " မှန်လှပါ၊ မြန်မာ့ဘုရားကျောင်းကန် တို့ ရှေ့တွင် ခြင်္သေ့ကိုသာ ထားသော ထုံးစံရှိပါလျက် အဘယ်ကြောင့် ခြင်္သေ့ မထားဘဲ ဆင်ထားရပါသလဲဘုရား " ဟု မေးလျှောက်သော အခါ ဆရာတော် ဦးပညာဝံသက " ဒကာကြီး ဒီဆင်ကို ကျုပ် အရင် ဒီကျောင်းမှာ ကျောင်းထိုင်သွားတဲ့ ဆရာတော် ဦးဝိမလ က ထုသွားတာ၊ ကျုပ်လဲ ဒီမေးခွန်းကို ဆရာတော်ကြီးကို မေးခဲ့ဖူးတယ်၊ ဆရာတော်ကြီးက ငါ့ဒီအရပ်က ပန်းရန်၊ ပန်းပု ဆရာများကို ခြင်္သေ့ ထုခိုင်းတိုင်း ဆင်ခေါင်းကို မချိနိုင်ထဲ့ ဟိုကောင်နဲ့ သွားသွားတူနေတာနဲ့ ဆင်ပုံထုထားတာကွဲ့ လို့ ပြောခဲ့တာပါပဲ ဒကာရဲ့ " ဟု မိန့်ကြားခဲ့ပါ၏။

မလေးနိုင်ငံနှင့် ဗုဒ္ဓဘာသာ

မလေးရှားနိုင်ငံသည် အစ္စလမ်နိုင်ငံတစ်နိုင်ငံ ဖြစ်၏။ မလေးတွင် မွတ်စလင်ဘာသာဝင် ၅၃ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ ၁၇ ဒသမ ၃ ရာခိုင်နှုန်း၊ ကွန်ဖြူးစီရပ်နှင့် ထိုင်အိုဘာသာဝင်

၁၁ ဒသမ ၆ - ရာခိုင်နှုန်း၊ ဟိန္ဒူ ၇ - ရာခိုင်နှုန်း၊ ခရိယာန် ၂ ဒသမ ၆ - ရာခိုင်နှုန်း၊ ဘိုးဘွားမိဘ ကိုးရာကိုးကွယ်သူ ၂ ဒသမ ၅ - ရာခိုင်နှုန်း အသီးသီးရှိကြ၏၊ မလေးရှိ ဗုဒ္ဓဘာသာ ၁၇ ဒသမ ၃ - ရာခိုင်နှုန်းသည် ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အများစု ဖြစ်၏၊

ပီနန်ရှိ ဆရာတော် ဦးပညာဝံသ၏ ဓမ္မိကာရာမ ကျောင်းတိုက်သည် ပီနန်ကျွန်း၏ ၁၅ ခုမြောက် ကမ္ဘာလှည့် ခရီးသည်များ တအုံတဩ လာရောက် ကြည်ညိုရာနေရာ ဖြစ်၏၊

ပီလောပီနန် [Pulau Panang] ကျွန်းငယ်သည် အရှေ့တောင်အာရှ၌ ဆရာတော် ဦးပညာဝံသ၏ ဦးစီးဦးဆောင် မှုဖြင့် သာသနာ့ရောင်ခြည် ထွန်းလင်းနေသော ကျွန်းတစ်ကျွန်း ဖြစ်၏၊ ပီနန်မြို့ကို ( ဂျော့တောင်း ) ဟုလည်းခေါ်ပါ၏၊ ပီနန် သည် မလေးရှားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်၏၊ သီးခြားနိုင်ငံ တစ်ခု မဟုတ်ပါ၊

ပီနန်ကျွန်းသည် ၂၈၅ စကွဲယားကီလိုမီတာ ကျယ်ဝန်း ၏၊ ပီနန်ကျွန်း၏ မျက်နှာချင်းဆိုင်တွင် မလေးရှားနိုင်ငံ၏ ဝဲလက်စလေနယ် ရှိသည်၊ ဝဲလက်စလေနှင့် ပီနန်ကို ပီနန် တံတားဖြင့် ဆက်သွယ်ထား၏၊ ပီနန်တံတားကြီးသည် အာရှတွင် အရှည်ဆုံး တံတားကြီး ဖြစ်၍ အရှည်အားဖြင့် ၁၃ ဒသမ ၅ ကီလိုမီတာရှိ၏၊ မော်တော်ကားဖြင့် ပီနန်တံတားကို တစ်ကြိမ်

ဖြတ်ပါက မလေး ၇ - ဒေါ်လာ ပေးရ၏၊ မလေး တစ်ဒေါ်လာ သည် ထိုင်းဘတ်ငွေ ၁၀ - နှင့် ညီမျှ၏၊ ထိုပြင် ပီနန်ကျွန်းနှင့် ဝဲလက်စလေနယ်ကို အလွန်ကောင်းမွန်သော ကူးတို့ ( Ferry ) ပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်သွယ်ထားမှုလည်း ရှိသည်၊ ပီနန်တံတားပေါ်မှ မကူးလိုပါက ကူးတို့နှင့် ကူးနိုင်၏၊ ကူးတို့ များမှာ ထုံးခြောက်ရောင် ( ဖက် ) ခေါ် တွန်းသင်္ဘောများပင် ဖြစ်၏၊ ထိုတွန်းသင်္ဘောကြီးများမှာ သန့်ရှင်း၍ ကားအစီး ၂၀ ကျော် သယ်နိုင်၏၊ အပေါ်ထပ်၊ အောက်ထပ် နှစ်ထပ်ရှိ၏၊ အောက်ထပ်တွင် ကားများကို အစီအရီတင်၍ ကူးတို့အပေါ်ထပ် မှ ခရီးသွားတို့သည် ပီနန်ကျွန်းနှင့် ပင်လယ်ရှုခင်း အလှကို ခံစားရှုမျှော်ကြည့်ရင်း အပန်းဖြေ၍ လိုက်နိုင်၏၊ ထိုတွန်း သင်္ဘောများသည် ၁၅ မိနစ်တွင် တစ်ကြိမ်ကျ ထွက်နေ၏၊ ပီနန် - ဝဲလက်စလေ ကူးတို့လုပ်ငန်းသည် မည်မျှကောင်းမွန်ပါ သနည်းဆိုပါက တံတားကြီး တစ်ခုထိုးထားသကဲ့သို့ ကောင်း ပါ၏၊

ပီနန်ကျွန်း၏နောက်ခံသမိုင်းမှာ ရှေးအခါက ဤကျွန်း သည် ဒေသခံစော်ဘွားများအပိုင် ဖြစ်၏၊ ထိုစဉ်က ယိုးဒယား ( ထိုင်း ) တို့၏ တိုက်ခိုက်ခြင်းကို မကြာခဏ ခံကြရ၏၊ ထို့ကြောင့် ၁၇၈၆ ခုနှစ်တွင် ယိုးဒယား ( ထိုင်း ) တို့၏ တိုက် ခိုက်မှုမှ ကာကွယ်ရန် ကီဒါစော်ဘွားကြီးသည် ဗြိတိသျှ တို့အား ပီလေ၁ပီနန်ကျွန်းပေါ်တွင် အခြေချ ခွင့်ပြုခဲ့၏၊ နောက်တော့ ပီနန်ကျွန်းကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ပြီး ယင်းကျွန်းကို ဝေလမင်းသားကျွန်း [ Prince of Wales

**Island** ]ဟု အမည်ပေးခဲ့၏၊ ၁၈၀၀ ပြည့်နှစ်တွင် ကီဒါ စော်ဘွားသည် မလေးပြည်မ [ **Main Land** ]မှ နယ်မြေ တစ်စိတ်တစ်ဒေသကို ဗြိတိသျှတို့အား ပေးခဲ့ပြန်ကာ ယင်းပေး ခဲ့သော နယ်မြေကို ဝဲလက်စလေပြည်နယ် [ **Wellesley Province** ]ဟုခေါ်ခဲ့၏၊ ဝဲလက်စလေနယ်သည် ယခု ပီနန် ကျွန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်၏၊ ပီနန်ကျွန်းသည် အရှေ့ အာရှတွင် ဗြိတိသျှလူမျိုးတို့ ပထမဆုံး အခြေစိုက်စခန်းချ ရာဒေသဖြစ်သည်၊ ၁၈၃၂ ခုနှစ်တွင် ဗြိတိသျှတို့သည် မလက္ကာ၊ ပင်္ကာပူတို့နှင့်အတူ မလေးကျွန်းဆွယ်တစ်ခုလုံးကို သိမ်းပိုက်ခဲ့ ၏၊ မလေးရှားနိုင်ငံသည် ၁၉၅၇ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရခဲ့၏၊ ထိုအချိန်မှစ၍ ပီနန်ကျွန်းသည်လည်း မလေးရှားနိုင်ငံ၏ လွတ်လပ်သောပြည်နယ်တစ်ခု ဖြစ်လာခဲ့၏၊ မလေးနိုင်ငံသည် ဗုဒ္ဓဘာသာဝင်နိုင်ငံအဖြစ်မှ အစ္စလမ်ဘာသာ အများစု ကိုးကွယ်သောနိုင်ငံအဖြစ် ပြောင်းလဲလာမှု ဖြစ်စဉ် ကို ကျွန်တော်တို့ လေ့လာရန် လိုအပ်ပါ၏၊

ပီနန်ကျွန်း၏ ရာသီဥတုသည် မုတ်သုံရာသီဥတု ဖြစ် ၏. ကျွန်းဖြစ်၍ မိုးအမြဲရွာကာ သိပ်သည်းဆများပြားသော လေ အမြဲရ၏၊ ပီနန်ကျွန်းသည် လူဦးရေ တစ်သန်းခန့်ရှိ၏၊ ဘာသာ စကားမှာ ဘာဟာဆာ မလေးစကားဖြစ်၍ အင်္ဂလိပ်နှင့် တရုတ် ဘာသာစကားကိုလည်း ကျယ်ပြန့်စွာ ပြောဆိုသုံးစွဲခဲ့သည်၊ ပီနန်ကျွန်းပေါ်တွင် မလေး၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဥရောပတိုက်သားများနှင့် ယုဒရေးရှား လူမျိုးတို့ စုပေါင်း နေထိုင်ကြ၏၊

ပီနန်တွင် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများနှင့် ထိုင်းဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများလည်း ရှိသည်၊ လိုရောင်း မြန်မာလမ်းပေါ်ရှိ ထိုင်းဗုဒ္ဓဘာသာ ကျောင်းတော်၊ ဝပ်ချိုင်းဟာမာန်ကလရမ်တွင် ၁၈၄၅ ခုနှစ်က တည်ထောင်ထားသော ပေ ၁၀၀ ရှည်လျားသည့် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပါ၏၊ ပီနန်ကျွန်းပေါ်တွင် ပီနန်ဗုဒ္ဓဘာသာအသင်းလည်းရှိ၍ ထိုအသင်းသည် ဂျလန်အန်ဆန် [Anson ] လမ်းပေါ်တွင်ရှိ၏၊ ထိုအသင်းတည်ရှိရာ ကျောင်းတော်နေရာသည် အရှေ့တောင်အာရှ၏ တည်ငြိမ်အေးချမ်းသော ကမ္ဘာ့ဌာန်းစခန်း တစ်ခုလည်း ဖြစ်ပါ၏၊

## သာသနာ့ဒါယိကာ မထေးအမျိုးသမီးကြီး ထေးဦး

ဆရာတော်ဦးပညာဝံသက ဦးဆောင်နာယကအဖြစ် ရပ်တည်လျက် ဗုဒ္ဓသာသနာပြန့်ပွားရေးကို ဆောင်ရွက်နေသော ဓမ္မိကာရာမ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်သည် ပီနန်ရှိ ရှေးအကျဆုံးသော ထေရဝါဒ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဖြစ်၏၊ ပီနန်ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်း၏ နောက်ခံသမိုင်းကလည်း စိတ်ဝင်စားဖွယ်ရာဖြစ်၏၊

ပီနန်ကျွန်းပေါ်ရှိ ဓမ္မိကာရာမ ကျောင်းတိုက်ကို ၁၈၀၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က စတင်တည်ထောင်ခဲ့ခြင်းဖြစ်၏ ၊ ကျောင်းတိုက် တည်နေရာမြေကို ဂျော့လေတန်ဆိုသူထံမှ မလေးအမျိုးသမီးကြီးတစ်ဦးဖြစ်သူ နိုနီရာဘီလွန် [ Nonia

**Belong** ] က ဒေါ်လာ ၃၉၀ ဖြင့် ဝယ်ယူခဲ့၏၊ ထိုနောက် သာသနာ့ ဒါယိကာ ကျောင်းအမကြီးများဖြစ်သော မလေးအမျိုးသမီးကြီး နိုနီရာမိရှတ်၊ နိုနီရာကိုလိုနှင့် နိုနီရာဘုလန် တို့သည် ကျောင်းအမကြီး နိုနီရာဘီလွန်နှင့်အတူ ယင်းနေရာကို လူအများကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓဘာသာ ကျောင်းတော်ရာ အဖြစ်သတ်မှတ်၍ ထိုမြေနေရာမြတ်ကို နန်ဒီမိုလိုဟု ခေါ်ဝေါ်သမုတ်ခဲ့၏၊ ထိုမလေးအမျိုးသမီးကြီးလေးဦးသည် ပီနန်ကျွန်းဓမ္မိကာရာမကျောင်းတော်၏ ပထမဆုံး ဂေါပက အဖွဲ့ဝင်များ ဖြစ်ကြ၏၊ ထိုအမျိုးသမီးကြီးလေးဦးသည် မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင် ဗုဒ္ဓဘာသာ သာသနာမျိုးစေ့ကို အနှစ် ၂၀၀ တိုင် ခိုင်မြဲအောင် စိုက်ထူခဲ့သော ဗုဒ္ဓဘာသာ မလေးအမျိုးသမီးများ ဖြစ်၍ ကျွန်တော်တို့ အနေဖြင့် လေးစားစွာ ဂုဏ်ပြုကြရမည့်သူများ ဖြစ်ပါ၏၊

ယခုတော့ ပီနန်ကျွန်းသည် မွတ်စလင်အများစု နေထိုင်ရာကျွန်းဖြစ်၏၊ ယခုနေထိုင်သော မလေးမွတ်စလင် အမျိုးသားတို့၏ ဘေးများ၊ ဘိုးများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့သည်၊ ကျွန်တော်သည် ပီနန်ကျွန်း၏ ဗုဒ္ဓဘာသာ သမိုင်းကို လေ့လာရင်း ထိုအရပ် ထိုဒေသ၌ ဗုဒ္ဓသာသနာ ရောင်ခြည် မှေးမှိန်ခဲ့ရသည်ကို ဝမ်းနည်းလာခဲ့၏၊ ရင်ထဲ၌လည်း တစ်မျိုးတစ်မည်ခံစားခဲ့ရ၏၊ ၁၈၀၃ ခုနှစ်လွန်ကာလသည် အမရပူရခေတ် ဘိုးတော်မင်းတရားကြီး ထီးနန်းတက်ချိန် ဖြစ်၏၊ ထိုအချိန်တွင် မလေးကျွန်းဆွယ် တစ်ခုလုံးသာမက စုမတြား၊ ဂျဗား၊ ဘော်နီယို အစရှိသော ယခု အင်ဒိုနီးရှားနိုင်ငံအဖြစ် ဖွဲ့စည်းထားသော


ဒေသတစ်ဝန်းလုံးသည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရာ နယ်မြေများ ဖြစ်၏၊ အနှစ်၂၀၀ အတွင်း ထိုဒေသတွင် ဗုဒ္ဓဘာသာ မှေးမှိန်ခဲ့ရ၏၊ ကျွန်တော်သည် ပီနန်မြန်မာဘုန်းတော်ကြီး ကျောင်း၌ ရှိနေစဉ်အတွင်း ထိုဗုဒ္ဓဘာသာ မလေးအမျိုးသမီးကြီး လေးဦးအား လေးစားစွာ ဂါရဝပြုခဲ့၏၊ ဗုဒ္ဓဘာသာဝင် မလေးရှားအမျိုးသမီးကြီး လေးဦး၏ ဝိညာဉ်များသည် ဤဓမ္မိကာရာမ ကျောင်းတော်မြတ်ကြီးအား ထာဝစဉ် စောင့်ရှောက်လျက်နေမည်ဟုလည်း ကျွန်တော်သည် ယုံကြည်ခဲ့ပါ၏၊

ထိုကျောင်းတော်မြေနေရာသည် ပီနန်ကျွန်း ရာဂျာအေယာတဲလ်လို [ Tulleh Aier Rajah ] ခရိုင်အတွင်း တည်ရှိ၍ ဂရန်နံပါတ်မှာ ၁၁၆၂၊ မြေကွက်အမှတ် ၃၇၂၊ အပိုင်း ၄၊ ဂျော့တောင်းမြို့ ဖြစ်ကာ ၁၈၀၃ခုနှစ် ဩဂုတ်လ ၁-ရက်နေ့စွဲဖြင့် ဝေလမင်းသားကျွန်း၏ လက်ထောက်အုပ်ချုပ်ရေးမှူး ဖြစ်သော ဆာဂျော့လေဘရိုနတ် [ Sir George Leith Bronet ] ၏ ခွင့်ပြုချက်အမိန့် ရရှိထားသော မြေနေရာဖြစ်ပါသည်၊

ကျွန်တော်သည် ထိုင်းနိုင်ငံမှ ကွာလာလမ်ပူသို့ အသွား ပီနန်သို့ အရောက်တွင် ပထမ ကာဗျေးဟိုတယ်တွင် တည်းခိုရန် ဖြစ်သော်လည်း မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ရှိသည်၊ ထိုကျောင်းတွင်တည်းခို၍ ရသည်ဟု မလေးကားသမား ကပြောသဖြင့် ထိုကားသမား၏ အကူအညီဖြင့် ပီနန်မြန်မာ ဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော်တို့ ရောက်ခဲ့ခြင်းဖြစ်၏၊

ထိုကျောင်းသို့ လာရာတွင် ကျွန်တော်သည် ထိုင်းနိုင်ငံ အေဘက် ကောလိပ်မှ မြန်မာ ကျောင်းဆရာကြီး ဖြစ်သူ ဦးကျော်မြင့် နှင့် ပန်းချီ ဆရာ ဦးရွှေထွန်း တို့လည်း ပါသည်၊ ပီနန် ဘုန်းတော်ကြီးကျောင်းသို့ ရောက်သော် ရန်ကုန်ဆယ်မိုင်ကုန်းမှ သဘော်သား တစ်ဦးဖြစ်သူ ဦးသောင်းလှိုင်နှင့် လည်း တွေ့ရ၏၊ ကျွန်တော်သည် ထိုကျောင်းသို့ မရောက်မီ မှာတော့ မွတ်စလင် နိုင်ငံ တစ်နိုင်ငံတွင် မြန်မာ ဗုဒ္ဓဘာသာ ကျောင်းတစ်ကျောင်း တွေ့ရမည်ဟု ဆိုသဖြင့် ဘယ်လိုအနေအထားနှင့်များ တွေ့ရလေမလဲဟု စိတ်စောခဲ့သည်မှာ အမှန်ပင် ဖြစ်ပါ၏၊ မလေး ဗုဒ္ဓဘာသာကျောင်းသည် ပလီကျောင်းတော်တွေကဲ့သို့များ ဆောက်ထားမလားဟုလည်း ကြိုတင် တွေးနေမိ၏၊ ပီနန်ကျွန်းပေါ်ရှိ မြန်မာဘုန်းတော်ကြီး ကျောင်းတော်ကို ရောက်တော့ ကျွန်တော့် အတွေးအထင်များ ပါ၀င်အောင် လွဲနေသည်ကို တွေ့ရ၏၊

ပီနန် ဓမ္မိကာရာမကျောင်းသို့ ရောက်တော့ ရှေးဦးစွာ ကျောင်းရှေ့တွင် ဆင်ဖြူတော် နှစ်ကောင်နှင့် ကျောင်းမုခ်ဦး ပြာသာဒ်ကိုတွေ့လိုက်ရ၏၊ ဆင်နှစ်ကောင်မှာ သိပ်တော့အချိုးမကျလှ၊ အချိုးအဆက်က ငယ်နေ၏၊ သို့သော် ထိုခဏတွင်ပင် ထိုဆင်နှစ်ကောင်ကို ဖြည့်စွက်ကြည့်ကာ ကိုယ့်မြို့ ကိုယ့်ရွာက ဆင်ကြီးများကို တွေ့ရသလို ဝမ်းသာမိ၏၊ နောက်တော့ ကျောင်းမျက်နှာစာထောင့်တွင် မြန်မာ့ဟန်နှင့် ထီးတော်တင်ထားသော စေတီတစ်ဆူကို ဖူးမြော်ရသောအခါ စိတ်ထဲမှာ တစ်မျိုး ကြည်နူးလာမိပြန်၏၊ အချို့သော ထိုင်းစေတီများတွင် ထီးမရှိပါ၊ ကျွန်တော်သည် မလေး ပီနန်ကျွန်းရှိ မြန်မာဘုန်းတော်ကြီး ကျောင်းကို အသေအချာ ကြည့်နေမိသည်၊



**ပီနန် ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်း၏ မုခ်ဦး**

ကျောင်းအဝင်မုခ်ဦးတွင် [ Burma ( Myanmar) Buddhist Temple ] ဗုဒ္ဓဘာသာ မြန်မာကျောင်းဟု ရေးထားသည်ကိုတွေ့ရ၏၊

ကျွန်တော်သည် အဖော်များဖြစ်သော ဆရာဦးကျော်မြင့်နှင့် ဦးရွှေထွန်းတို့ ကျောင်းဝင်း အတွင်းသို့ ဝင်သွားသည့် တိုင်လိုက်မဝင်သေးဘဲ ကျောင်းပရိဝုဏ်တွင် တည်ဆောက်မှုများကို သေသေချာချာဆက် ကြည့်နေမိ၏၊ ထိုသို့ ကြည့်နေချိန်တွင် ကျွန်တော့်ရှာမှ ကျွန်တော်ငယ်ငယ်က ပညာသင်ကြားခဲ့ရာ ကဝမြို့နယ် ရစ်ကံကြီးရွာရှိ သာသန ဇောတိကပုဗ္ဗာရာမ ကျောင်းတိုက်ကို သတိရလာသည်၊ ပီနန်ကျွန်းပေါ်ရှိ ဗုဒ္ဓဘာသာမြန်မာ ဘုန်းတော်ကြီးကျောင်း၏ မုခ်အဝင် ပြာသာဒ်သည် မြန်မာ အနုပညာကို ကြိုးစား၍ ဖော်ထား၏၊ ဆင်ဖြူတော် နှစ်ကောင်ကိုလည်း မြန်မာ့ဆင် မြန်မာ့ဟန်ဖြစ်အောင် အတော်ကြိုးကြိုးစားထားသည်၊ သို့သော် လက်ရာများက တရုတ်မကို မြန်မာလို ဝတ်ခိုင်းထားသည်နှင့် တူနေ၏၊ ကျွန်တော်သည် ကျောင်းပရိဝုဏ်ကို ကြည့်ရင်း အနီးမှ အချိုရည်ဆိုင်တွင် မလေးတစ်ဒေါ်လာကိုထည့်ကာ အလိုအလျောက် ထွက်လာသော အချိုရည်တစ်ဘူးကို အေးအေးဆေးဆေး ဖောက်သောက်နေမိ၏၊

ထိုင်း၊ မလေး အစရှိသော နိုင်ငံများသည်လည်း မြန်မာနိုင်ငံကဲ့သို့ အတော်ပူသောနိုင်ငံများ ဖြစ်၏၊ ကျွန်တော်တို့သည် ပြီးခဲ့သော နေ့လယ်တစ်နာရီခန့်က ဗန်ကောက်မှ ထွက်ယာကြ၏၊ ရထားပေါ်တွင် ညအိပ်ရသည်၊ ထိုင်း၏ နယ်စပ်မြို့ ဖြစ်သော ဟပ်ချိုင်းသို့ ယနေ့မနက် ၅ နာရီတွင်ရောက်၏၊ ထိုမှ ထိုင်းမလေး နယ်စပ်ကို ကျော်၍လာခဲ့ရာ ပီနန်သို့ နေ့လယ် ၁၂ နာရီ တွင် ရောက်၏၊ ခရီးက၂၄ နာရီလုံးလုံးလာခဲ့ကြရ၍ အနည်းငယ်တော့ ပင်ပန်းနေ၏၊ ခရီးဝေးမှ လာသော ကျွန်တော့်အတွက် ကျောင်းအဝင်မှ အေးစက်နေသော အချိုရည်ဘူးလေးက အတော်ပင် လန်းလန်းဆန်းဆန်း ရှိစေပါ၏၊ အချိုရည်သောက်ရင်း ကျောင်း



ဧရာမရောင်စုံ ငါးကြင်းကြီးများရှိသည့် အရှင်ဥပဂုတ္တ
ရုပ်ပွားတော်ရှိရာ ပြာသာဒ်

၏ မုခ်ဦးနှင့် ဆင်ဖြူတော် နှစ်ကောင်၏ လက်ရာကို သေသေချာချာထပ်ကြည့်ကာ ကျွန်တော်သည် ကျောင်းဝင်းအတွင်း သို့ ဝင်လိုက်မိပါ၏၊ ဆင်ဖြူတော်နှစ်ကောင်မှာ ဆင်ပေါက်လေးနှစ်ကောင်လို ဖြစ်နေ၏၊ မည်သို့ပင်ဖြစ်စေ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သောအခါ ခပ်လှမ်းလှမ်း စေတီတော်မှ ခေါင်းလောင်းသံ၊ ကျောင်းအဝ အနီးတွင်ရှိနေသော ဗောဓိညောင်ပင်မှ အရွက်ချင်း ရိုက်သံတို့နှင့် နှံ့ယိမ်းနေသော အုန်းပင်၊ အုန်းလက်ထန်းပင်၊ ထန်းအုပ်များကို တွေ့လိုက်ရသော ကျွန်တော်သည် ဘုရား ကျောင်းကန်တို့၏ အေးရိပ်သာကို ပြေး၍ ခိုလှုံခွင့်ရသူတို့ ခစားရမှု မျိုး ခံစားခဲ့ရပါ၏ ။

ဘုရားကျောင်းကန်၏ အရိပ်ကို ဝဝလင်လင်ခိုလှုံကြည့်နေမိစဉ်မှာတော့ ဆရာဦးကျော်မြင့်နှင့် ဦးရွှေထွန်း တို့ ပြန်ရောက်လာ၏၊ အဆင်ပြေရဲ့လားဟုမေးတော့ ဤကျောင်းတွင် ကျွန်တော်တို့အား တည်းခိုရန် ခွင့်ပြုလိုက်ကြောင်း၊ သို့သော် ဤကျောင်းတိုက်၏ ဆရာတော်ကြီးမှာ စကာပူသို့သွားနေ၍ မရှိကြောင်း ဦးကျော်မြင့်က ပြော၏၊ သို့သော် ပိနန်ကျောင်းတိုက်တွင် ယခု ဆရာတော် အရှင်သုမနာစာရ ရှိကြောင်း၊ ဆရာတော်က ကျွန်တော့်အား တွေ့လိုကြောင်း ပြောသဖြင့် ကျွန်တော်သည် ဆရာတော် သီတင်းသုံးရာ နေရာသို့ လိုက်၍သွားပါ၏ ၊ ကျွန်တော်သည် အရှင်သုမနာစာရအား မတွေ့ဖူး၊ မဆုံဖူးပါ၊ သို့သော် အရှင်သုမနာစာရ၏ ဆောင်းပါးများကို ကျွန်တော်သည် မြန်မာနိုင်ငံ၌ ရှိစဉ်ကပင် ဖတ်ဖူးမှတ်ဖူးရှိသဖြင့် ဆရာတော်နှင့် ကား စာအားဖြင့် ရင်းနှီးမှု ရှိပါ၏၊

အရှင်သုမနာစာရသည် ပခုက္ကူဇာတိဖြစ်၏။ အရှင်သုမနာစာရသည် တိပိဋကပါဠိ မြန်မာ အဘိဓာန် ကျမ်းပြုဆရာတော် ဦးသီလ၏ တပည့်ရင်းဖြစ်သည်၊ အရှင်သုမနာစာရသည် အိန္ဒိယနိုင်ငံ နာလန္ဒတက္ကသိုလ်မှ ပါဠိဘာသာဖြင့် MA ဘွဲ့ရရှိပြီး ဓမ္မာစရိယအောင်မြင်ထားသူ စာချဆရာတော်တစ်ပါးဖြစ်၏၊ ဆရာတော်သည် ဟိန္ဒူ၊ ထိုင်းနှင့် အင်္ဂလိပ်စာကိုပါတတ်ကျွမ်း၏၊ ဆရာတော်သည် မြန်မာနိုင်ငံ စာပေ အသိုင်းအဝိုင်းနှင့် နီးစပ်၍ ထင်ရှားသော ဆရာတော်တစ်ပါး ဖြစ်ပါ၏။

ကျွန်တော်က ဆရာတော်အရှင်သုမနာစာရထံသွားရောက်ရာတွင် ဆရာတော်နှင့်အတူ ကရင်ပြည်နယ် ကော့ကရိတ်မှ ကရင်အမျိုးသား ဦးပဥ္စင်း ဦးကောဏ္ဍည ကိုလည်း တွေ့ခဲ့ရ၏၊ ထိုကျောင်းတွင် နောက်ပိုင်း၌ တွေ့ခဲ့ရသော အခြား ဦးပဥ္စင်းတစ်ပါးကား အရှင် အရိယဝံသ ဖြစ်၏၊ အရှင်အရိယဝံသကား အခြားသူမဟုတ်၊ ယခင်က ရေကူးချန်ပီယံ တင်မောင်နီ တို့နှင့်အတူ မြန်မာအားကစားဂုဏ်ရောင် ထွန်းပြောင်စေသော မြန်မာရေကူး ချန်ပီယံ ဦးကြည် ဖြစ်ပါ၏၊ ဦးပဥ္စင်း ဦးကြည်သည် ရေကူး ချန်ပီယံ ဘဝမှ မည်သို့မည်ပုံ ပီနန်တွင် သာသနာပြုပုဂ္ဂိုလ်အဖြစ် ရောက်နေသည်ကို မသိ၊ ဦးပဥ္စင်း ဦးကြည်ကိုတွေ့ရတော့ ကျွန်တော့်မှာ အထူးအံ့ဩခဲ့ရပြန်၏။

### ပီနန် ဓမ္မိကာရာမ ဆွန်းတော်ကြီးကျောင်း

ပီနန်ကျောင်းရှိ ဆရာတော်များက ကျွန်တော်တို့အားဝမ်းပန်းတသာလက်ခံကြပါ၏၊ ထိုနောက် ပီနန်ရှိဓမ္မိကာရာမမြန်မာဗုဒ္ဓဘာသာကျောင်းတိုက်အား လိုက်လံပြသကာ ရှင်းလင်းပြောပြပါ၏၊ ကျောင်းအတွင်း၌ကား နိုင်ငံခြားသားကမ္ဘာလှည့်

ခရီးသည်များက ဟောကစ်သုတ်၊ ဟောတစ်သုတ် ရောက်ရှိနေ၏၊ ဝင်လာကြသူများတွင် ကိုးရီးယား၊ ဂျပန်နှင့် တရုတ်အမျိုးသား တို့များ၏၊ မျက်နှာဖြူများလည်း ပါဝင်ပါသည်၊ ကိုးရီးယား၊ ဂျပန်၊ တရုတ်နှင့် အခြားကမ္ဘာလှည့် ခရီးသည်များသည် ပီနန် ဘုန်းတော်ကြီးကျောင်းတွင် ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ငွေကြေး လှူဒါန်းခြင်းများကို ပြုကြ၏၊ ပီနန် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းမှ ဂေါပကအဖွဲ့ကလည်း ကမ္ဘာလှည့် ခရီးသည်များအား လိုအပ်သည်များကို ရှင်းပြ၏၊ လက်ကမ်း ကြော်ငြာများကို ဝေငှ၏၊ ပို့စကတ်များ ကိုရောင်းသည်၊

ပီနန်ဘုန်းတော်ကြီးကျောင်းအတွင်း၌ ပင်မဘုရားရှိခိုး ဆောင်ရှိ၏၊ ထိုဘုရားရှိခိုးဆောင်မှာ ၁၈၄၂ ခုနှစ်က တည် ဆောက်ခဲ့သော ဘုရားခန်းကို တိုးချဲ့ကာ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို မြန်မာပီနန် အနုပညာရှင်များ ပေါင်းစပ်၍ ၁၉၈၈ ခုနှစ် ကတည်ထားပူဇော်သည်ဟု သိရ၏၊ ထိုသို့ ပူဇော်ခဲ့ပြီး ဘုရား ခန်းမဆောင်သစ် ဖွင့်ပွဲကို ၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်နေ့ က ကျင်းပခဲ့၏၊ ပင်မဘုရားရှိခိုးဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မှာ ဓမ္မစကြာရမုဒြာ လက္ခဏာရေး သုံးပါးနှင့်အညီ ပထမဆုံး တရား တော် ဓမ္မစကြာ ဟောကြားတော်မူနေပုံကို ထုလုပ်၍ ပူဇော် ထားခြင်းဖြစ်၏၊ ယင်းဗုဒ္ဓရုပ်ပွားတော်၏ လက်ယာအပါးတော် တွင် အရှင်သာရိပုတ္တရာပုံတော်ကို ထုလုပ်ထား၍ လက်ဝဲအပါး တော်တွင် အရှင်မောဂ္ဂလာန်၏ ပုံတော်ရှိ၏၊



**ဝမ္မိကာရာမ ကျောင်းတိုက် အတွင်းမှ ဗုဒ္ဓ ရုပ်ပွားတော်**

ထိုပြင် ဖြုဟ္မာမင်းနှင့် သိကြားမင်းတို့၏ ပုံများလည်း ဘုရားဆောင်တွင်ရှိ၏။ သိကြားမင်းသည် ဗုဒ္ဓဆံတော်ကို တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်တွင် ဌာပနာတော်မူရန် တောင်းခံ ပူဇော်နေသည့်ဟန် ထုလုပ်ထားသည်ဟု ဆိုပါသည်။

ကျောင်းတော်အတွင်း၌ လာရောက်သူတို့ အထူးစိတ်ဝင်စား၍ သပ္ပါယ်စွာတည်ရှိ ကိုးကွယ်ထားသည့် ပုံတော်မှာ ကျောင်းဝင်းအလယ်ရှိ အရှင်ဥပဂုတ္တ ရုပ်ပွားတော်ဖြစ်၏။ အရှင်ဥပဂုတ္တ ရုပ်ပွားတော်တည်ရှိရာ အဆောင်ကိုလည်း စိတ်ဝင်စားဘွယ်ရာ တည်ဆောက် မွမ်းမံပြင်ဆင်ထား၏။ ယင်းအဆောက်

အအုံသို့သွားရန် စကြံသွားလမ်းကို ရေကန်ပေါ်တွင် ဝက်ပါလမ်း အသွင်ဖြင့် တည်ဆောက်ထား၏၊ ထိုနေရာသည် ကျောင်းဝင်း ကြီးတစ်ခုလုံးတွင် ကမ္ဘာလှည့် ခရီးသည်တို့အား အဆွဲဆောင် နိုင်ဆုံး နေရာလည်းဖြစ်၏၊ အရှင်ဉပဂုတ္တ ရုပ်ပွားတော်စံပါယ် ရာ ပြာသာဒ်အောက်ရှိ ရေကန်တွင်ကား ဇရာမရောင်စုံငါးကြင်း ကြီးများက မြူးထူးနေကြသည်မှာ ကြည်နူးစရာ ဖြစ်၏၊ အရှင် ဥပဂုတ္တ ရုပ်ပွားတော်ကို ၁၈၄၀ ပြည့်နှစ်ကပင် စတင်တည်ထား ခဲ့သည်ဟု သိရ၏၊ ထိုအခါက ကျွန်းသစ်သားအဆောင်နှင့်ဖြစ် သော်လည်း ၁၉၇၆ ခုနှစ်တွင်မှ ယခု ကျောင်းဆောင်အသစ်သို့ ပြောင်းရွှေ့ထားခဲ့၏၊ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့က ထိုရုပ်ပွားတော်ကို ပြန်လည်မွမ်းမံကြ၏၊ ဒေသခံ ဗုဒ္ဓဘာသာ ဝင်တို့က အရှင်ဥပဂုတ္တ ရုပ်ပွားတော်အား အခက်အခဲများကို ကျော်လွှား၍ လိုရာဆုကို ပြည့်ဝစေနိုင်သော တန်ခိုးတော်ရှိပြီး မကောင်းဆိုးဝါးများ မကပ်နိုင်အောင် စွမ်းဆောင်နိုင်သည်ဟု အယူရှိကာ လေးစားစွာ ကိုးကွယ်ကြ၏၊

ကျောင်းဝင်းအတွင်း၌ ကမ္ဘာလုံးနှင့် ပဋ္ဌာန်းရုပ်ရုပ်တု အရုပ် နှစ်ခုလည်း ရှိသေး၏၊ ကမ္ဘာကြီး အေးချမ်းသာယာစေရန် ရည် မှန်းထုလုပ်ထားပြီး ယင်းအရုပ်၏ နောက်ခံဖြင့် နိုင်ငံခြားသား များက အမှတ်တရ ဓါတ်ပုံရိုက်ကြပါ၏၊ ကမ္ဘာလုံးနှင့် ပဋ္ဌာန်းရုပ် ရုပ်ထုမှာ ဆရာတော်ဦးပညာဝံသ၏ စိတ်ကူးဖြင့် ထုလုပ်ထား ခြင်းဖြစ်၏၊

ထိုပြင် ကျောင်းဝင်းအတွင်း၌ ရှင်သီဝလိ ပုံတော်ကို လည်း ထုလုပ်ထားသည်၊ ယင်းပုံတော်ကို ပူဇော်ခြင်းဖြင့် လာဘ် လာဘရွှင်၍ ပျော်ရွှင်ချမ်းမြေ့မှုကို ရကြသည်ဟု ဒေသခံ ဗုဒ္ဓ

“ ဘိက္ခုတို့ တစ်ကြောင်းတည်းသော ခရီးဖြင့် နှစ်ပါး မသွားကြကုန်လင့် ”

“ O Bhikkhus don't go together two in one direction ”



**ပိန်နကျောင်းဝင်းအတွင်းရှိ ကမ္ဘာလုံးနှင့် ပဥ္စရူပ ရုပ်ထုနှစ်ခု**

ဘာသာဝင်တို့က ယုံကြည်ကြ၏၊ ကျောင်းဝင်း၏ အဝင်လက်ဝဲ ဘက်ထောင့်တွင် စေတီတော်တစ်ဆူရှိ၏၊ ယင်းစေတီတော်သည် ၁၈၃၈ ခုနှစ်က တည်ထားသော စေတီငယ်ကို ငုံ၍တည်ထား ကိုးကွယ်သော စေတီဖြစ်၏၊ စေတီတော်အနီးတွင် ပိန်နဗုဒ္ဓဘာ သာကျောင်းတွင် အစဉ်အဆက် ဦးစီးဦးဆောင် ပြုတော်မူခဲ့ကြ သော ဆရာတော်ကြီးများ၏ အမည်များကို ကမ္ပည်း အက္ခရာ တင်ထား သည်၊ ထိုသို့ ကမ္ပည်းထိုးထားမှုကို ဆရာတော်


ဦးပညာဝံသ က ဆောင်ရွက်ထားခြင်း ဖြစ်၏၊ အိန္ဒိယနိုင်ငံ တာရာကာသီ ဆရာတော် အရှင်ဂမ္ဘီရဗုဒ္ဓိက “ယခုလို ကျောင်းထိုင်အစဉ်အဆက် ကမ္ပည်းထိုးထားမှုသည် ဘယ်ဘုန်းတော်ကြီးကျောင်းတွင်မှ မတွေ့ခဲ့ဘူးပါ၊ ယင်းလုပ်ဆောင်မှုကို အတုယူအပ်သည်” ဟုဆိုပါသည်၊

ပီနန် ဘုန်းတော်ကြီးကျောင်းမှ စေတီတော်၏ ထီးတော်ကို မြန်မာပြည်မှ ပေးပို့ ပူဇော်ခြင်းဖြစ်ပြီး ထီးတော်၏ ဒကာများမှာ ပြည်မြို့ ကျားပျံ ဦးအုန်းမောင်၊ ဒေါ်သန်းစိန်၊ ဦးစိန်တင်တို့၏ မိဘများ ဖြစ်ကြသော ဦးသန်းမောင်နှင့် ဒေါ်ဒေါ်ကောက်တို့ ဖြစ်ကြောင်း သိရ၏၊

## တနင်္ဂနွေနေ့ ဗုဒ္ဓဘာသာ အခြေခံသင်တန်း

ကျွန်တော်သည် ထိုကျောင်းတွင် ရက်သတ္တတစ်ပတ်မျှ တည်းခိုခဲ့၏၊ ပီနန်ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဟူးနေ့တိုင်း ကမ္မဋ္ဌာန်းလေ့လာသော သင်တန်းရှိ၏၊ တနင်္ဂနွေနေ့နှင့် စနေနေ့ ညတိုင်းတွင် ပရိတ်တော်များကို ရွတ်ဖတ်၏၊ တနင်္ဂနွေနေ့တိုင်း ကလေးသူငယ်တို့အား ဗုဒ္ဓဘာသာအခြေခံများကို သင်ကြားပေး၏၊ တနင်္ဂနွေနေ့ ဗုဒ္ဓဘာသာသင်တန်းသည် ပီနန် ဘုန်းတော်ကြီးကျောင်း၏ အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်၊ ထိုသင်တန်းသည် ဗုဒ္ဓဘာသာဝင်များအား ဗုဒ္ဓ၏ မှန်ကန်သော ဆိုဆုံးမမှုများကို စနစ်တကျ သင်ကြားပေးရာ လုပ်ငန်းတစ်ခု ဖြစ်သည်၊ များသောအားဖြင့် နိုင်ငံတကာတွင် မှန်ကန်သော ဗုဒ္ဓဘာသာ အယူဝါဒ သင်ကြားရေးသည် အထူးအရေးကြီး လိုအပ်လှပါသည်၊

ဗုဒ္ဓဘာသာကို ကိုးကွယ်ပါသည်ဟုဆိုသော်လည်း နိုင်ငံတကာတွင် ကောင်းတာလုပ်ပါက နောင်တမလွန်တွင် ကောင်းကင်သို့ ရောက်မည်၊ တရားထိုင်ပါက မိမိတို့ ဘိုးဘွား ဘီဘင်တို့ဖြင့် တမလွန်၌ ပြန်တွေ့မည်စသော အသိမျှလောက်ဖြင့်သာ အဆုံးသတ်ကာ မိရိုးဖလာကိုးကွယ်ကြ၏၊ ထို့ထက်ပို၍လည်း မသိကြ၊ ပိုသိရန် ညွှန်ကြားဖြန့်ချိသူများလည်း ရှားပါးလှ၏၊ အချို့တရုတ် အမျိုးသား ဗုဒ္ဓဘာသာဝင်တို့သည် စေတီတော်တည်ထားကိုးကွယ်မှု၏ သဘောကို မသိကြ၊ ပီနန်ကျောင်းတွင် ကျွန်တော်ရှိနေစဉ်အတွင်း တရုတ်ဗုဒ္ဓဘာသာဝင်တစ်ဦးက မြန်မာတို့ ရောက်ပါက စေတီတော်ကို ကန်တော့ကြကြောင်း၊ စေတီတော်ကို ဘာကြောင့် ကန်တော့ပါသလဲဟုမေး၏၊ ထိုအခါမှ ကျွန်တော်က စေတီတော်ကို တည်ထားကိုးကွယ်သည့် သမိုင်းနှင့် စေတီတော်ထဲတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ဆံတော် အံတော် စသည်တို့ကို ဌာပနာထားကြောင်းများ ပြောပြရာ ထိုပုဂ္ဂိုလ်များက အလွန်ကြီး အံ့ဩနေပါ၏၊ ထို့ကြောင့် ပီနန်ရှိ တနင်္ဂနွေနေ့ ဗုဒ္ဓတရားတော်သင်ကြားမှု သင်တန်းသည် အရေးကြီးသော သင်တန်းတစ်ခု ဖြစ်၏၊ ထိုသင်တန်းသည် မှန်ကန်သော ဗုဒ္ဓဘာသာကိုးကွယ်မှု စံနစ်ကို ဖြန့်ဖြူးနေသော စခန်းတစ်ခုဖြစ်၏၊ ၎င်းသင်တန်းသည် ပြည်ပ သာသနာပြုလုပ်ငန်းတွင် အလွန်အရေးကြီးသော သင်တန်းတစ်ရပ်ဖြစ်၏၊ ထိုသင်တန်းကို ပီနန်ကျောင်း၏ ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသ၏ အစီအစဉ်ဖြင့် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှစ၍ ယနေ့ထက်တိုင်သင်ကြားနေခြင်းဖြစ်သည်၊ ၁၉၇၄ ခုနှစ်တွင် တနင်္ဂနွေ သင်တန်းအတွက် သီးခြားကျောင်း ဆောက်လုပ်၍ သင်တန်းပြုလုပ်ပေးခဲ့သည်၊



ပီနန် မြန်မာ ဘုန်းတော်ကြီးကျောင်း အတွင်းမှ
စေတီတော်

ပီနန် ဓမ္မိကာရာမ ဘုန်းတော်ကြီး ကျောင်းတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ပွဲတော်များ ရှိ၏။ ယင်းတို့မှာ သင်္ကြန်ပွဲ၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ ပူဇော်ပွဲ၊ သီတင်းကျွတ်ပွဲတော်နှင့် ကထိန်ပွဲတော်များ ဖြစ်၏။ ထိုပြင် အထိမ်းအမှတ်နေ့ ပွဲတော်များနှင့် ကွယ်လွန်သူတို့အတွက် အလှူဒါနပြု အမျှအတန်း ပေးဝေသော ပွဲများကိုလည်း နှစ်စဉ်ကျင်းပ၏။ ထိုပွဲတော်များကျင်းပနိုင်ခြင်းသည် ပြည်ပ သာသနာပြု လုပ်ငန်းတွင် အရေးကြီး၏။ ဤ ပွဲတော်များသည် မြန်မာနိုင်ငံတွင် ကျင်းပမြဲ အခမ်းအနားများ ဖြစ်သော်လည်း နိုင်ငံတကာတွင်ကား သာသနာပြန့်ပွားရေးနှင့် ဗုဒ္ဓဘာသာ အသိုင်းအဝိုင်း ထူထောင်ရေးတို့အတွက် အထူးအရေးပါ၏။

## ပီနန်ကျောင်းမှ သင်္ကြန်ပွဲ

ကျွန်တော်သည် ၁၉၉၀ ပြည့်နှစ် သင်္ကြန်ပွဲတော်ကျင်းပချိန်တွင် ပီနန်ကျွန်းပေါ်၌ ရှိခဲ့၏။ သင်္ကြန်ပွဲတော် ကို ဧပြီလ ၁၃ ရက်နေ့တိုင်းတွင် ကျင်းပသည်ဟု သိရ၏၊ သင်္ကြန်ပွဲတော်ကျင်းပရန် ပွဲတော်မတိုင်မီ ဂေါပကအဖွဲ့မှ သင်္ကြန်ပွဲတော်ကျင်းပမည်ဖြစ်ကြောင်း ဖိတ်ကြားမှုများကို ပြု၏။ ပီနန်တွင် ဓမ္မိကာရာမ ကျောင်းတိုက်နှင့် ဆက်သွယ်ထားရှိသော ဒကာ ဒကာမ တစ်ရာကျော်ရှိ၏။ ထိုဒကာ၊ ဒကာမများသည် ထိုနေ့တွင်ကျောင်းသို့ စုပေါင်း ရောက်ရှိလာကြပြီး ကျောင်းဝင်းအတွင်း၌ နံနက်စောစောကပင် ချက်ပြုတ်ကြ၏။ နံနက် ၁၁နာရီတွင် ဗုဒ္ဓဘာသာ ပရိသတ်သည် ငါးပါးသီလ ခံယူကြသည်၊ ကျောင်းရှိ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်မှုများပြုကာ အနုမောဒနာပြုပြီး ဆရာတော်များက သင်္ကြန်အကြောင်းကို ရှင်းပြကြ၏။

သင်္ကြန် ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည်၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသည့် သဘောဖြစ်ပြီး နှစ်သစ်တွင် သင်္ကြန်ရေနှင့် အညစ်အကြေးတို့ကို ဆေးကြောပြီး စိတ်သစ်လူသစ်ဖြင့် နှစ်သစ်ကို ကြိုဆိုခြင်းဖြစ်ကြောင်း ဟောကြားတော်မူ၏၊ ထိုပြင် ကျောင်းသို့ ရောက်ရှိလာသော ဒကာ ဒကာမများသည် အချင်းချင်း ရေပက်ဖျန်း၍ ကိုယ်စိတ်နှစ်ပါး သန့်ရှင်းစေခြင်း၊ မြတ်စွာဘုရားအား ရေသပ္ပါယ်ခြင်း၊ ပန်း၊ ရေ၊ ဆီမီးတို့ဖြင့် ပူဇော်ခြင်း၊ သက်ကြီးဝါကြီးတို့အား ရေကန်တော့ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း စသည့် ကောင်းမှု ကုသိုလ်များကို ပြုကြ၏၊ ထိုနေ့တွင် လာသမျှသော ပရိသတ်အား ထမင်းဖြင့် ဧည့်ခံကျွေးမွေး၏၊ နိုင်ငံခြားသား မျက်နှာဖြူများ၊ ကိုရီးယားနှင့် စကော့ပုလူမျိုးများအပြင် ပီနန်ကျွန်းပေါ်မှ ဒေသခံ အချို့ပါလာရောက် ရေကစားကြ၏၊ ယင်းတို့သည် အလွန်မှ ပျော်ရွှင်ကြသည်၊

ရေပက်ဖျန်း ကစားခြင်း အလေ့အထသည် ပြည်ပတွင် ရှားပါး၍ နှစ်လိုဘွယ်ရာ အပြုအမူလည်းဖြစ်၍ ပျော်ရွှင်ကြ၏၊ ကြမ်းတမ်းစွာ ရေပက်ကစားခြင်း မဟုတ်ဘဲ ရေမွှေးနံ့သာတို့ဖြင့် ရေကိုစိုရွှဲအောင် ကစားကြခြင်းဖြစ်၏၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဒေသခံများ၊ ကမ္ဘာလှည့် ခရီးသည်များ၊ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ တစ်ဦးနှင့် တစ်ဦး ရေပက်ဖျန်းကစားကြသည်မှာ ကြည်နူးစရာဖြစ်၏၊ နိုင်ငံခြားသားများသည် အလွန်မှ ပျော်ရွှင်ကြ၏၊ ရေပက်ဖျန်း ကစားနေကြစဉ်မှာပင် ဒကာ ဒကာမတို့မှာ ကျောင်းဝင်းအတွင်း သန့်ရှင်းခြင်း၊ ဆင်းတုတော်များအား နံ့သာရေ၊ ပန်းတို့ဖြင့်ပူဇော်ခြင်းပြုလုပ်ကြ၏၊ ထိုပြင် ကြေးစည် ခေါင်းလောင်းများကိုလည်း တီးခတ်ပူဇော်ကြသည်၊




**ပီနန်မြန်မာ ဘုန်းတော်ကြီးကျောင်း အတွင်း၌**
**သင်္ကြန်အခါ၌ ရေကစားနေကြစဉ်**

ပန်းမျိုးစုံတို့၏ ပန်းပွင့်၊ ပန်းဖတ်၊ ပန်းဝတ်လွှာများဖြင့် မွှေနှောက်ထားသောရေတို့ဖြင့် ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတို့က ကျောင်းတော်အတွင်း သီတင်းသုံးကြသော သံဃာတော်များ၏ ခြေဖမိုးပေါ်သို့ လောင်းချကာ ရေကန်တော့ကြ၏၊

ပီနန်ကျွန်းတွင် မွတ်စလင်များ အများစုဖြစ်ကြသော်လည်း လူနည်းစုဖြစ်သော ဗုဒ္ဓဘာသာဝင်တို့သည် စုစုစည်းစည်းဖြင့် ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်း၏ အရိပ်ကို ခိုလှုံကာ ဗုဒ္ဓဘာသာ သာသနာ အကျိုး သည်ပိုး ထမ်းရွက် နေကြသည်မှာ အလွန်မှ အားကျစရာ၊ ကြည်ညိုသဒ္ဓါပွားစရာ ဖြစ်ပါ၏၊

## ဆရာတော် ဦးပညာဝံသ



ပြည်ပသာသနာပြု လုပ်ငန်း၏ အာဓာနည်ထစ်ပါးဖြစ်တော်မူသော ပီနန်မြို့ ဓမ္မိကာရာမကျောင်း ထိုက် ဆရာတော် ဦးပညာဝံသ


ပီနန် ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်းအား ယခုကဲ့သို့ စည်ပင်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက် ဦးဆောင်မှု ပေးနေသူမှာ ဆရာတော်ဦးပညာဝံသ ဖြစ်ပါ၏၊ ကျွန်တော်သည် ဆရာတော်ကြီးအား ပီနန်တွင်ကံ အားလျော်စွာ ဖူးတွေ့ခွင့်ရရှိခဲ့၏၊ ကျွန်တော်သည် ပီနန်သို့ ရောက်ပြီးကျောင်းသို့ ဝင်ရောက်စဉ်က ဆရာတော်ကြီးသည် စကာပူ သို့ သွားနေ၏၊ ကျွန်တော် ကွာလာလမ်ပူမှ ပီနန်သို့ ဒုတိယအကြိမ် ရောက်လာသော အခါတွင်ကား ဆရာတော် ပြန်ရောက်နေ၍ ဆရာတော်ကြီးကို ဖူးမျှော်ခွင့် ရှိခဲ့၏၊

ပိနန်မြို့ ဓမ္မိကာရာမ ဆရာတော်ကြီး ဦးပညာဝံသသည် ဇရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဆင်ကူးကျေးရွာ ဇာတိဖြစ်၏၊ ဝါးခယ်မတွင်ဆင်ကူးရွာ နှစ်ရွာရှိ၍ ဆရာတော်ကြီး၏ ဇာတိမှာ ကျုံတိုင်ဆင်ကူးရွာ ဖြစ်သည်၊ ဆရာတော်၏ ခမည်းတော်နှင့် မယ်တော်တို့မှာ ဆင်ကူးရွာနေ အဖဦးဘတုနှင့် အမိဒေါ်ကြည်တို့ ဖြစ်ကြ၏၊ ဆရာတော်သည် ဦးဘတုနှင့် ဒေါ်ကြည်တို့၏ ဒုတိယမြောက်သား ဖြစ်သည်၊ ငယ်မည်မှာ မောင်တင်ညွန့်ဖြစ်၏၊ ဆရာတော်ကြီး၏ မွေးချင်းတို့မှာ ဦးကံညွန့်နှင့် ဒေါ်အေးရီတို့ဖြစ်၏၊ ဦးကံညွန့်သည် အကြီးဆုံးဖြစ်၍ ဒေါ်အေးရီသည် အငယ်ဆုံးဖြစ်၏၊

ဆရာတော်လောင်းလျာ မောင်တင်ညွန့်ကို ၁၉၂၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က မွေးဖွားသန့်စင်ခဲ့၏၊ ဆရာတော်လောင်းလျာ မောင်တင်ညွန့်သည် အသက် ၁၄ နှစ်အရွယ်မှ စ၍ သာမဏေ ဘောင်သို့ဝင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ခမည်းတော်နှင့် မယ်တော်များ ဖြစ်ကြသော ဦးဘတုနှင့် ဒေါ်ကြည်တို့က ပစ္စည်းလေးပါး တာဝန်ယူ၍ ဇာတိ ဆင်ကူးကျောင်းတိုက်တွင် ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်လိုက်ကြ၏၊ ဆရာတော်လောင်းလျာ ရဟန်းတော်ဦးပညာဝံသသည် ဝါးခယ်မ၊ ညောင်တုန်းနှင့် မန္တလေးမြို့ရှိ ထင်ရှားသော ဆရာတော်ကြီးများထံတွင် ဗုဒ္ဓဘာသာကျမ်းဂန်စာပေများကို လေ့လာဆည်းပူး သင်ကြားခဲ့၏၊ ထိုနောက် ၁၉၅၃ ခုနှစ်တွင် မြေနီကုန်း၊ ရန်ကင်းလမ်း၊ ဦးထွန်းတင်၊ ဒေါ်ကြည်တို့က ပစ္စည်းလေးပါး တာဝန်ယူ၍ ရန်ကုန်မြို့ အလယ်တောရ ကျောင်းတိုက်တွင် ဒုတိယအကြိမ် ရဟန်းအဖြစ် သိက္ခာထပ်ခဲ့၏၊ ဆရာတော်သည် ဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏၊ ထိုကြောင့် ဆရာတော်

ကြီးသည် ၁၉၅၃ ခုနှစ်က မြန်မာနိုင်ငံတော်အစိုးရမှ သာသနာ ဝဇသီရိပဝရဓမ္မာစရိယ ( ဗုဒ္ဓသာသနာကထိက ) ဘွဲ့ဖြင့် ဂုဏ်ပြု ဆက်ကပ် လျှုဒါန်းခြင်းကို ခံခဲ့ရ၏။

ဆရာတော်ကြီးသည် နောက်ပိုင်း၌ ကိုကိုးကျွန်းသာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်အစိုးရ၏ ရွေးချယ်ခြင်းကို ခံခဲ့ရ၏။ ဆရာတော်ကြီးသည် နိုင်ငံတော်မှ ပေးအပ်သော ကိုကိုးကျွန်းသာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့၏။ ထို့နောက် ဆရာတော်ကြီးသည် သီရိလင်္ကာ နိုင်ငံသို့သွားရောက်ကာ သာသနာရေးကိစ္စများကို ဆောင်ရွက်ခဲ့၏။ ဆရာတော်ကြီး ဦးပညာဝံသသည် အိန္ဒိယနိုင်ငံပိုင် အန်ဒမန်ကျွန်းတွင် နေထိုင်၍ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ပြီး အက်ဒမန် ဗုဒ္ဓဘာသာသာသနာပြုမစ်ရှင်ကို အောင်မြင်စွာ ဖွဲ့စည်းခဲ့၏။ ထိုမစ်ရှင်မှ တစ်ဆင့် ဗုဒ္ဓ၏ အဆုံးအမများ ဝိပဿနာတရား အားထုတ်နည်းများကို ပြန့်ပွားစေခဲ့ပါ၏။ ထို့ပြင် ဆရာမတော်ကြီးသည် ၁၉၆၃ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ၏ အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာအသင်း၏ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် နာယကဆရာတော်အဖြစ် ရွေးချယ်ခြင်းကို ထပ်မံခံခဲ့ရ၏။ ထို့ကြောင့် ဆရာတော်ကြီးသည် ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အိန္ဒိယနိုင်ငံတောင်ပိုင်း ဌာနခွဲ ၁၃ ခုတွင် သာသနာပြု လုပ်ငန်းများကို စီမံခန့်ခွဲသူအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့၏။ တစ်ဖန် ၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ စမ်းချောင်းမြို့နယ် ရှမ်းလမ်းရှိ အောင်မင်္ဂလာ သိဒ္ဓိပါဠိတက္ကသိုလ်တွင် စာချဆရာတော်အဖြစ် ထမ်းရွက်ခဲ့၏။





**ပီနန်မြို့ မြန်မာဘုန်းတော်ကြီးကျောင်း အခမ်းအနား တစ်ခုတွင် မြန်မာသံဃာတော်များ ဇယမင်္ဂထာသ တရားတော်ကို ရွတ်ဆိုတော်မူစဉ်**

ဆရာတော်ကြီးသည် ၁၉၇၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံအစိုးရက ပီနန်ရှိ မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် ပဓာနနာယက ကျောင်းထိုင်ဆရာတော် အဖြစ် ရွေးချယ်စေလွှတ်တော်မူသဖြင့် ထိုနှစ်မှစ၍ မလေးရှားနိုင်ငံ ပီနန်မြို့သို့ သွားရောက် ကျောင်းထိုင်တော်မူခဲ့၏။ ဆရာတော် ဦးပညာဝံသသည် မလေးရှားနိုင်ငံ၌ သာသနာပြုနေထိုင်စဉ် ကာလအတွင်း မလေးရှား ဗုဒ္ဓဘာသာ လူငယ်များ အသင်းကို တည်ထောင်ဖွဲ့စည်းခဲ့၏။ ထိုပြင် ထိုကျွန်း၌ ဆရာတော်သည် ဗုဒ္ဓသာသနာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အဖြစ်လည်း ဆောင်ရွက်လျက်ရှိ၏။

## ကမ္ဘာကို ပတ်အောင် သာသနာပြုနေသူ

ဆရာတော်ကြီးသည် နိုင်ငံတော်မှ ပေးအပ်သော သာသနာ့တာဝန်ကို မလေးရှားနိုင်ငံတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ရုံဖြင့် အားမရနိုင်သောကြောင့် ၁၉၇၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား ပြည်နယ် လောစ့်အိန်ဂျယ်လိစ်မြို့တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကို တည်ဆောက်ခဲ့၏။ ထို့ပြင် လောစ့်အိန်ဂျလိစ်မြို့ရှိ အရှေ့တိုင်း ဘာသာ လေ့လာရေး တက္ကသိုလ်၌ ဗုဒ္ဓအဘိဓမ္မာ ဘာသာရပ်ဆိုင်ရာ ကထိကအဖြစ်



သာသနာ့ဘောင်သို့ ဝင်ရောက်ထော်မူ နေကြသော ပီနန်မြို့မှ တရုတ် အမျိုးသား သာမဏေ နှစ်ပါး၊

လည်း တာဝန်ယူခဲ့၏။ ဆရာတော်ကြီးသည် ကာလီဖိုးနီးယား ပြည်တောင်ပိုင်း ဗုဒ္ဓသာသနာသံဃာ့ကောင်စီ၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်း ဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် ဆရာတော် ဦးပညာဝံသသည် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း အသစ်ကို ၁၉၈၅ ခုနှစ်က စင်္ကာပူနိုင်ငံ အမှတ်၂၄ တိုင်ကျင်းလမ်းတွင် တည်ထောင်ခဲ့၏။

ထို့ပြင် ဆရာတော် ဦးပညာဝံသသည် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းတော်အသစ်ကို ၁၉၈၆ ခုနှစ်က ဩစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့တွင်လည်းကောင်း၊ ၁၉၈၇ ခုနှစ်က အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ်ကနေဒါနိုင်ငံ တိုရန်တိုမြို့တွင်လည်းကောင်း ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း အသစ်များကို အသီးသီး တည်ထောင်တော်မူခဲ့သည့် သာသနာ့အာဇာနည် ဆရာတော်တစ်ပါးဖြစ်၏။ ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ကမ္ဘာအရပ်ရပ်တွင် များစွာသော ကမ္မဋ္ဌာန်းကျောင်းများ၊ ကမ္မဋ္ဌာန်း အလုပ်စခန်းများကို ဖွင့်လှစ်ခဲ့၏။ ဆရာတော်ကြီးသည် သီရိလင်္ကာ၊ အိန္ဒိယ မလေးရှား၊ ထိုင်း၊ စင်္ကာပူ၊ ဂျပန်၊ အမေရိကန်၊ ကနေဒါနှင့် အင်္ဂလန် အပါအဝင် ဥရောပနိုင်ငံတလွှားနှင့် ဗုဒ္ဓသာသနာ့ရောင်ခြည်ကို ကမ္ဘာပတ်အောင် အနှစ် ၃၀ လုံးလုံး မနားမနေ ဆောင်ရွက်ခဲ့သော ဆရာတော်ကြီးလည်း ဖြစ်ပါ၏။

ဆရာတော်ကြီးသည် ထိုကဲ့သို့ သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်နေသဖြင့် ခမည်းတော်ဖြစ်သူ ဦးဘတုကွယ်လွန်စဉ်က ကိုကိုးကျွန်းသို့ သွားရောက် သာသနာပြုနေ၍၊

ခမည်းတော်အား မတွေ့လိုက်ရဘဲရှိ၏၊ အလားတူပင် မယ်တော်ကြီးဒေါ်ကြည် ဘဝတစ်ပါးပြောင်းသွားချိန်တွင်လည်း ပီနန်မြို့ဘုန်းတော်ကြီးကျောင်းကို တာဝန်ယူ စောင့်ရှောက်နေရသဖြင့် မတွေ့လိုက်ရ၊ မမြင်လိုက်ရဘဲ ရှိခဲ့ပါ၏၊ အလားတူပင် နောင်တော်ကြီး ဦးကံညွန့် ညောင်တုန်းမြို့တွင် ကွယ်လွန်စဉ်ကလည်း အမေရိကန်နိုင်ငံ လောစ့်အိန်ဂျလိစ် မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်ကို ပြုစုစောင့်ရှောက်နေရ၍ မလာရောက်နိုင်ဘဲ ရှိခဲ့၏၊ နှမအငယ် မအေးရီကွယ်လွန်စဉ်ကလည်း သာသနာရေးကိစ္စများကို ကြိုးပမ်းနေရ၍ ညီမငယ်အား မတွေ့လိုက်ရဘဲရှိ၏၊

ယခုအခါ ဗုဒ္ဓသာသနာ့ရောင်ခြည်သည် အနောက်ကမ္ဘာတွင် စတင်ထွန်းလင်းလာပြီဖြစ်ရာ အမေရိကန်နိုင်ငံတွင် မြန်မာဘုန်းတော်ကြီးကျောင်း ကိုးကျောင်း ရှိပါ၏၊ ထို ကိုးကျောင်းအနက် ၁၉၈၀ ပြည့်နှစ်က ဆရာတော် ဦးပညာဝံသ တည်ထောင်သော မြန်မာ ဘုန်းတော်ကြီးကျောင်းသည် ပထမဆုံး မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်သည်၊ အနောက်ဥရောပတွင် ထေရဝါဒ ဗုဒ္ဓဘာသာအား လေ့လာလိုက်စား ယုံကြည်သူများ တစ်စတစ်စ ပေါ်များလာ၏၊ နောင်တစ်ခေတ်တွင် အမေရိကနှင့် ဥရောပသည် ဗုဒ္ဓသာသနာ ထွန်းကားရာ အရပ်ဖြစ်လာနိုင်ပါ၏၊ ထိုသို့ဖြစ်လာပါက အမေရိကနှင့် ဥရောပ၌ ဗုဒ္ဓသာသနာ အလင်းရောင် ထွန်းညှိရာတွင် ဆရာတော်သည် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဆရာတော်တစ်ပါး ဖြစ်မည်ဧကန်ဖြစ်ပါ၏၊

ဆရာတော်ကြီးသည် စင်္ကာပူနိုင်ငံ၌ သာသနာပြုရာတွင် မြန်မာကျောင်းတိုက်ကြီးကို စင်္ကာပူဒေါ်လာ သုံးသန်းခန့် ကုန်ကျခံကာ တည်ဆောက်ခဲ့၏၊ ဆရာတော်ကြီးသည် ကမ္ဘာအနှံ့အပြား

တွင် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်ရာတွင် မြန်မာမှု မြန်မာဟန်များ ပေါ်လွင်စေလိုသော ဆန္ဒ များစွာရှိ၏၊ ထိုသော် ထိုင်းနိုင်ငံကို ကျော်သည်နှင့် မြန်မာမှု မြန်မာဟန်များမှာ အလွန်ရှားပါးပြီး မြန်မာမှုကို ပီပြင်အောင်ထုလုပ်နိုင်သော ဗိသုကာများလည်း အလွန်ရှားပါး၏၊ ထို့ကြောင့် ပီနန်ရှိ ဆရာတော် ကျောင်းတိုက်တွင် ပြုလုပ်ထားသည့် မြန်မာမှု မြန်မာဟန်များမှာ မြန်မာမှု မြန်မာဟန် စစ်စစ် မဟုတ်ဘဲ၊ တရုတ်လက်သမားများက ပြုလုပ်သည့် မြန်မာမှု မြန်မာဟန်များဖြစ်၍ တရုတ်အရိပ်အငွေ့များ သမ်းနေသည်ကို တွေ့ရပါ၏၊ ဤသည်ကို ဆရာတော်က လုံး၀ မလိုလားဘဲရှိရာ ဆရာတော်ကြီးသည် စင်္ကာပူနိုင်ငံတွင် မြန်မာဘုန်းတော်ကြီး ကျောင်းတိုက်ကိုတည်ဆောက်ရာတွင် မြန်မာနိုင်ငံတော် အစိုးရ အပါအ၀င် ဓေတနာရှင်များ၊ နိုင်ငံခြား သာသနာပြု လုပ်ငန်းကို စိတ်အားထက်သန်သူ ပုဂ္ဂိုလ်များနှင့်တွဲ၍ မြန်မာမှု မြန်မာဟန်ပေါ်လွင်ရေးကို ကြိုးစားခဲ့ပါ၏၊

စင်္ကာပူကျောင်းတိုက်တွင် ဆင်းတုတော်တစ်ဆူကို တည်ထားကိုးကွယ်ရာ ကျောက်သား ဆင်းတုတော်၏ လက်ရာသည် တစ်မူထူးခြားသပ္ပါယ်ကာ ကြည်ညိုဘွယ်ရာဖြစ်၏၊ ဤဆင်းတုတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ နီးပါးက မြန်မာနိုင်ငံမှ ပင့်ဆောင်လာသော ဆင်းတုတော်ဟုသိရ၏၊

ဆရာတော်ကြီးသည် ပီနန် ဓမ္မိကာရာမ ကျောင်းတိုက်၏ နောက်မြေလွတ်နေရာတွင် ဗုဒ္ဓ၀င်ရှစ်ခန်း သို့မဟုတ်၊ အောင်ခြင်းရှစ်ပါးပုံများကို ရုပ်လုံး၊ ရုပ်ကြွများနှင့် တည်ဆောက်ရန် စိတ်ကူးလျက်ရှိပါ၏၊ စင်္ကာပူမှ ကျောင်းကြီးပြီးပါက ပီနန် ဓမ္မိ

ကာရာမ ကျောင်းတိုက်အား ဆက်လက်မွမ်းမံရန် ဆရာတော်ကြီး ရှုဦးစားလျက် ရှိပါသည်။ ဆရာတော်ကြီးသည် ပီနန်ရှိ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းအား တိုးချဲ့မွမ်းမံရာတွင် မြန်မာနိုင်ငံမှ စေတနာထား ကူညီဆောင်ရွက်နိုင်ကြမည့် မြန်မာ အနုပညာရှင်များထံမှ ကောင်းမွန်သော အကြံဉာဏ်များကို ရရှိရန် လိုလိုလားလား ရှိနေပါ၏။ မြန်မာ အနုပညာရှင်များထံမှ မည်သူမဆို ပန်းချီ၊ ပန်းပု၊ အင်္ဂတေရုပ်လုံး ရုပ်ကြွများ ပီနန်ကျွန်းတွင် ဖော်ထုတ်ရေးအတွက် ပညာရပ်အားဖြင့်ဖြစ်စေ၊ စေတနာအားဖြင့်ဖြစ်စေ ကူညီကာ ကမ္ဘာ့သာသနာပြုလုပ်ငန်းကြီးတွင် ပါဝင်ဆောင်ရွက်လိုပါက မည်သူမဆို ဆက်သွယ်ဆောင်ရွက်နိုင်ပါ၏။ မြန်မာ့ရိုးရာ ပန်းပညာရှင်ကြီး ဦးအေးမြင့်က မိမိတတ်စွမ်းသမျှသော ပညာဖြင့် ဆရာတော်၏ သာသနာပြုလုပ်ငန်းကို ပူဇော်ရန် ကတိပြုထားပါ၏။

မြန်မာ့နိုင်ငံတွင် မြန်မာ့ဟန် မြန်မာ့အနုပညာများဖြင့် ပူဇော်မွမ်းမံနိုင်သူတို့ပေါ၏။ အခြားတစ်ပါးသော နိုင်ငံတွင်ကား ရွှေထက်ငွေထက်ပင် ရှား၏။ ထို့ပြင် သာသနာပြု လုပ်ငန်းကို မြန်မာမှုများနှင့်တွဲဖက်၍ ကမ္ဘာသို့ပြန့်ရေးလုပ်ငန်းမှာ အရေးကြီးလှပါ၏။ ထိုလုပ်ငန်းတွင်ဆရာကြီး ဦးအေးမြင့်က စွမ်းစွမ်းတမံကူညီ ပါဝင်ဆောင်ရွက်မည်ဟု ကတိပေးထားခြင်း အတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ပါ၏။

ဆရာတော် ဦးပညာဝံသသည် ကမ္ဘာ့သာသနာပြု လုပ်ငန်းကို အားကြိုးမာန်တက် လုပ်ဆောင်နေသည်မှာ အလွန်မှကြည်ညို အားကျဖွယ် ဖြစ်ပါ၏။ ဆရာတော်ကြီးသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်နှင့် အင်းမဟာတစ်မြို့များ၊ ဩစတြေ

လျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ပီနန်ကျွန်းများပေါ်တွင် သာသနာ့ မဏ္ဍိုင်ကြီးများကို အခြေခိုင်ခိုင်စိုက်၍ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးကို မဆုတ်မနစ်သော ခွန်အားဖြင့် စိုက်ထုတ်လျက် စွယ်စုံဆင်ပြောင်ကြီးသည် မိမိလိုရာခရီးကို သွားရာတွင် တည့်မတ်မှန်ကန်စွာ သွားရောက်သည့်အလား ကမ္ဘာပေါ်တွင် သာသနာပြု ခရီးလမ်းကို ဖောက်လုပ် တည်ဆောက်လျက်ရှိသည်မှာ ကြည်ညိုအားတက်ဖွယ်ရာ ဖြစ်ပါ၏။ တကယ်တော့ နိုင်ငံတကာတွင် သာသနာပြုလုပ်ငန်း လုပ်ဆောင်သည့် အချက်များသည် လွယ်ကူသော အလုပ်မဟုတ်ပါ။

မိမိသာသနာပြုမည့် နိုင်ငံ၏ ဘာသာစကားကို တတ်ကျွမ်းရန်၊

ဗုဒ္ဓတရားတော်ကို ကမ္ဘာ့အဆင့်မီ သိရှိတတ်ကျွမ်းရန်၊

အခြား တစ်ပါးသော နိုင်ငံများ၊ ဘာသာဝင်များ၏ အလယ်တွင် အကျင့်သိက္ခာနှင့်အညီ နေထိုင်ရန်၊

စာပေ ပရိယတ္တိ သာမက ကမ္မဋ္ဌာန်း ဘာဝနာပါ ဘက်စုံဦးဆောင်မှုပေးနိုင်သော အရည်အသွေးများ လိုအပ်ပါသည်။

## ပြည်ပသာသနာပြု အာဘောနည်းများကို အထိုရှိသည်။

ပြည်ပသာသနာပြု လုပ်ငန်းသည် ပြည်တွင်းသာသနာပြု လုပ်ငန်းနှင့် ခြားနားမှု ရှိ၏။

ပြည်တွင်း သာသနာပြုရသည်မှာ ယုံကြည်ပြီးသော သူတို့အား လက်တွေ့လုပ်ဆောင်အောင် ဟောပြောစည်းရုံးခြင်းဖြစ်၍ ပြည်ပ သာသနာပြုလုပ်ငန်းမှာ မယုံကြည်သေးသောသူတို့အား ယုံကြည်မှုရှိလာအောင် စည်းရုံးဆောင်ရွက်ရသော လုပ်ငန်းဖြစ်၏။

ပြည်တွင်း သာသနာပြုလုပ်ငန်းသည် ခိုင်မာသောလုပ်ငန်းကို ထပ်မံ မွမ်းမံရခြင်းဖြစ်၍ ပြည်ပ သာသနာပြု လုပ်ငန်းဘာမှမရှိသော နေရာတွင် အသစ် တည်ဆောက်ရခြင်း ဖြစ်၏၊

ပြည်တွင်း သာသနာပြု လုပ်ငန်းသည် ယုံကြည်သူများအတွင်း ဆောင်ရွက်ရ၍ မိမိတို့မှာ အများစုဖြစ်၏၊ ပြည်ပသာသနာပြု လုပ်ငန်းသည် မသက်ဝင်သေးသူတို့အတွင်း၊ မသိနားမလည်သူများအတွင်း ဆောင်ရွက်ရ၍ မိမိတို့က လူနည်းစုအနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်၏၊

သာသနာပြု လုပ်ငန်းသည် မြတ်စွာဘုရား ကိုယ်တော်တိုင်က ဆောင်ရွက်သောလုပ်ငန်း၊ ဘုရားကိုယ်တော်တိုင်က ထိုလုပ်ငန်းကို လုပ်ကြဟု လမ်းညွှန်ခဲ့သော လုပ်ငန်းဖြစ်၏၊

ပြည်ပသာသနာပြုလုပ်ငန်းသည် ဘာသာတရား အရှည်တည်တံ့မှုတွင် အရေးကြီးသောလုပ်ငန်းဖြစ်၏၊ ယနေ့ ဗုဒ္ဓသာသနာတော် ပြန့်ပွားတည်ရှိနေခြင်းသည် သာသနာပြုလုပ်ငန်းများကြောင့် တည်တံ့နေခြင်း ဖြစ်၏၊ ဘုရား သာသနာသည် အိန္ဒိယကျွန်းဆွယ်တွင် စတင်ထွန်းကားခဲ့၏၊ သို့သော် ဗုဒ္ဓဘာသာ စတင်ထွန်းကားရာ အိန္ဒိယကျွန်းဆွယ်တွင် ယခုအခါသာသနာသည် ကွယ်ပျောက်လျက် ရှိနေပြီ ဖြစ်၏၊ ယခု မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း အစရှိသော နိုင်ငံများ၌ ဗုဒ္ဓဘာသာထွန်းကားနေခြင်းသည် သာသနာပြု လုပ်ငန်းမှတစ်ဆင့် ပြန့်ပွားလျက်ရှိနေခြင်း ဖြစ်၏၊ နောင်တစ်ချိန်တွင် ယနေ့သာသနာ့ရောင်ခြည်ထွန်းလင်းနေပါသည် ဟုဆိုသော နေရာများတွင် ဘာသာသာသနာ ယုံကြည်ကိုးကွယ်မှုများ မလျော့ပါးဟု ပြော၍မရပါ၊

ထိုသို့ လျော့ပါးလာပါက ကမ္ဘာ့ သာသနာပြု လုပ်ငန်းကြောင့် အခြား ကမ္ဘာ တစ်နေရာတွင် ထွန်းကား စည်ပင်နေနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာကို ယုံကြည် သက်ဝင်သူတိုင်းသည် မိမိတို့သာသနာ အဓွန့်ရှည်စွာ တည်တံ့နိုင်ရေး အတွက် အားပေးရမည်၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင် ဆောင်ရွက်ကြရမည်ဖြစ်၏၊ ထိုကိစ္စကို အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ပါ၏၊ ယခုအခါ ပြည်ပသာသနာပြု လုပ်ငန်းဆောင်ရွက်သူ သာသနာ့ အာဇာနည်များ နည်းပါး၏၊ ပြည်ပသာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်မည့် ငယ်ရွယ်သူများကို ပြုစုပျိုးထောင်ကြရမည် ဖြစ်၏၊ ယနေ့ ဘုရားသာသနာတော်တွင် ပြည်ပသာသနာပြု အာဇာနည် ရဟန်းပုဂ္ဂိုလ်များ လိုအပ်လျက်ရှိပါ၏၊

ပြည်ပသာသနာပြုလုပ်ငန်း လုပ်ဆောင်နိုင်မည့် ပုဂ္ဂိုလ်တို့အား ချက်ချင်း ပြုစုပျိုးထောင်၍ မရ၊ ငယ်ရွယ်စဉ်မှ စ၍ ဗုဒ္ဓဘာသာ စာပေကို လေ့လာခြင်း၊ မြန်မာ့ ရိုးရာ ဓလေ့စရိုက်များကို သိရှိခြင်း၊ မြန်မာ့ ယဉ်ကျေးမှုကို သိရှိ လိုက်နာခြင်း၊ နိုင်ငံနှင့် သာသနာအား ချစ်မြတ်နိုးခြင်း၊ မြန်မာစာပေနှင့် ပါဠိစာပေအပြင် အင်္ဂလိပ်စာနှင့် မိမိသာသနာပြုမည့် အရပ်ဒေသမှ လူမျိုးတို့၏ ဘာသာစကားကို ကျွမ်းကျင်ခြင်း၊ ထိုလူမျိုးတို့၏ ဓလေ့စရိုက်ကို နားလည်ခြင်း၊ စိတ်ကောင်းရှိခြင်း၊ ဝိနည်းလေးစားခြင်း၊ ထိုးထွင်းဉာဏ်ရှိခြင်း၊ ကမ္ဘာ့ဗဟုသုတနှင့် ပြည့်စုံခြင်း၊ သမိုင်း၊ သိပ္ပံနှင့် ပထဝီဘာသာရပ်များကို တတ်သိနားလည်ခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း၊ ဘဝကို မိမိသာသနာတော်အတွက်

ပေးအပ်လှူဒါန်းထားပြီးဖြစ်ခြင်း၊ ဖွဲ့လုံ့လ၊ ဝီရိယထက်သန်ခြင်း၊ စွန့်စားလိုခြင်း အစရှိသော အရည်အသွေးများ ရှိရန် လိုအပ်၏။

ထိုအရည်အသွေးများ မရှိပါက ပြည်ပသာသနာပြုလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ပြည်ပသာသနာပြု ပုဂ္ဂိုလ်များ ပေါ်ထွန်းလာရေးအတွက် ငယ်ရွယ်စဉ်မှစ၍ ပြုစု ပျိုးထောင်ကြရမည် ဖြစ်၏။ လူငယ်များ၊ ကိုရင်၊ ဦးပဥ္စင်းငယ်များသည် မိမိတို့ ဘဝတွင် ကမ္ဘာ့သာသနာပြု လုပ်ငန်းလုပ်ဆောင်မည်ဟူသော ဘဝရည်မှန်းချက်များ ထားရှိကာ ဆောင်ရွက်နိုင်မည့် သူများဖြစ်ပါ၏။

ပြည်ပသာသနာပြုလုပ်ငန်းသည် မည်မျှခက်ခဲသနည်းဟုဆိုပါက ဤစာအုပ်၏ အမှာစာတွင် ဗာရာဏသီ ဆရာတော်ရေးသားထားသကဲ့သို့ ပီနန်၌ ဆရာတော် ဦးပညာဝံသသည် သာသနာပြုလုပ်ငန်း လုပ်ဆောင်မည်ဟု ဆိုပါက မလေးရှားနိုင်ငံအစိုးရထံမှ အလုပ်လုပ်ခွင့် ( **Work Permit** ) ရရှိရန်လို၏။ တရားဟောခြင်း၊ သီလပေးခြင်းကို အသက်မွေးဝမ်းကျောင်းအလုပ်နှင့် အတူတူ သဘောထား၏။ မလေးတွင် ရဟန်းများ **Work Permit** မရှိပါက မည်သူမျှ တရားဟောခွင့်မရှိ၊ **Work Permit** မရှိဘဲ တရားဟောပါက ဥပဒေနှင့်ညီစွမ်းသဖြင့် တရားစွဲဆိုလျှင်ရ၏။ မြန်မာနိုင်ငံတွင်ကား အလွန်မှလွတ်လပ်လှပါ၏။ မည်သည့်ဘာသာမဆို လွတ်လပ်စွာ တရားဟောပြောခွင့်ရှိကြပါ၏။ အလုပ်လုပ်ကိုင်ခွင့် မရှိသူများသည် မလေးနိုင်ငံတွင် တစ်ကြိမ်တွင်သုံးလသာ တစ်ဆက်တည်း နေခွင့်ရှိ၏။ သုံးလပြည့်ပါက နိုင်ငံမှထွက်ပေးရ၏။ ထို့ကြောင့် မလေးတွင် သာသနာပြုနေကြသော ဆရာတော် ဦးပညာဝံသ အပါအဝင်



လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်က မြန်မာနိုင်ငံမှ ပင့်ဆောင်ခဲ့ပြီး ယခုအခါ စင်္ကာပူနိုင်ငံ ၁၇–ကင်ထာ ထမ်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ကိန်းဝပ်တော်မူနေသည့် ထူးခြားသပ္ပါယ်လှသော ဗုဒ္ဓကျောက်ဆင်းတုတော်အား ဖူးမြော်ရစဉ် (မြန်မာနိုင်ငံမှထွက်သွားပြီးသော် ဗုဒ္ဓစေတီတော်၊ ဆင်းတုတော်စသည်တို့ကို အလွန်ရှားပါးစွာ ဖူးမြော်တွေ့မြင်ရပါ၏။)

အခြားသော ဆရာတော်များသည် မလေးတွင် သုံးလနေပြီးပါက Stay ရှောင်ကြရ၏၊ ဆရာတော်ကြီး ဦးပညာဝံသသည် ထိုကဲ့သို့ သုံးလတစ်ကြိမ် Stay ရှောင်ရာမှ ယခုအပတ် ရှောင်ရာတွင် စင်္ကာပူ သွားလိုက်၊ နောက်တစ်ခါ အမေရိကသွား၊ နောက်တစ်ကြိမ် ကနေဒါသွားဖြင့် ကမ္ဘာသို့ လှည့်ပတ်သွားဖြစ်ရာမှ ဆရာတော်သည် ရောက်ရာအရပ်တွင် ဘုရား သာသနာတော်အတွက် မလျှော့သော ဇွဲဖြင့် သာသနာပြုခဲ့ရာ ဆရာတော်ကြီးသည် လော့စ် အိန်ဂျလိစ်၊ အင်းမဟတ်စ်၊ စင်္ကာပူ၊ ဩစတြေလျ၊ တိုရန်တို အစရှိသောမြို့များတွင် မြန်မာဘုန်းတော်ကြီးကျောင်းများကို တည်ထောင်နိုင်ခဲ့၏၊ ဆရာတော်ကြီးသည် ဖြစ်ပေါ်လာသော အခြေအနေကို ရေစုန်လိုက်ကာ ကမ္ဘာ့သာသနာပြုလုပ်ငန်းကို ပေးသည့် အခြေအနေတွင် ဖြစ်အောင် လုပ်နိုင်စွမ်းရှိသော ဆရာတော်ကြီး ဖြစ်၏၊

ပြည်ပတွင် သာသနာပြုရန် ရဟန်းသံဃာများ ရှားပါးလှ၏၊ ပြည်ပတွင် ဗုဒ္ဓဘာသာကျောင်းချင်း အတူတူ မြန်မာ၊ ထိုင်း၊ တရုတ် ဘုန်းတော်ကြီးကျောင်းများလည်း ရှိကြရာ ဘေးမှ တိုက်ခိုက်မှုများကိုလည်း မြန်မာဘုန်းတော်ကြီးများ ခံကြရ၏၊

ဥပမာ ပီနန်ဘုန်းတော်ကြီးကျောင်းသည် မြန်မာဘုန်းတော်ကြီးများအပိုင် ဖြစ်၏၊ မြန်မာပိုင် ဓမ္မိကာရာမကျောင်းရှေ့ရှိ ကျောင်းဝင်းမှာလည်း ဓမ္မိကာရာမ ကျောင်းတိုက်ပိုင်မြေဖြစ်၏၊ ယခင်က ဆရာတော်ကြီးရှိစဉ်က ထိုမြေနေရာကို ထိုင်းဦးပဥ္စင်းတစ်ပါးအား နေခွင့်ပြုထားခဲ့၏၊ ထိုထိုင်းဦးပဥ္စင်းသည် မြန်မာဘုန်းတော်ကြီးကျောင်းအပိုင် မြေနေရာတွင် ထိုင်းဗိသု

ကာဖြင့် ထိုင်းဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကို တည်ဆောက်ပြီး ယခင်ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ထိုမြေနေရာကို အပိုင်သဘောဖြင့် ယူထားခဲ့၏။

ထိုကြောင့် လက်ရှိ ဆရာတော်ကြီး ဦးပညာဝံသသည် ထိုသို့ လုပ်ဆောင်မှုကို မလေးရှားနိုင်ငံ တရားရုံးတွင် အဆုံးအဖြတ်ခံယူရာ တရားရုံးက မြေမှာ မြန်မာဘုန်းတော်ကြီးအပိုင်ဖြစ်၍ ကျောင်းမှာ ထိုင်းဦးပဥ္စင်းအပိုင် ဖြစ်သည်၊ ထိုကြောင့် ၎င်းကျောင်းမှ ဝင်ငွေကို မြန်မာဘုန်းတော်ကြီးနှင့် ထိုင်းဦးပဥ္စင်းတို့ တစ်ဝက်စီ ပိုင်ဆိုင်ရမည်ဟု ဆုံးဖြတ်၏။ သို့သော် ဘုန်းတော်ကြီးကျောင်းတွင် စာရင်းစစ်ဆေးမှု၊ စာရင်းထားရှိမှု မရှိရကား မြန်မာကျောင်းသည် ဝင်ငွေတစ်ပြားမှ မရဘဲ ဝင်ငွေအားလုံးကို ထိုင်းဦးပဥ္စင်းက သာ ရ၏။

ထိုကိစ္စနှင့် ပတ်သက်၍ ဆရာတော်ကြီး ဦးပညာဝံသ၏ ကြိုးပမ်းချက်မှာ ငွေကြေးကြောင့် မဟုတ်၊ နိုင်ငံတကာတွင် ခေါင်းငုံ၍ ခံနေပါက ခံ၍ မဆုံးနိုင်သဖြင့် တရားရေးရာ အရ ဆောင်ရွက်မှုဖြစ်၏၊ ဆရာတော်ကြီး၏ ဆောင်ရွက်မှုကြောင့် ထိုမြေကြီးနေရာသည် မြန်မာ ဘုန်းတော်ကြီးအပိုင် မြေနေရာဖြစ်သည်ကိုကား ခိုင်ခိုင်မာမာ ထင်ရှားမှုရှိလာခဲ့၏။

ဆရာတော်ကြီး ဦးပညာဝံသသည် မိမိ၏ ဓမ္မိကာရာမ ကျောင်းတော်ကြီးအား မြန်မာမှု မြန်မာဟန်ဖြင့် ပေါ်လွင်အောင် ဆောက်လုပ်စီမံခြင်းတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအား နိုင်ငံတကာသို့ ပြလိုစိတ်များအပြင် မြန်မာဘုန်းတော်ကြီးကျောင်းကို ထိုင်းဘုန်းတော်ကြီးကျောင်းနှင့် ခြားနားမှု ရှိလိုသောဆန္ဒလည်း ပါဝင်၏။

ထို့ကြောင့် ပီနန်ဓမ္မိကာရာမကျောင်းတိုက်အား မြန်မာမှု မြန်မာဟန်များနှင့် တည်ဆောက်ရေးအတွက် ဆရာတော်ကြီး၏ ကြိုးပမ်းမှုကို မြန်မာပြည်သူတို့ အားပါးတရ ပံ့ပိုးမှု လိုအပ်နေပါ၏။ တကယ်တော့ မြန်မာနိုင်ငံမှ ပြည်သူ တစ်ဦးက ထိုသို့သော စိတ်ထားနှင့် သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ဆရာတော်ကြီးတစ်ပါး ရှိနေသည်ဟု အသိအမှတ်ပြု လျှင်ပင် မြန်မာပြည်သူတို့၏ ပံ့ပိုးမှုသည် ထမြောက်သည်ဟု ဆိုနိုင်ပါ၏။

ဆရာတော်ကြီး၏ ပီနန်နှင့် စင်္ကာပူရှိ ကျောင်းလိပ်စာများကို ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားရာ ပြည်ပရောက် မြန်မာ ဗုဒ္ဓဘာသာဝင်များ ဝင်ရောက်အားပေး ပူဇော်လှူဒါန်းနိုင်ပါ၏။ ပြည်တွင်းမှ ပြည်ပသာသနာ့ပြုလုပ်ငန်းကို အားပေးလိုသော ဒကာ ဒကာမ၊ ရဟန်းသံဃာအပေါင်း တို့သည်လည်း ဆရာတော်ကြီးအား စာအားဖြင့် ဖြစ်စေ ဆရာတော်ကြီး၏ ပြည်ပ သာသနာပြု လုပ်ငန်းများ အောင်မြင်စေရေး အတွက် မေတ္တာပို့ ဆုတောင်းပတ္ထနာပြုမှု ကုသိုလ်ဖြင့်ဖြစ်စေ၊ ဆရာတော်ကြီးကို အားပေးနိုင်ကြပါ၏။

## ပဲ့ထင်ထပ်နေသော တောင်ဝှေးဆောင့်သံ

ပြည်ပတွင် သာသနာပြု ရဟန်းပုဂ္ဂိုလ် အလွန်မှ ရှားပါး၏။ ရှားပင်ရှားသော်လည်း ပြည်ပ သာသနာပြုရေး အတွက် အရည်အသွေးမရှိသော သာသနာပြုပုဂ္ဂိုလ်များ၊ စိတ်ကောင်းနှင့် ဝိနည်း မလေးစားသောသူများ၊ အရည်အတွက် ရှိလျှင် ပြီးရော ဆိုသည့်သဘောဖြင့် သာသနာပြုလုပ်ငန်းအတွက် မစေလွှတ်သင့်

ပါ၊ ထို ပုဂ္ဂိုလ်များသည် ပြည်ပ သာသနာပြုလုပ်ငန်းကို အထောက်အကူ မပြုနိုင်ပါ၊ အထောက်အကူ မပြုနိုင်သူတို့ သည် မသွားလျှင် အကောင်းဆုံးဖြစ်ပါ၏၊

ပြည်ပတွင် အရည်အချင်း ပြည့်ဝသော သာသနာပြု ပုဂ္ဂိုလ်များ မည်မျှရှားပါးသည်ဟူသော အချက်ကို တင်ပြလိုပါ ၏၊ ပီနန်ဘုန်းတော်ကြီး ဦးဝိမလသည် အသက်ကြီးရင့်လာခဲ့၏၊ သို့သော် မိမိတဲတွင် မိမိအရိုက်အရာကို ဆက်ခံရန် တပည့်သံ ဃာလည်း တစ်ပါးမျှမရှိဘဲ ဖြစ်နေ၏၊ ရှိသော ထိုင်းရဟန်းမှာ လည်း တစ်စင်ထောင်သည့်အလား ရှိနေရာ ဆရာတော်ကြီးသည် နေ့စဉ်နှင့်အမျှ မြန်မာနိုင်ငံမှ မြန်မာ ဘုန်းတော်ကြီး တစ်ပါး ရောက်ရှိလာရေးကို စောင့်မျှော်နေသည်၊ မြန်မာနိုင်ငံ သို့လည်း သာသနာပြု ရဟန်းတစ်ပါး လာရောက်ရေးအတွက် အကြောင်း ကြားထား၏၊ အကြောင်းကြားထားသည့်တိုင် မြန်မာနိုင်ငံမှ လည်း ရဟန်းတစ်ပါး ရောက်ရှိလာရေးအတွက် အရိပ်အရောင် မျှပင် မတွေ့ရဘဲ ရှိနေ၏၊

သေခြင်းတရားဟူသည် ဆန့်သောလက် မကွေးမီ၊ ကွေး သောလက် မဆန့်မီ အချိန်မရွေး ရောက်လာနိုင်၏၊ ထိုသို့ရောက် လာပါက ဗုဒ္ဓဘာသာ မလေးအမျိုးသမီးကြီး လေးဦး မျိုးစေ့ချခဲ့ သော စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အနာဂတ် သည် ဤအရပ် ဤဒေသတွင် မစဉ်းစားဝံ့လောက်အောင်ပင် ရှိ နေ၏၊ ထို့ကြောင့် ဆရာတော်ကြီးသည် နံနက် အာရုဏ်တက် လာသည်နှင့် မြန်မာနိုင်ငံမှ ရောက်လာမည့် ဘုန်းကြီးကိုသာ မျှော်လျှက်ရှိ၏၊ ဆရာတော်ကြီး ဦးဝိမလ အတွက် သူ့ထံသို့ သေခြင်းတရား ရောက်မလာမီ မြန်မာဘုန်းကြီး သူ့ထံသို့ အလျင်

ရောက်လာဘို ကိစ္စက ပို၍ အရေးကြီးနေ၏၊ ဆရာတော်ကြီးသည် မေတ္တာတရားကို ပွားများရင်း မြန်မာဘုန်းကြီး ရောက်လာရေးကို စောင့်မျှော်နေခဲ့၏၊ သို့သော် မြန်မာဘုန်းကြီးက မျှော်လေ ဝေးလေ --- ဝေးလွန်းလှ၏၊

ထိုကြောင့် တစ်နေ့ ဆရာတော်ကြီးက သစ္စာစကားကို အားကိုးကာ တိုင်တည်ခဲ့၏၊ "ငါသည် ဘုရား သာသနာကြီး ကမ္ဘာတွင် အစဉ်တည်တံ့ ပြန့်ပွားစည်ပင်လာရေး အတွက် ဘဝ တစ်သက်တာပတ်လုံး ကြိုးမားသော လုံ့လဖြင့် အားသုတ်ခဲ့ပါ၏၊ ငါသည် ငါ့အမျိုး၊ ငါ့ဘာသာ၊ ငါ့သာသနာကို ချစ်မြတ်နိုးပါ၏၊ ဤအရပ်တွင် စစ်မှန်သော ဗုဒ္ဓဘာသာ သာသနာရောင်ခြည်သည် အစဉ်ထွန်းလင်းလိုသောဆန္ဒ ငါ့တွင် ပြင်းပြစွာရှိ၏၊ ထိုစကားမှန်ပါက မြန်မာဘုန်းတော်ကြီး ခုနှစ်ရက်အတွင်း ဤဓမ္မိကာရာမ မည်သော ကျောင်းတိုက်သို့ ရောက်ပါစေသတည်း" ဟု အဓိဋ္ဌာန်ပြုခဲ့၏၊

ဆရာတော်ကြီး ဦးဝိမလသည် ထိုသို့ အဓိဋ္ဌာန်ပြုပြီးသည့်နေ့မှစ၍ မိမိ၏ တောင်ဝှေးကြီးကို အားပြုဆုပ်ကိုင်ကာ ကျောင်းကြမ်းပြင်အား တောင်ဝှေးဖြင့် တစ်ချက်ချင်း ထောက်၍ လမ်းလျှောက်ရင်း ပီနန်ဓမ္မိကာရာမကျောင်းတိုက် အတွင်းမှ မြန်မာဘုန်းကြီးအား နေ့စဉ်မျှော်နေခဲ့၏၊

ဆရာတော်ကြီး ဦးဝိမလသည် တောင်ဝှေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ စင်္ကြံလျှောက်ရင်း ခြောက်ရက်တိုင် မြန်မာဘုန်းတော်ကြီးအား မျှော်ခဲ့သည်၊ သို့သော် မြန်မာ ဘုန်းကြီး

ဟု၍ အရိပ်အရောင်မျှပင် မတွေ့ရဟု ဆို၏။ မှန်ကန်သောသစ္စာတရားတို့ မည်သည် လွဲမှားသော သဘောတရား မရှိဟု ဆရာတော်ကြီးက ယုံကြည်၏။

နောက်ဆုံးနေ့တွင် ဆရာတော်ကြီးက ငါ၏ သစ္စာတရားသည် မှန်၏။ ဒီနေ့ မြန်မာဘုန်းကြီး ငါ့ကျောင်းသို့ ကျိန်းသေရောက်ရမည်ဟု ဆိုကာ စောင့်မျှော်သည်။ ပီနန် ဘုန်းကြီးကျောင်းမှ မြန်မာ ဒကာ ဒကာမများလည်း ဆရာတော်ကြီးနှင့်အတူ မြန်မာ ဘုန်းကြီး ရောက်လာရေးကို မျှော်လင့်နေကြ၏။ သို့သော် မြန်မာဘုန်းကြီး၏ အရိပ်အရောင်ကိုမျှ မတွေ့ကြရ၊ မျက်နှာချင်းဆိုင်မှ ထိုင်းဘုန်းကြီး လမ်းသလားနေသည်ကိုသာ တွေ့နေရ၏။

ယနေ့သည် ဆရာတော်ကြီး အဓိဋ္ဌာန်ပြုသည့် နောက်ဆုံးနေ့ဖြစ်၏။ ပီနန်ကျွန်းပေါ်တွင် စစ်မှန်သော ဗုဒ္ဓသာသနာ အရှည်တည်တံ့ ထွန်းကားရေးအတွက် အဆုံးအဖြတ် ပေးမည့်နေ့ဟုလည်း ဆိုရမည်ဖြစ်၏။

## မြန်မာဘုန်းကြီး ရောက်လာပြီဟော့

ဆရာတော်ကြီးသည် ခြောက်ရက်တာ ကာလပတ်လုံး စောင့်စားနေခဲ့ရာမှ ခုနစ်ရက်မြောက်သောနေ့တွင် ခေတ္တမှေးမိသွားသည်၊ ထိုသို့ ခေတ္တမှေးစက်မိနေချိန်တွင် ပီနန်ဝမ္ဗိကာရာမ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းသို့ မြန်မာဦးပဉ္စင်း တစ်ပါး

ဝင်ရောက်လာသည်ကို ဆရာတော်ကြီးသည် မြင်တွေ့လိုက်ရ၏၊ ဆရာတော်ကြီးက " အော်- မြန်မာဘုန်းကြီး လာရောက်ရေး အတွက် ငါသည် အိပ်မက်မက်ရလောက်အောင် စွဲလမ်းနေပါက လား " ဟု တွေးထင်လိုက်၏၊

သူ့မျက်စိထဲတွင် မြန်မာဦးပဥ္စင်းသည် ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ဝင်ရောက်ဦးခိုက်၏၊ ဆရာတော်ကြီးသည် မှေးမှေးဖြစ်ရာမှ သတိထားကာ မျက်စိကို ဖွင့်လိုက်၏၊ မိမိအား ဝတ်ပြုနေသော မြန်မာဘုန်းကြီးကို ထင်ထင်ရှားရှား မြင်လိုက်ရ၏၊ ဆရာတော်ကြီးက အိပ်မက်များလား တကယ်လားဟု၍ မိမိမျက်လုံးကို ပွတ်ကာ အကြိမ်ကြိမ် ဆန်းစစ်ခဲ့၏၊ ထိုနောက် သေချာထင်ရှားမှုရှိစေရန် ဆရာတော်ကြီးက မိမိရှေ့တွင်ရောက်ရှိဦးခိုက်နေသော မြန်မာဦးပဥ္စင်း အသွင်ဖြင့် ရဟန်းတော်အား အကျိုးအကြောင်းကို မေး၏၊

ဦးပဥ္စင်းက တပည့်တော်သည် မြန်မာနိုင်ငံ အစိုးရမှ ပြည်ပသာသနာပြုလုပ်ငန်းအတွက် စေလွှတ်လိုက်သော ဦးပဥ္စင်းဖြစ်ကြောင်း လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးသည် မိမိတောင်ဝှေးကြီးကို အားပါးတရ ဆုပ်ကိုင်လျက် ဝမ်းသာလုံးကြီး ဆို့မတတ်ဖြစ်ကာ " ဟော့ - အေးခင်တို့၊ အေးခင်တို့၊ ငါတို့ မြန်မာဘုန်းကြီး ရောက်ပြီဟေ့ " ဟုအော်ပြောရင်း မိမိတောင်ဝှေးကြီးကို မိမိခွန်အားရှိသမျှမြှောက်၍ ကြမ်းပြင်အား ဆောင့်ချလိုက်သော အသံသည် ပီနန်ကျွန်း ဓမ္မိကာရာမကျောင်းတစ်ကျောင်းတိုက်လုံးကို ဟိန်းသွားစေခဲ့၏၊

ထိုအသံသည် နောင်တွင် ပီနန်ကျွန်းတစ်ကျွန်းလုံးကို ဟိန်းစေခဲ့သည်၊ ထိုအသံသည် မလေးကျွန်းဆွယ်တစ်ခုလုံးကို ဟိန်းစေခဲ့သည်၊ ထိုအသံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်ခုလုံးသို့သာမက တစ်ကမ္ဘာလုံးသို့ပင် စစ်မှန်သော ဗုဒ္ဓသာသနာ ထွန်းကားစေရေးအတွက် စကြာဝဠာသို့တိုင် လွှင့်ပြန့်စေခဲ့သော သာသနာတော်၏ အောင်စည် အောင်မောင်းသံပင် ဖြစ်ခဲ့ပါ၏၊

ထိုတောင်ဝှေးဆောင့်သံကြီးသည် ယနေ့ထက်တိုင် ပီနန်မြန်မာဘုန်းတော်ကြီးကျောင်းဝန်းကျင်တွင် ပဲ့တင်ထပ်မှု ရှိနေသေး၏၊ ထိုနေ့က ဆရာတော်ကြီး ဦးဝိမလထံ ရောက်လာသော ဦးပဥ္စင်းမှာ အခြားသူမဟုတ်၊ ယခု ပီနန်ကျောင်း၏ နာယကဆရာတော် ဦးပညာဝံသပင်ဖြစ်ပါ၏၊ ဆရာတော်ကြီး ဦးဝိမလ၏ ထိုအခါက တောင်ဝှေးဆောင့်သံသည် မြန်မာနိုင်ငံမှ ရောက်ရှိလာသော ဦးပဥ္စင်း ဦးပညာဝံသ၏ ရင်တွင်းဝယ် ယနေ့တိုင်ပဲ့တင်ထပ်လျက်ရှိ၏၊ ထိုအသံသည် ယနေ့ ဆရာတော်ကြီး ဖြစ်နေသည့် ဦးပညာဝံသ၏ ယနေ့ ကမ္ဘာ့သာသနာပြု လုပ်ငန်းကြီးအား အစဉ်အားပေးလျက် ရှိပါ၏၊ ဆရာတော်ကြီး ဦးဝိမလ၏ ကြမ်းပြင်ကို ဆောင့်လိုက်သော တောင်ဝှေးသည် ကျောင်းကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်ခြင်း မဟုတ်၊ မိမိ၏ အသည်းပြင်ပေါ်သို့ ဆောင့်ချလိုက်ခြင်း ဖြစ်သည်ဟု ဆရာတော် ဦးပညာဝံသက စွဲမြဲစွာ ယုံကြည်ထားပါ၏၊ ထို့ကြောင့် ဆရာတော်ဦးပညာဝံသ၏ အသည်းတွင် တောင်ဝှေးဆောင့်ခံထားရသော သာသနာပြုအသည်းဒဏ်ရာသည် ထာဝရစွဲထင် ခံစားရလျက် ရှိပါ၏၊ ထိုဝေဒနာသည် ဘုရားသာသနာတော် ပြန့်ပွားရေးနှင့် ပြည်ပသာသနာပြု လုပ်ငန်းအတွက် ကြီးမားသော အင်အားများကို ဖြစ်စေခဲ့ပါ၏၊ ဆရာတော် ဦးပညာဝံသသည် မိမိ ကမ္ဘာပတ်အောင်

သာသနာပြုနေသော လုပ်ငန်းတွင် အခက်အခဲ ဒုက္ခ ဒဏ်ရာ ဒဏ်ချက်ဟူသည် မိမိအသည်းတွင် ရှိနေသော တောင်ဝှေး ဆောင်သံ ဒဏ်ရာလောက် မည်သည့် အခက်အခဲ ဝေဒနာကမှ ပို၍ မကြီးနိုင်ဟု မှတ်ယူထားရှိပါ၏။

ပြည်ပ သာသနာပြု လုပ်ငန်းတွင် ထိုသို့သော အမှတ်သညာပြုစရာ မှတ်တမ်းတင်စရာ ဖြစ်ရပ်များကား ရေးပြ၍မကုန်နိုင်လောက်အောင်ပင် ရှိ၏။ ပြည်ပ သာသနာပြု ရဟန်း ပုဂ္ဂိုလ်တစ်ပါးပါးစီတွင် ဤလို ရင်နင့်ဝေဒနာ ဖြစ်ရပ်များ များစွာရှိပါ၏။ သို့သော် ပြည်ပသာသနာပြု ရဟန်းတော်များသည် ထိုသို့သော ဖြစ်ရပ်များကို မည်သည့် ပုဂ္ဂိုလ်ကမှ ရှီးမယ်ဖွဲ့၍ ပြောမနေကြပါ။ ပြည်ပ သာသနာပြု ဆရာတော်၊ သံဃာတော်တို့သည် မိမိ၏ တွေ့ကြုံခံစားရမှုများကို ရှေ့တန်းမတင်ဘဲ ရင်တွင်သိမ်းဆည်းကာ အဘဘုရား သာသနာတော် ပြန့်ပွားရေးအတွက်သာ ရှေ့ရှုလုပ်ဆောင်လျှက် ရှိကြပါ၏။

ဆရာတော် ဦးပညာဝံသသည် ဆရာတော်ကြီး ဦးဝိမလ၏ တောင်ဝှေးဆောင်သံကို နားထဲတွင် အစဉ်ကြား၍ ကမ္ဘာ့သာသနာပြုလုပ်ငန်းကို အသက်ထက်ဆုံး လုပ်ဆောင်သွားတော့မည်ဖြစ်ပါ၏။

## မှန်ကန်သော ဗုဒ္ဓတရားကို သိမြင်လာခဲ့

ဆရာတော် ဦးပညာဝံသ၏ အနှစ် ၃၀ ကမ္ဘာ့သာသနာပြုလုပ်ငန်းအောင်မြင်မှုကား အံ့ဩဖွယ်ရာ ဖြစ်ပါ၏။

ကျွန်တော် ပီနန်ဘုန်းတော်ကြီးကျောင်းတွင် ရှိနေစဉ် ပီနန်ကျွန်းပေါ်မှ တရုတ်အမျိုးသား ဗုဒ္ဓဘာသာဝင်အများအပြားသည် အထူးသဖြင့် ရုံးပိတ်ရက်များ၌ လာရောက်၍ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ရုပ်ပွားတော်များကို ပူဇော်ကန်တော့ခြင်း၊ ကျောင်းဝင်းအတွင်း သန့်ရှင်းခြင်း၊ ဘုရားပုထိုးများကို ရေသပ္ပါယ်ခြင်းစသော ကောင်းမှုကုသိုလ် ဝေယျာဝစ္စ လုပ်ငန်းများကို လုပ်ကြ၏။

ထိုဘုန်းတော်ကြီးကျောင်းတွင် ကျွန်တော်သည် တရုတ်အမျိုးသားကြီး မစ္စတာ အလင်းနှင့် သူနှင့် မောင်နှမဝမ်းကွဲတော်သူ ဗုဒ္ဓဘာသာ တရုတ်အမျိုးသမီးကြီး တစ်ဦးတို့နှင့် အမြဲတွေ့ရ၏၊ ယင်းတို့ မောင်နှမ နှစ်ယောက်စလုံးမှာ ပင်စင်စားကြီးများဖြစ်၏၊ မလေးရှားတွင် အသက် ၅၅ နှစ်ဆိုပါက ပင်စင်ယူကြ၏၊ သူတို့ရရှိသော ပင်စင်ဖြင့် လုံလောက်အောင် စားသောက်နိုင်ကြ၏၊ ကျန်းမာရေးမှာလည်း ကောင်းမွန်နေကြသေးသဖြင့် နေ့စဉ် ဘုန်းကြီးကျောင်းသို့ လာ၍ ဘုရားကိစ္စ တရားကိစ္စများကို ဆောင်ရွက်၏၊ ယင်းတို့ မောင်နှမသည် မိုးလင်းသည်နှင့် ကျောင်းသို့ ရောက်လာကြ၏၊ နေအတော်မြင့်မှ ပြန်ကြ၏၊ ကျွန်တော်က မစ္စတာ အလင်းအား ပီနန်ကျွန်း၏ ဗုဒ္ဓဘာသာ ပြန့်ပွားမှု အခြေအနေနှင့် ပတ်သက်၍ မေးရာ “ မစ္စတာ၊ ဒီဘုန်းတော်ကြီးကျောင်းရှိတာဟာ ကျွန်တော်တို့အတွက် ဘဝအားကိုးရာဘဲ၊ ဒီကျောင်းမှ မရှိရင် ကျွန်တော်တို့ဟာ မူလကကျွန်တော်တို့ သိနေတဲ့ အတွေးနဲ့ပဲ သေကြရမှာပါ၊ ယခုတော့ ဒီကျောင်းတော်မှ ဆရာတော်ကြီးရဲ့ မှန်ကန်တဲ့ အသိပညာပေးမှုကြောင့် မှန်ကန်တဲ့ ဗုဒ္ဓတရားတော်ကို သိလာတာဟာ ကျွန်တော်တို့ ဘဝအတွက် လွတ်မြောက်ကြောင်းကို တွေ့ရတာပါပဲ၊

ပီနန်ကျွန်းပေါ်မှာ တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေ၊ ထိုင်းဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေလည်း ရှိပါတယ်။ သို့သော်လည်း တကယ့် အဘိဓမ္မာ၊ တကယ်မြင့်မြတ်တဲ့ ကမ္မဋ္ဌာန်းတရားကို မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကပဲ ပြသနိုင်ပါတယ် " ဟုပြောပါ၏။

ပီနန်ကျွန်းတွင် တရုတ်လူမျိုး အများအပြားမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ သူတို့အားလုံးသည် ပီနန်ကျွန်းတစ်ခုလုံးအား ဗုဒ္ဓ၏ ဓမ္မရောင်ခြည် ထွန်းလင်း တောက်ပနေရန် ဝိုင်းဝန်းထွန်းညှိနေကြသူများ ဖြစ်၏။ ထိုအထဲတွင် ဘုန်းတော်ကြီးကျောင်း၏ ဂေါပကအဖွဲ့သည် အားကိုးအားထားရဆုံးသော အဖွဲ့ဖြစ်ပါ၏။ ဆရာတော်ကြီး ဦးပညာဝံသသည် ဗုဒ္ဓသာသနာတော်အား ပီနန်ကျွန်းပေါ်တွင် ထွန်းလင်းစေရာတွင် ပီနန်ဓမ္မိကာရာမ မြန်မာ ဘုန်းတော်ကြီးကျောင်း ဂေါပကသည် စည်းစနစ်တကျဖြင့် ကြီးမားသော အကူအညီ အထောက်အပံ့ကို ဖြစ်စေခဲ့ပါ၏။ ပီနန်မြန်မာ ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌကြီးမှာ မစ္စတာ အွန်အိန်တောင် ဖြစ်၏။ ထိုဂေါပကအဖွဲ့သည် ပီနန်ကျောင်းတော်အတွက် လိုအပ်သော အဆောက်အဦ၊ ပစ္စည်းနှင့် ငွေကြေးကို ထောက်ပံ့ခြင်း၊ ရှာဖွေခြင်း၊ သာသနာပြန့်ပွားအောင် ပြုလုပ်ခြင်း၊ ဝေယျာဝစ္စလုပ်ငန်းအားလုံး လုပ်ဆောင်ခြင်း၊ စာရင်းဇယားများ ထိန်းသိမ်းခြင်းစသော လုပ်ငန်းတို့မှ အစ အောက်ခြေသိမ်း လက်ကမ်းကြော်ငြာ ပို့စကတ်များ ထုတ်ဝေခြင်းစသော လုပ်ငန်းများကိုပါ လုပ်ဆောင်လျက်ရှိရာ ထိုဂေါပကအဖွဲ့သည် ဆရာတော်ကြီး၏ လက်ရုံးတစ်ဆူသဖွယ် ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များအသင်း

ကမ္ဘာ့ သာသနာပြု ပုဂ္ဂိုလ်ကြီးနှင့် သာသနာ့အာဇာနည် တစ်ပါး ဖြစ်တော်မူသော ဦးပညာဝံသ၏ အရေးကြီးဆုံးသော အခြားဆောင်ရွက်ချက် တစ်ရပ်မှာ **အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များအသင်း** [ International Burmese ( Myanmar ) Buddhist Sangha Organization ( I B B S O ) ] ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ၏။ ထိုအသင်းကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်၊ အမှတ် ၁၁၅ တောင်ပိုင်း ဓနသဟာယ ရိပ်သာ မြန်မာ ဗုဒ္ဓဘာသာ ကျောင်းတော်တွင် အခြေစိုက် ဖွင့်လှစ်ထား၏။

ဆရာတော် ဦးပညာဝံသသည် တစ်ကမ္ဘာလုံးရှိ ပြည်ပ သာသနာပြု မြန်မာ ဘုန်းတော်ကြီးများကို ပင့်ဖိတ်၍ ယင်းအသင်းကြီးကို ၁၉၈၅ ခုနှစ် မေလ ၃ ရက်နေ့က မလေးရှားနိုင်ငံ

ပီနန်မြို့ရှိ ဆရာတော်၏ ဓမ္မိကာရာမ ကျောင်းတိုက်ကြီးတွင် စတင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့်လည်း လုပတင့်တယ်၍ အရှေ့တောင်အာရှတွင် သာယာတင့်ဆန်း ပန်းမျိုးစုံတို့ ပွင့်လန်း ဝေဆာသော ကျွန်းမြတ် ပီနန်သည် တစ်ကမ္ဘာလုံးအား သာသနာ့ရောင်ခြည်ကို ထွန်းလင်းရာတွင် ဘူမိနက်သန် ကျွန်း ပီနန်ဟု ခေါ်ဝေါ် သမုတ်အပ်သော နေရာဖြစ်ပါ၏။

ကျွန်တော်သည် ပီနန်၌ ရှိနေစဉ်အတွင်း ဆရာတော် ဦးပညာဝံသအား အပြည်ပြည် ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ အသင်းကြီး ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားမေးမြန်းခဲ့ပါ၏။

ဆရာတော်ကြီးက “ ဒကာကြီး၊ အခု မြန်မာဗုဒ္ဓဘာသာ သံဃာတော်များအသင်းကြီးကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ပြောရရင် ဒီကိစ္စဟာ ဗုဒ္ဓဝါဒနဲ့ ဗုဒ္ဓ ကိုယ်တော်တိုင်ထံမှာ မြစ်ဖျားခံခဲ့တဲ့ အလုပ် လို့ပဲ ပြောပါမယ်။ သာသနာ ပြန့်ပွားပုံကို ပြောရရင် ဗုဒ္ဓသာသနာတော်ဟာ အာရှတိုက် အလယ်ပိုင်းကို မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးမှ စတင်ရောက်ရှိခဲ့ပါတယ်။ ဘီစီ ၁ ရာစုတွင်မှ ဗုဒ္ဓဝါဒဟာ တရုတ်ပြည်သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပါတယ်။ ထိုရာစု အတွင်းမှာပဲ ဗုဒ္ဓဘာသာကို တရုတ်ပြည်၌ နိုင်ငံတော်က အသိအမှတ်ပြုသော ဘာသာကြီး တစ်ခုအဖြစ် အစိုးရက တရားဝင် အသိအမှတ်ပြုခဲ့ပါသည်။ အဲဒီနောက် အေဒီ ၄ ရာစုခေတ်မှာ သာသနာတော်ဟာ ကိုရီးယားနိုင်ငံကိုလည်းကောင်း၊ အေဒီ ၆ ရာစုတွင် ဂျပန်နိုင်ငံကိုလည်းကောင်း အသီးသီး ပျံ့နှံ့ခဲ့ပါတယ်။ အေဒီ ၁ ရာစု သို့မဟုတ် ၂ ရာစုမှာတော့ သာသနာတော်ဟာ ထိုင်းနိုင်ငံ၌

ထွန်းလင်းခဲ့ပြီး ဗုဒ္ဓတရားတော်များအပေါ် ယုံကြည်သက်ဝင်သူတို့ များပြားခဲ့ပါတယ်၊ တိဗက် နိုင်ငံမှာတော့ အေဒီ ၇ ရာစုလောက်မှာသာ ဗုဒ္ဓ၏ တရားတော်များနှင့် ဆုံမသွန်သင်မှုများရောက်ရှိခဲ့တယ် " ဟု ဆရာတော်ကြီးက ရှင်းပြ၏၊

တရုတ်ပြည် သမိုင်း မှတ်တမ်းများနှင့် သုတေသန ဆိုင်ရာ တူးဖော် တွေ့ရှိချက်များ အရ ကမ္ဘောဒီးယား (ခမာ) နိုင်ငံသည် အေဒီ ၅ ရာစုကုန်ဆုံးချိန်လောက်မှ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်၊ မလေးရှားနိုင်ငံ အနှံ့အပြားတွင် ရှာဖွေတွေ့ရှိခဲ့ရသော သက်ရိုက်ဘာသာဖြင့် ရေးသားထားသည့် ပေစာများအရ ဗုဒ္ဓဝါဒသည် ဤကာလကတည်းကပင် အာရှဒေသအစိတ်အပိုင်းများတွင် ဗုဒ္ဓဘာသာထွန်းကားနေပြီ ဖြစ်ကြောင်း သိရှိရသည်ဟု ဆရာတော်ကြီးက မြွက်ကြားသည်၊

ဤအချက်ကို ကြည့်လျှင် ရှေးဦး သာသနာပြု ဗုဒ္ဓဘာသာရဟန်းတော်များသည် ဗုဒ္ဓမြတ်စွာဘုရား အဆုံးအမဩဝါဒကို ခံယူလျက် ငွေကြေးတစ်စုံတစ်ရာ ထောက်ပံ့မှု မရှိဘဲလျက် ခရီးစဉ် တစ်လျှောက် ဒုက္ခ အမျိုးမျိုးကို ရင်ဆိုင်ကာ လူသူအရောက်အပေါက် နည်းသေးသော ထူးခြားဝေးလံသည့် နိုင်ငံများသို့ သာသနာပြု ခရီးများ ပေါက်ရောက်အောင် သွားခဲ့ကြောင်း ထင်ရှား သိသာသည်၊ အဆိုပါ သာသနာပြု ရဟန်းတော်များသည် ယင်းတို့ သွားရမည့် နိုင်ငံအကြောင်းနှင့် စပ်လျဉ်း၍ အချက်အလက် တစ်စုံတစ်ရာ ကြိုတင် သိရှိထားခြင်း မရှိဘဲ၊ ဗုဒ္ဓ ဘုရားရှင်၏ အဆုံးအမဖြင့် တရား ဒေသနာများအပေါ်တွင်သာ သဒ္ဓါ ယုံကြည်စိတ် အပြည့်ဖြင့် အားထား ယုံကြည်ကာ သွားခဲ့ကြခြင်း ဖြစ်သည်၊

## သဘာဝနှင့် ကိုက်ညီသော ဗုဒ္ဓဝါဒ

အိန္ဒိယ နိုင်ငံတွင် မြစ်ဖျားခံ၍ စတင်ပေါ်ထွန်းခဲ့သော ဘာသာကြီးပေါင်း များစွာရှိသည်၊ ယင်းအနက် ဗုဒ္ဓဘာသာ တစ်ခုတည်းသာလျှင် အာရှတစ်ခွင်၌ ရာစုနှစ် အနည်းငယ် အတွင်း ပျံ့နှံ့ခဲ့သည်၊ ယနေ့ဆိုလျှင် ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် နိုင်ငံများစွာ အမြစ်တွယ်၍ စည်ပင် ဖွံ့ဖြိုးလျက် ရှိသော အဓိက ဘာသာကြီး တစ်ရပ်အဖြစ် ရပ်တည်နေသည်၊ ဗုဒ္ဓ၏ အဆုံးအမ များသည် လူသားတို့၏ သဘာဝအားလုံးနှင့် လိုက်ဖက် သင့်လျော်သည်၊ ဗုဒ္ဓဘာသာသည် လူကြီး လူငယ် မရွေး အရွယ်အမျိုးမျိုးတို့အတွက် ယင်းတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်ကို ပြောင်းလဲခြင်း မရှိဘဲ၊ လက်ခံ ကျင့်သုံးနိုင်သည့် ဆုံးမမှုများ ပါရှိ၏၊

ဗုဒ္ဓသည် မိမိ၏ အဆုံးအမနှင့် တရားတော်ကို ယုံကြည် လက်ခံခြင်း မပြုမီ လေ့လာစိစစ်ရန် "ဧဟိပဿိကော" "လာလှည့် ကြည့်လှည့်" ဟုဖိတ်ခေါ်၍ လမ်းဖွင့်ပေးထားသော ဝါဒ ဖြစ်သည်၊ ထို့ပြင် ဗုဒ္ဓသည် အခြားသော ဘာသာတရားများနှင့် မတူဘဲ မိမိ၏ အဆုံးအမကို လက်ခံသည့် တပည့်သားတို့အား လွတ်လပ်စွာ တွေးခေါ်ခွင့် ပြုသည်၊ ထို့ကြောင့်ပင် ဗုဒ္ဓဝါဒကို ဘဝတွင် အသက်ရှင် နေထိုင်ရန် နည်းလမ်းတစ်ရပ်အဖြစ် လူတိုင်းက အလွယ်တကူ လက်ခံကြခြင်း ဖြစ်သည်ဟု ဆရာတော်ကြီးက ရှင်းပြ၏၊

မြတ်စွာဘုရားသခင်သည် တရားဦးကို သိရှိပြီး တပည့် သား သာဝကများအား.........

" ရဟန်းတို့ လူများ၏ အကျိုးစီးပွား အလို့ငှာ၊ လူများ၏ ချမ်းသာခြင်းငှာ၊ နတ်လူတို့၏ လောကကို စောင့်ရှောက်ခြင်း အကျိုးငှာ၊ အစီးအပွား အလို့ငှာ၊ ချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည်ကြကုန်လော့၊ အို ဘိက္ခုတို့ တရားကို ဟောကြကုန်လော့၊ အစ ကောင်းခြင်း၊ အဆုံးကောင်းခြင်းနှင့် သဒ္ဒါနှင့် ပြည့်စုံသော၊ ထက်ပန်းကျင်ပြည့် စုံသော၊ ထက်ဝန်းကျင် စင်ကြယ်သော၊ မြတ်သောအကျင့်နှင့် ပြည့်စုံသော တရားကို ထင်ရှားပြကြကုန်လော့ "

Go Ye, O Bhikkhus and wander Forth for the gain of the many, for the welfare of the many, in compassion for the world, for the good, for the gain, for the welfare of gods and men. Proclain, O Bhikkhus the Doctrine glorious preach Ye a life of holiness, perfect and pure.

လို့ ဆုံးမတော်မူခဲ့တယ် လို့ ဆရာတော်က ရှင်းပြ၏၊

အဲဒီ ဗုဒ္ဓကိုယ်တော်မြတ်ကြီးရဲ့ ဆုံးမစကားမှာ သာသနာပြု စိတ်ဓါတ်များ အပြည့်အဝပါနေတယ်၊ ဒါ့ပြင် ဘုရားရှင်တော်က ထပ်မံဆုံးတော်မူခဲ့တာက ---

" ဘိက္ခုတို့၊ တစ်ကြောင်းတည်းသော ခရီးဖြင့် နှစ်ပါး မသွားကြကုန်ထင့် "

" O Bhikkhus don't go together two in one direction "

ဟု ထပ်မံဆုံးမတော်မူတယ်၊ ဒီလို ဟောကြားဆုံးမခြင်းမှာ သာသနာတော် ဒေသအနှံ့ ပြန့်ပွားရေးအတွက် ရည်သန်၍၊ အရပ်မျက်နှာ အသီးသီးသို့ ခရီးပေါက်စေနိုင်ရန် ရည်သန်၍ ဟောကြားခဲ့ခြင်း ဖြစ်တယ်ဟု ဆရာတော်က ရှင်းပြပါ၏။

"မှန်ပါဘုရား၊ ဆရာတော်ရဲ့ မိန့်ကြားချက်များက စိတ်ဝင်စားဘွယ်ရာ ဖြစ်ပါတယ် ဘုရား၊ ကမ္ဘာ့ သာသနာပြုသမိုင်းနှင့် ပတ်သက်၍ ထပ်မံရှင်းလင်း မြွက်ကြားပေးပါရန် လျှောက်ထားအပ်ပါတယ် ဘုရား" ဟု ဆရာတော်ကြီးအား ဆက်၍ လျှောက်ထားရ၏။

ဆရာတော်ကြီးက ဗုဒ္ဓသာသနာပြုသမိုင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်မှာလည်း မှတ်သားဘွယ်ရာဖြစ်၏၊ သာသနာပြု လုပ်ငန်း စတင်ချိန်အခါက ရဟန်းတော်များသည် မိမိတို့၏ ကျောင်းသခ်ိန်း၌ ရဟန်းအဖော်များဖြင့် အတူတကွ သီတင်းသုံးခြင်းကို မပြုရ၊ အတူတကွ ကျောင်းသခ်ိန်းတွင် သီတင်းသုံးမှု မရှိဘဲ အနယ်နယ် အရပ်ရပ်သို့ ဖြန့်၍သွားနေခြင်းဖြင့် သာသနာတော်သည် အရပ်ရပ်သို့ ပြန့်စေပါ၏၊ ဤလုပ်ဆောင်မှုသည် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလ၌ပင် ဗုဒ္ဓ၏ တရားတော်များသည် အိန္ဒိယနိုင်ငံ ဒေသအနှံ့အပြားသို့ ပျံ့နှံ့စေခဲ့သည်ဟု ဆိုပါ၏။

အစဉ်အလာအားဖြင့် ထိန်းသိမ်းထားရှိသော သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) မှတ်တမ်းများအရ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၂၅၀ အကြာတွင် အာသောကမင်းတရားကြီး [ EMPEROR ASOKA ] (ဘီစီ ၃၇၃-၃၃၂)

သည် ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားများကို အိန္ဒိယနိုင်ငံ ပြင်ပတွင် ပျံ့နှံ့စေရန် သာသနာပြု အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သည်ဟု ဆို၏။ ထိုကာလတွင် အာသောကမင်းတရားကြီး၏ သားတော်နှင့် သမီးတော်တို့သည် ဗုဒ္ဓ၏ တရားတော်များကို သီရိလင်္ကာနိုင်ငံတွင် ဟောကြားတော်မူရန် ကြွရောက်လာခဲ့ကြသည်။ အလားတူပင် သောဏ [Sona] နှင့် ဥတ္တရ [Uttara] အမည်ရှိ ရဟန်းတော် ၂ ပါးတို့သည် သုဝဏ္ဏဘုမိသို့ တရားဒေသနာများ ဟောကြားရန် ရောက်ရှိခဲ့၏။ ဤနည်းဖြင့် ဗုဒ္ဓသာသနာပြုများသည် ဘီစီ ၃ ရာစုခေတ်မှစ၍ ပြည်ပနိုင်ငံများသို့ သာသနာပြုခရီး လှည့်လည်ခဲ့ကြသည်။

ထို့ပြင် ဆရာတော်ကြီးက အင်္ဂလိပ်ဘာသာနှင့် ပြုစုထားသော အပြည့်ပြည့်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ အသင်း အစည်းအဝေး မှတ်တမ်းစာအုပ် တစ်အုပ်ကို ပေးရာ ထိုစာအုပ်တွင် ကမ္ဘာပေါ်၌ သာသနာတော် ပျံ့နှံ့ခဲ့ပုံ၊ ဗုဒ္ဓဝါဒ မြန်မာနိုင်ငံသို့ ရောက်ရှိ ပြန့်ပွားသာသနာ ထွန်းကားမှုများကို အောက်ပါအတိုင်း မှတ်သားထားသည်ကို တွေ့ရှိရပါ၏။

## ဗုဒ္ဓဝါဒ နှင့် မြန်မာ နိုင်ငံ

အရှင်သောဏနှင့် ဥတ္တရ မထေရ်နှစ်ပါးကို အာသောကမင်းတရားကြီးက အမှန်တကယ်ပင် မြန်မာနိုင်ငံသို့ သာသနာပြု စေလွှတ်ခဲ့ခြင်းဟုတ် မဟုတ်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍ ခိုင်မာသော အထောက်အထားများ မရှိခဲ့၊ သို့သော် မြန်မာလူမျိုးတို့ကမူ ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ် ရရှိတော်မူပြီး ပထမဆုံးသောဆွမ်းကို မြန်မာနိုင်ငံ ကုန်သည်ညီနောင်ဖြစ်သော တဖုဿ

နှင့် ဘလ္လိက ညီနောင်တို့က ကပ်လှူခွင့် ရရှိခဲ့သည်ဟု ဂုဏ်ယူစွာ ပြောဆိုလျက် ရှိကြသည်၊ ဗုဒ္ဓစာပေ အထောက်အထားများအရ အဆိုပါ ကုန် သည်ညီနောင် နှစ်ဦးတို့သည် ယခုအခါ ရန်ကုန်မြို့ဟု အမည်တွင်ရှိနေသော ဥက္ကလာပ နေပြည်တော်မှ လာခဲ့ခြင်းဖြစ်သည်၊ ယင်းညီနောင် နှစ်ဦးသည် ဗုဒ္ဓ ရှင်တော်ဘုရားအား သဗ္ဗညုတ ရွှေဉာဏ်တော် ရရှိပြီးနောက် ရက်သတ္တပတ် ၇-ပတ် အကြာတွင် ဖူးတွေ့ခဲ့ရသည်၊ ယင်းကုန်သည် ညီနောင်တို့သည် မြတ်စွာဘုရားရှင်အား ပျားမုန့်ဆွမ်းများကို လှူဒါန်းပူဇော်ခဲ့သည်၊ ထို့နောက် ဘုရားရှင်အား ယင်းတို့က အမြဲအမှတ်ရစေခြင်းငှာ တစ်ခုခု စွန့်ကြဲတော်မူပါဟု လျှောက်ထားခဲ့သည်၊ မြတ်စွာဘုရားရှင်က ကုန်သည် ညီနောင်တို့အား ကိုယ်တော်၏ ဆံတော်ရှင် ရှစ်ဆူကို ချီးမြှင့်ပေးသနားတော်မူသည်၊ ကုန်သည် ညီနောင်တို့သည် ဆံတော်မြတ် ရှစ်ဆူကို လေးစားဂုဏ်ယူစွာဖြင့် ယူဆောင်၍ မြန်မာနိုင်ငံသို့ ပြန်ကြသည်၊ နေပြည်တော်ရောက်သော် ဥက္ကလာပမင်းကြီးက ကုန်သည် ညီနောင်တို့အား အကြီးအကျယ်ဂုဏ်ပြု ကြိုဆိုသည်၊ ထို့နောက် ကုန်သည်ညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်မြတ် ရှစ်ဆူကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်တော်မူသည်၊ ထိုစေတီတော်မှာ ယခုအခါ ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အမြင့်ဆုံးစေတီတော်ကြီးဖြစ်သည့် ရန်ကုန်မြို့ရှိ ရွှေရောင်လွှမ်းနေသော ရွှေတိဂုံ စေတီတော်ကြီးပင်ဖြစ်သည်၊

မြန်မာနိုင်ငံတွင် အေဒီ ၅ ရာစု မတိုင်မီကတည်းက ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်းနှင့် စပ်လျဉ်း၍ ခိုင်မာတိကျသော အထောက်အထား မရှိပေ၊ သို့သော် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများအဖြစ် ရင်းနှီးစွာဆက်

ဆံမှု ရှိခြင်း၊ နှစ်နိုင်ငံကြားတွင် သွားရလာရ မခက်ခဲလွန်းသော ကုန်းလမ်းခရီးများ ရှိနေခြင်းတို့ကြောင့် အလွယ်တကူ ယုံကြည်နိုင်သည့် အချက်မှာ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် အေဒီ ၅ ရာစု မတိုင်မီကတည်းက ထွန်းကားလျက် ရှိနေသည်ဟု ယူဆနိုင်၏၊ ထိုပြင် မြန်မာနိုင်ငံ တောင်ပိုင်းဒေသ အားလုံးတွင် အေဒီ ၅ ရာစုခေတ် မတိုင်မီကတည်းကပင် ထေရဝါဒ ဗုဒ္ဓဘာသာကို ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးလျက် ရှိကြောင်းမှာလည်း သံသယရှိဘွယ်ရာ မတွေ့ရပေ၊

မရမ္မာ [ The Mrammas ] သို့မဟုတ် မြန်မာလူမျိုး [ Myanmas ] တို့သည် အင်အားကောင်းသော ဘုရင့်နေပြည်တော်ကြီးတစ်ခုကို ပုဂံမြို့တွင် အခြေစိုက်၍ ထူထောင်ခဲ့ပြီးသည့်နောက် အေဒီ ၁၀ ရာစုတွင် မြန်မာဟူသော အမည်ကို တစ်နိုင်ငံလုံး၌ တွင်စေခဲ့၏၊ ထိုကာလတွင် တန္တြရ ဗုဒ္ဓဝါဒ [ Tantric Buddhism ] သည် ပုဂံနေပြည်တော်၌ မြန်မာများကြားတွင် ခေတ်စားနှင့်ပြီးဖြစ်သည်၊ သို့ရာတွင် ဩဇာအာဏာထက်မြက်၍ ဘုန်းတန်ခိုးကြီးသော ဘုရင်အနော်ရထာသည် ပုဂံသူ ပုဂံသားတို့အား အောက်မြန်မာနိုင်ငံမှ ရရှိသော ထေရဝါဒ ဗုဒ္ဓဘာသာ [ Theravada Buddhism ] စစ်စစ်ကိုသာ ပြောင်းလဲ ကိုးကွယ်စေခဲ့သည်၊ ထိုအချိန်ကာလမှစ၍ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ တစ်နိုင်ငံအဖြစ် နာမည်ကျော်ကြား လူသိများလာခဲ့သည်၊ မြန်မာနိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် အမြဲလိုပင် ဆက်ဆံရေး ကောင်းမွန်ခဲ့ပြီး နှစ်နိုင်ငံကြား ဗုဒ္ဓဘာသာ တရားဓမ္မများ ပြန့်ပွားရေးနှင့် ဗုဒ္ဓစာပေများကို လေ့လာရန် ရဟန်းတော်များ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကြွရောက်ကြခြင်းများ အပြန်အလှန် စေလွှတ်ခြင်းများ အမြဲလိုပင် ရှိခဲ့သည်၊

မျက်မှောက်ခေတ်တွင် မြန်မာနိုင်ငံသည် ဗုဒ္ဓအဘိဓမ္မာ လေ့လာရေးနှင့် ဝိပဿနာတရား အားထုတ်ရေးအတွက် ကမ္ဘာ ပေါ်တွင် အလွန် လူသိများပြီး ထင်ရှားသည့် ဗဟိုဌာနကြီး တစ်ခုအဖြစ် ထင်ရှားလာခဲ့သည်၊ ထိုသို့ လေ့လာနိုင်မှုကြောင့် ဗုဒ္ဓဘာသာကို လေ့လာအကဲခတ်နေသော အနောက်တိုင်းမှ လေ့ လာသူများက မြန်မာဗုဒ္ဓဘာသာသည် အခြားသော ထေရဝါဒ နိုင်ငံများမှ ဗုဒ္ဓဘာသာများထက် အထူးပင် သာလွန်၍ အင်အား ကောင်းမွန် ခိုင်မာကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ဝန်ခံခဲ့ ကြသည်ဟု မြန်မာနိုင်ငံတွင်းသို့ ထေရဝါဒ ရောက်ရှိပုံနှင့် ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံတွင် ထွန်းကားစည်ပင် လျက်ရှိသော ထေရဝါဒနှင့် ပတ်သက်၍လည်းကောင်း ထိုစာအုပ် ငယ်တွင် လေ့လာသုံးသပ်ထားသည်ကို တွေ့ရ၏။

ယင်းစာအုပ်ငယ်တွင် မြန်မာနိုင်ငံမှ ရဟန်းတော်များ သည် ကမ္ဘာတစ်ဝန်းလုံးသို့ မည်သို့မည်ပုံ သာသနာပြုခဲ့သည် ဟူသော အချက်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆက်လက် မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါ၏။

## မြန်မာ သာသနာပြုများ

မြန်မာရဟန်းတော် အချို့သည် အေဒီ ၁၂ ရာစု ခေတ် ကတည်းကပင် သီဟိုဠ်ကျွန်း၌ ထေရဝါဒဗုဒ္ဓဘာသာကို ပြန် လည်ပြုစု ထူထောင်ရန် သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခဲ့ကြ သည်၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ၌ ရှေးဟောင်းသုတေသန တွေ့ရှိ ချက်များအရ ယင်းဒေသတွင် အေဒီ ၁၃ ရာစု ခေတ်ကာလက မြန်မာဘုန်းတော်ကြီးကျောင်းများ ရှိပြီး မြန်မာရဟန်းတော်များ

ဆောင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လယ်တီ ဆရာတော်ကြီး သည် မိမိကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ **နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီး** ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်၊

ဆရာတော်ကြီးသည် နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီးကို မန္တလေးမြို့တွင် အခြေစိုက်၍ ၁၂၇၅ (၁၉၁၃) ခုနှစ်တွင် တည်ထောင်သည်၊ အသင်းကြီးတွင် အကြီးအချုပ်နာယက ဆရာတော်အဖြစ် လယ်တီ ဆရာတော်ကြီးကပင် ဆောင်ရွက်၏၊ ဒုတိယ ဥက္ကဋ္ဌတို့မှာ ဗဟိုဘဏ် လီမိတက် ဥက္ကဋ္ဌ ဦးဘတုတ်၊ အငြိမ်းစားစစ်ကဲကြီး ဦးဒွေး၊ ပွဲစားကြီး ဦးမှုတို့ကဆောင်ရွက်ပြီး အထွေထွေ အတွင်းရေးမှူးသည် ဗုဒ္ဓ သာသနာနုဂ္ဂဟ ဟိုက်စကူး ကျောင်းအုပ်ကြီး ဦးဘဖြစ်၏၊ ငွေထိန်းမှာ သမာဓိမြို့ဝန် ဦးဘိုးရင် ဖြစ်ပြီး စာရင်းစစ်များမှာ အမိန့်တော်ရရှေ့နေများ ဖြစ်ကြသော ဦးကြော့နှင့် ဦးစံဖေတို့ ဖြစ်၏၊

ထိုအသင်းကြီးသည် အသင်းဝင်များထံမှ အလှူငွေများ ကောက်ခံကာ နိုင်ငံခြား သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်၏၊ နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီး၏ လုပ်ငန်းများမှာ ----

၁၊ အင်္ဂလန်ရှိ ပါဠိပညာအသင်းမှ အင်္ဂလိပ် အက္ခရာဖြင့် ရေးသားထားသော သံဂါယနာတင် ပိဋကတ် ကျမ်းစာများကို အင်္ဂလိပ်ဘာသာ သို့ ပြန်ဆိုရာတွင် စရိတ်ထောက်ပံ့ရန်၊

၂၊ အင်္ဂလန်နိုင်ငံရှိ ဂရိတ်ဗြိတိန်၊ အိုင်ယာလန် ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီး၏ အခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းများ တိုးတက်ရေးအတွက် ထောက်ပံ့ရန်၊

၃။ လယ်တီဆရာတော်ကြီး ကိုယ်တော်တိုင် ရေးသားတော်မူသည့် ဒီပနီကျမ်းများအနက်မှ နိုင်ငံခြား၌ အကျိုးကျေးဇူးထူးမည့် ကျမ်းများကို အင်္ဂလိပ် ဘာသာ ပြန်ဆိုထုတ်ဝေရေးအတွက် ထောက်ပံ့ရန်၊

တို့ဖြစ်၏ ။

ထိုအသင်းကြီးသည် မူလ ရည်မှန်းချက်များ ထားရှိသည်ထက်ပို၍ အောင်မြင်ခဲ့၏။ ပြည်တွင်း အားပေး ထောက်ပံ့မှုအပြည့်အဝရ၍ ပြည်ပတွင် အောင်မြင်ခဲ့၏။ လယ်တီ ဆရာတော်ကြီးသည် နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီးကို တည်ထောင်ပြီးနောက် နိုင်ငံခြားမှ ပညာရှင်များ မေးမြန်းကြသည့် အမေးပုစ္ဆာများကို ဆရာတော်ကြီး ကိုယ်တော်တိုင် ဖြေဆို၍ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့၏။ အထူးသဖြင့် ရှိက်စ်ဒေးဗစ် (လန်ဒန် ပါဠိ ဒေဝီ) ၏ အမေးများနှင့် ခရိယာန် အသင်းအဖွဲ့များ၏ အမေးများကို ကိုယ်တော်တိုင် ဖြေဆို၍ အသင်းကြီးမှတစ်ဆင့် ပြန်ကြားပေးခဲ့သည်၊

လယ်တီ ဆရာတော်ကြီးသည် လန်ဒန်ပါဠိ အသင်းမှ တောင်းပန်ချက်အရ နိယာမဒီပနီ၊ ယမိုက် အဖြေကျမ်းနှင့် မူလပရိယာယသုတ် အဖွင့်ကျမ်းများကို ပါဠိ ဘာသာဖြင့် ရေးသား၍ နိုင်ငံခြားဗုဒ္ဓသာသနာပြု အသင်းကြီးမှတစ်ဆင့် ပေးပို့ခဲ့၏၊ ယမိုက် အဖြေကျမ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေခဲ့သည်၊

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ နိုင်ငံခြားမှ အမေးရှိလာသမျှကို ဆရာတော်ကြီးက ဖြေဆိုခဲ့ရာ နိုင်ငံခြား ပညာရှင်များသည် ဆရာတော်ကြီး၏ အဖြေများကို အလွန် နှစ်သက်သဖြင့်

ဆရာတော်ကြီး၏ စာအတန်တန် ရေးသား ဆက်သွယ်ခဲ့ကြ၏။ ဆရာတော်ကြီးသည် အနောက်နိုင်ငံသားတို့နှင့် အထူးသင့်တော်သော သာသနာ သမ္ဘတ္တိ ဒီပနီကျမ်းကိုလည်း ပါဠိဘာသာဖြင့် ရေးသားကာ အနောက်နိုင်ငံတွင် ဖြန့်ချိခဲ့၏။

ထိုအခါ လယ်တီ ဆရာတော်ကြီး ဦးစီး ဥက္ကဋ္ဌ ပြုလုပ်သော နိုင်ငံခြား သာသနာပြု လုပ်ငန်းကို ဟံသာဝတီ၊ သူရိယ၊ မြန်မာ့အဆွေ၊ မြန်မာသံတော်ဆင့်၊ မြန်မာတာရာ (မန္တလေး) အစရှိသော သတင်းစာကြီးများက သတင်း ဆောင်းပါးခေါင်းကြီး တို့ကို ရေးသား၍ ဂုဏ်ပြုထောက်ခံခဲ့၏။

## သည်တစ်ခါ အကြံနိပ် လိုက်ထာက

လယ်တီ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လယ်တီနိုင်ငံခြား သာသနာပြုဘွဲ့ လေးချိုးကို စပ်ဆိုကာ သူရိယ သတင်းစာတွင် ထည့်သွင်း ဂုဏ်ပြုခဲ့၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားခဲ့သော နိုင်ငံခြား သာသနာပြု ကဗျာ့ ရတနာ လေးချိုးကြီးမှာ အောက်ပါ အတိုင်း ဖြစ်ပါ၏ --

သာသနာ တစ်ဝက် သီသီ နှင်းခါမှ၊
ကမ္ဘာမှာ စက်ခြည်လင်းစေဖို့၊
သည် အသင်း အချိန်ကျပြီ လို နှလုံးဝယ်ရည်။
(ပဏ္ဍိတရယ်) ထေရ်သနင်း မဟာ်နွလိုပ ဘုန်းလယ်တီ၊

## သာသနာ စက်ခြည်လင်းစေဖို့

- အော် ဘုရားပဲ စုံးပါစေ၊
  ကြားဘူးပေ သည်တစ်ခါပ၊
  ပြည်မြန်မာထွန်းလာရတာက၊
  အင်္ဂလန်ကျွန်းသာစွဆီ သို့၊
  ဗုဒ္ဓ သာသနာရောင်နှင့်၊
  ဓမ္မာဖောင် မာလိန်မှူးပေမို့၊
  ထူးသပေါ့ ပဝေသဏီမှာနော်ကွယ်၊
  ကူးတော့ချေပြီ။

- ကန်တော့ချင်သူ ပဏ္ဏာသရပါတဲ့၊
  ဂျော့ဘုရင် နရာသဘတောင်မှ၊
  ထာဝရကိုတဲ့ ခိုကာမှီ၊
  ( မွန်းတောင်သူရေ )
  နဂိုဝသီမှာတော့ မိစ္ဆာလွဲ။


- လူတန်းမှာ၊
  ဥဒါန်းတမည်သာဖို့၊
  သည်တစ်ခါ အကြံနိုပ်လိုက်တာက၊
  ပြည်မြန်မာ တမ္ဗဒိပ်တွင်မှ
  တောင်ထိပ်ရွှေဒုမ္ဗာနှင့်၊
  သူရိယာ ဩဘာစက်ဟာက၊
  ဇမ္ဗူလှည့်ကာ ဂေါယာထွက်သလိုပ၊
  ဖိုမဂ်သယ်မည်ပြင်တဲ့၊
  လယ်တီအရှင်မှာ ရဟန္တာကလဲ မဟုတ်တာကြောင့်
  နယ်ပြည်တစ်ခွင်မှာ ကျမ်းစာအုပ်တွေနှင့်၊
  (-အမယ်မင်း ) ကမ်းကာလှမ်းကာ ထုတ်ရလေသပေါ့၊

လုပ်သမျှ အရာရာစွဲစေဖို့
ရမ်းကာသန်းကာရှပ်ကြလျှင်ဖြင့်
ဒုက္ခမဟာငရဲပ့ါကွယ်
အော် -----
နန်းအမတာထုတ်ရအောင်ပ၊
ကျူပ်နှမ သဒ္ဒါမနဲလေနဲ့
(မယ်စန္ဒာရယ်)မန်းရတနာစမုဒ်ဆီက၊
ဗုဒ္ဓသာသနာကပဲ၊

လယ်တီဆရာတော်ကြီး၏ ပြည်ပသာသနာပြု လုပ်ငန်းကြီးသည် အောင်မြင်ပါ၏။

တကယ်တော့ ၁၉ ရာစု တစ်လျှောက်လုံး အိန္ဒိယနိုင်ငံ၊ မလေးရှား နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် သီတင်းသုံးခဲ့ကြသော မြန်မာ ဘုန်းတော်ကြီးများသည် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ကျင့်သုံးသော ထေရဝါဒ ဗုဒ္ဓဘာသာကျင့်စဉ်များကို တရားဟောကြားပြသခြင်းနှင့် ထိုကျင့်စဉ်များအား ထိန်းသိမ်းခြင်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ဗုဒ္ဓဝါဒဖြန့်ချိရန် သြစတြေလျ၊ ဥရောပ၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုများသို့ မြန်မာဘုန်းတော်ကြီးများ ကြွရောက်ခဲ့ကြသည်၊ ထိုဆရာတော်ကြီးများအနက် တောင်ပုလု ဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့၏ အနောက်နိုင်ငံ ခရီးစဉ်များမှာ ထင်ရှားလှသည့် သာသနာပြု ခရီးစဉ်များပင် ဖြစ်သည်၊

အင်္ဂလန် နိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီး ဗုဒ္ဓတရားတော်များ ပြန့်ပွားရေးအတွက် ကမ္ဘာ့နိုင်ငံအနှံ့ ကြွရောက်ကာ ဝါဒဖြန့်ချိခဲ့သော ဆရာတော်ကြီး ဦးသေဋ္ဌိလ၏ ကြိုးပမ်းမှုများသည် သာသနာတော် ပြန့်ပွားရေးအတွက် များစွာ **အကျိုးရှိလာခဲ့ပါ၏။**



**စိန့်နိုင်ငံမြို့ ဓမ္မကာရာမကျောင်းတိုက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များအသင်းကြီး၏ အကြိုညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်**


အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်းကြီးသည် နိုင်ငံခြား တိုင်းပြည်များတွင် သီတင်းသုံးကာ သာသနာပြုခဲ့သော ဆရာတော်များနှင့် ယခု အချိန်အထိ ဆက်လက်နေထိုင်ဆဲဖြစ်သော ဆရာတော်များ၏ အတ္ထုပ္ပတ္တိကို ပုံနှိပ်ထုတ်ဝေရန် စီစဉ်လျက် ရှိပါ၏။ ထိုသို့ ပုံနှိပ်ထုတ်ဝေခြင်း

ဖြင့် ပြည်သူ ပြည်သား ဒကာ ဒကာမ များသည် ဆရာတော်ကြီး များ၏ အတ္ထုပ္ပတ္တိနှင့် ယင်းတို့၏ ဗုဒ္ဓတရားတော် ပြန့်ပွားရေးအတွက် ဆောင်ရွက်နေသည့် မှန်မြတ်သော လုပ်ရပ်များအကြောင်းကို သိရှိနားလည်လာကြကာ ပိုမိုသဒ္ဓါပွား၍ ပြည်ပသာသနာပြု လုပ်ငန်းရပ်များသည်လည်း ပိုမို အောင်မြင်လာမည်ဟု အသင်းကြီးမှ ယုံကြည်သည်ဟု သိရှိရပါ၏။

ယခု ဤစာအုပ်တွင်လည်း အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်အသင်းကြီး၏ ပထမဆုံး ဥက္ကဋ္ဌဖြစ်တော်မူသော ဆရာတော်ဦးဝေပုလ္လနှင့် အသင်းကြီးဖြစ်မြောက်ရေးအတွက် စိတ်ရော ကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့သော ဆရာတော်ဦးအာသဘ တို့၏ ထေရုပ္ပတ္တိ အကျဉ်းများကို ဖော်ပြ အပ်ပါ၏။

## အသင်း၏ ပထမဆုံး ဥက္ကဋ္ဌ ဆရာတော်ကြီး ဦးဝေပုလ္လ

ပီနန် ဆရာတော်ကြီး ဦးပညာဝံသ၏ အားထုတ်မှုဖြင့် တည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်း၏ ပထမဆုံး ဥက္ကဋ္ဌမှာ ဂျပန်နိုင်ငံတွင်သာသနာပြုကာ သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးဝေပုလ္လပင်ဖြစ်ပါ၏။ အသင်းကြီး၏ ပထမဆုံး ဥက္ကဋ္ဌ ဖြစ်သော ဆရာတော် ဦးဝေပုလ္လကို မြန်မာနိုင်ငံ၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၌ ၁၉၁၆ ခုနှစ် ( မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ -ရက်နေ့၊ ဗုဒ္ဓဟူးနေ့ )တွင် ဖွားမြင်ခဲ့သည်၊ ဆရာတော်သည် ၁၂၉၅ ခုနှစ် အသက် ၁၇ - နှစ် အရွယ်တွင် သာမဏေဘောင်သို့ ဝင်ရောက်ခဲ့၏။ ၁၂၉၈ ခုနှစ်တွင် ဂန့်ဂေါမြို့နယ် ကန်တောရ ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်း



**အသင်းကြီး၏ ပထမဆုံး ဥက္ကဋ္ဌ ဖြစ်ပြီး နှစ်ပေါင်း၃၀ကျော်ပြည် ပသာသနာပြု လုပ်ငန်းကို အစဉ် ထ စိုက်ထုဂ်ဆောင်ခဲ့၍ မြန်မာ နိုင်ငံတော် အစိုးရ၊နိုင်ငံတော် ငြိမ် ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထံဆိပ် ဆက်ကပ်လှူဒါန်း သည်ကို ခံယူ တော်မူသည့် ဂျပန်နိုင်ငံမှ ဆရာတော် ဦးဓေပုည**

အဖြစ်သို့ ရောက်သည်၊ ဆရာတော်သည် ပါဠိတော် အဌကထာများနှင့် ဋီကာများကို ထိုခေတ်က ပါဠိ စာပေအရာတွင် ဆရာတစ်ဆူဖြစ်ပြီး ထင်ရှားကျော်ကြားသည့် မန္တလေးမြို့မှ အဘယါရာမ ရွှေဂူတိုက် ဆရာတော်ကြီး ထံတွင် လေ့လာ သင်ယူခဲ့သည်၊

ဆရာတော်သည် ၁၃၁၄ ခုနှစ်တွင် နိုင်ငံတော် အစိုးရ ဓမ္မါစရိယ စာမေးပွဲကို ဂုဏ်ထူးဆောင် (၆) ကျမ်းနှင့် အောင်မြင်တော်မူသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးက ဆရာတော်အား သာသနဓဇ သီရိပဝရ ဓမ္မါစရိယဘွဲ့ကို ဆက်ကပ်ခဲ့၏၊

ထိုနောက် ဆရာတော်ကြီးသည် မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်ကြီးတွင် ပါဠိစာပေ စာချ ဆရာတော်အဖြစ် ခန့်အပ်ခြင်း ခံတော်မူခဲ့ရသည်၊ ဆရာတော်သည် ဆဋ္ဌမအကြိမ် သံဂါယနာတင်ပွဲတွင် ပါဝင်ခဲ့

သည်။ ၁၉၅၇ ခုနှစ်တွင် ဂျပန်နိုင်ငံရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းသို့ ကျောင်းထိုင် ဆရာတော်အဖြစ် ဆရာတော် ဦးဝေပုလ္လအား မြန်မာနိုင်ငံ အစိုးရက သာသနာပြုရန် စေလွှတ်ခဲ့သည်။ ဂျပန်နိုင်ငံ၌ သာသနာပြုစဉ် ကာလအတွင်း ဆရာတော်ကြီးသည် အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ဥရောပနှင့် အိန္ဒိယနိုင်ငံများသို့ ခရီးလှည့်လည်၍ သာသနာ့အကျိုးကို သယ်ပိုး ထမ်းဆောင်ခဲ့ပါ၏၊ ဆရာတော်သည် ဂျပန်ဘာသာ ပြန်ဆိုခဲ့သည့် ကျမ်းများအနက် " အဘိဓမ္မတ္ထသင်္ဂဟကျမ်း " ကို ဂျပန်ပညာရှင်များက အထူးပင် နှစ်ခြိုက်ခဲ့ကြသည်။ ထို့ပြင် ဆရာတော်ကြီးသည် ထေရဝါဒ ဗုဒ္ဓဘာသာ အခြေခံလက်စွဲကျမ်း ပါဠိဘာသာနိကာယပဒေသ " ပါဠိစကားပြောနည်း "" ဥပသမ္ပဒါဒီကထာကျမ်း " များကို ဂျပန်ဘာသာ ပြန်ဆို ထုတ်ဝေခဲ့၏၊ ဆရာတော်ကြီးသည် ၁၉၅၈ ခုနှစ်တွင် ဂျပန်နိုင်ငံ မိုဂျိဌာန၌ ကမ္ဘာအေး စေတီတော်ကို တည်ထားတော်မူ၏၊ ၁၉၆၀ ပြည့်နှစ်တွင် ယန်းငွေ တစ်သန်းတန် သိမ်ကျောင်း တစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် မိုဂျိ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ယနေ့ယန်းငွေ သန်း (၂၀) တန် ဓမ္မာရုံနှင့် ယန်းငွေ (၈) သန်းတန် ကြေးခေါင်းလောင်းတော်ကြီးကို ပြုလုပ် လှူဒါန်းတော်မူခဲ့သည်။

ဆရာတော်ကြီးသည် သီလ၊ သမာဓိ၊ ပညာဂုဏ် စသည်တို့ဖြင့် ပြည့်စုံတော်မူ၍ ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာ တက္ကသိုလ်ကျောင်းအုပ်ကြီးများနှင့် ဂျပန် ဒါယကာ ဒါယိကာမများ၏အထူးကြည်ညို လေးစားခြင်းကို ခံယူရရှိတော်မူသော ဆရာတော်

တစ်ပါးဖြစ်ပါ၏။ ထို့ပြင် ဆရာတော်ကြီးအား ၁၃၅၂ ခုနှစ် (၁၉၉၁)တွင် မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့၏။

ထိုသို့သော ဂုဏ်သိက္ခာတို့အပြင် ဆရာတော်သည် အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များအသင်း [ IBBSO ] ကို တည်ထောင်ရာတွင် ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သည့်အလျောက် ဆရာတော်ကြီးအား ပြည်ပသာသနာပြု လုပ်ငန်းကို လုပ်ဆောင်နေကြသော မြန်မာသံဃာတော်များ အားလုံးက အသင်းကြီး၏ ပထမဆုံးသော ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း တင်မြှောက်ခဲ့ကြခြင်း ဖြစ်ပါ၏။

## ဝပ်ဆိုင်မွန် ဆရာတော်ဘုရား

အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်းကြီး ဖြစ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့သော အခြား ဆရာတော်ကြီးကား ဇင်းမယ်မြို့ ဝပ်ဆိုင်မွန် ကျောင်းတိုက်မှ ဆရာတော်ကြီး ဦးအာသဖဖြစ်ပါ၏။

ဆရာတော် ဦးအာသဖသည် စစ်ကိုင်းတိုင်း၊ မအူပင် ကျေးရွာဇာတိ ဖြစ်ပါသည်။ ဆရာတော်သည် ၁၉၄၅ ခုနှစ်တွင် ထိုင်းနိုင်ငံ မြောက်ပိုင်း ဇင်းမယ်မြို့သို့ ရောက်ရှိခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ဝပ်ဆိုင်မွန် မြန်မာ ဘုန်းတော်ကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဖြစ်လာခဲ့သည်။ အဆိုပါ ဘုန်းတော်ကြီးကျောင်းသည် ၁၇၂၆ ခုနှစ်က မြန်မာစစ်သားများ တည်



**အသင်းကြီး၏ တွဲဖက် အကျိုးတော်ဆောင်(၂)ဖြစ်တော်မူသော ထိုင်းနိုင်ငံ ဇင်းမယ်မြို့မှ ဝပ်ဆိုင်မွန်ကျောင်းတိုက်မှ ဆရာတော်ကြီး ဦးအာသဘ ၊**

ဆောက်ခဲ့သော ဘုန်းတော်ကြီးကျောင်းဖြစ်သည်၊ ထိုအချိန်ကတည်းကစ၍ အဆိုပါကျောင်း၌ မြန်မာဘုန်းတော်ကြီးများ အဆက်မပြတ် ကျောင်းထိုင်ဖြစ်ခဲ့ကြသည်၊ ဆရာတော် ဦးအာသဘသည် အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် ဆဋ္ဌမမြောက် ဆရာတော်ဖြစ်သည်၊ ဆရာတော်၏ ကြိုးပမ်းမှုကြောင့် ထို ဘုန်းတော်ကြီးကျောင်း၌ သိမ်တစ်ခု၊ ကမ္မဋ္ဌာန်းတိုက် ၄-ခုနှင့် ရဟန်းတော်များ သီတင်းသုံးရန် ကျောင်းနှစ်ဆောင် တည်ဆောက်ပြီးစီးခဲ့သည်၊

ဆရာတော်ကြီးသည် တရားဓမ္မ ပြန့်ပွားရေး လုပ်ငန်းအတွက် ဆောင်ရွက်ရာတွင် အလွန်ပင် တက်ကြွပြီး သူ၏ကျောင်းတိုက်အတွက် သာမက အခြား ဘုန်းတော်ကြီး ကျောင်းများအတွက်ကိုပါ ဆောင်ရွက်ပေးခဲ့သည်၊ စင်္ကာပူနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ထူထောင်ရာတွင်လည်း ဆရာတော်ကြီးသည် လိုအပ်သော ကိစ္စအဝဝကို အကူအညီပေးခဲ့၏၊ ဆရာတော်ကြီးသည် ပြည်ပသာသနာပြုရေးကိစ္စတွင် စိတ်ရောကိုယ်ပါ

တက်တက်ကြွကြွ ဆောင်ရွက်နေသည့် ဆရာတော်ကြီးဖြစ်၏။ ယခုအခါ ဆရာတော်ကြီးသည် အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်းတွင် တွဲဖက် အကျိုးတော်ဆောင် တာဝန်ကို ယူထားသူ ဖြစ်ပါ၏။

ကျွန်တော်သည် ပိနန်ဆရာတော်ကြီး ဦးပညာဝံသ၏ ကြိုးပမ်းမှုဖြင့် တည်ထောင် ဖွဲ့စည်းထားပြီးဖြစ်သော အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ အသင်းကြီး အကြောင်းကို မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ သိရှိကြကာ ကြည်ညိုသဒ္ဓါပွားနိုင်ရန် ဆရာတော်ကြီးထံတွင် အသေးစိတ် မေးမြန်း လျှောက်ထား၍ ကြားသိရသမျှတို့နှင့် အတူ [IBBSO] မှတ်တမ်းစာအုပ်ပါ အချက်အလက်များကို တင်ပြထားခြင်း ဖြစ်ပါ၏။

## ပြည်ပ သာသနာပြု လုပ်ငန်း

ယခုအခါ ကမ္ဘာအနှံ့အပြားတွင် မြန်မာပြည်သား ဗုဒ္ဓသာသနာပြု အာဇာနည် ရဟန်းတော်များ အတော်အတန် ရှိနေပြီဖြစ်၏။ ထိုသို့ရှိနေရာတွင် ထိုသံဃာတော်များသည် တစ်ပါးနှင့် တစ်ပါး ယခုထက် အဆက်အသွယ်ရှိ၊ ပိုမို ညီညွတ်စည်းလုံးပါက သာသနာပြု လုပ်ငန်းသည် ပို၍ အောင်မြင်မည် ဖြစ်၏။ တစ်ဖန် တစ်ကမ္ဘာလုံးတွင် ဗုဒ္ဓသာသနာတော် ပြန့်ပွားစည်ပင်အောင်ဟူသော တူညီသည့် ရည်ရွယ်ချက်တို့ဖြင့် လုပ်ဆောင်နေကြသော ရဟန်းတော်များသည် အတွေ့အကြုံ ဖလှယ်ကြရန် လိုအပ်ပါသည်၊ ထိုသို့ အတွေ့အကြုံများ ဖလှယ်ခြင်း၊ ညီညွတ် ရိုင်းပင်းကြခြင်းဖြင့် အခက်

အခဲများကို ကျော်လွှားကာ သာသနာပြု လုပ်ငန်း အတွက် ကြီးမားသော အင်အားကို ဖြစ်စေမည်ဟု ပြည်ပရောက် သာသနာပြု ရဟန်းတော်များက ယုံကြည်ကြပါ၏။

ထိုပြင် ပြည်ပရှိ ဗုဒ္ဓဘာသာ ကျောင်းတိုက်များနှင့် သာသနာ့ အဆောက်အအုံများကို ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို တစ်ပါးတည်း၊ တစ်ဦး တစ်ယောက်တည်းဖြင့် မဆောင်ရွက်နိုင်ပါက သာသနာပြု ရဟန်းတော်များ အချင်းချင်း စုစည်း ကူညီမှုများကို ပေးနိုင်၏။ ပြည်ပရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းများသည် အထူးသဖြင့် ဗုဒ္ဓဂါယာ၌ မြန်မာနိုင်ငံမှ ရောက်လာကြသော ဘုရားဖူးများအား နေရာထိုင်ခင်းပေးခြင်း၊ အခက်အခဲများကို ကူညီနိုင်ခြင်းဖြင့် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်း ဆက်သွယ်မှုများကို ရရှိ၏။

ပြည်ပသာသနာပြု မြန်မာရဟန်းတော်များသည် ကာလရှည်ကြာစွာ သာသနာပြု လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာ ပြည်တွင်းရှိ ဒကာ၊ ဒကာမများ ဆွေမျိုးသားချင်းများ၊ ပြည်တွင်း သာသနာပြု လုပ်ငန်းများနှင့် အဆက်အသွယ်ပြတ်၍ ပြည်တွင်းမှ ဒကာ ဒကာမတို့သည် မေ့လျော့ကုန်သည်အထိ ဖြစ်ရသည်များကို ဤအသင်းကြီးမှတစ်ဆင့် ဆက်သွယ်မှုများ ပြုလုပ်နိုင်ကြမည်ဟုလည်း ယုံကြည်ကြ၏။ သံဃာတော်များသည် သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခက်အခဲများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရသော်လည်း ထိုဖြစ်ရပ်များကို မြန်မာပြည်သူလူထု သိရှိမှုနည်းပါးကြ၏။ သံဃာတော်များ

ကြုံတွေ့ရသည့် အခက်အခဲများကို ဗုဒ္ဓဘာသာဝင်တို့ သိရှိခြင်းဖြင့် သာသနာတော် ပြန့်ပွားရေးအတွက် များစွာအကူအညီ ရစေနိုင်ပါ၏။

ကမ္ဘာ့ သာသနာပြု လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်မှာ ကာလရှည်ကြာခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် အချို့သော ဆရာတော်များမှာ သက်တော် ၇၀–၈၀ကျော်မျှပင်ရှိလာခဲ့ရာ နောက်ပိုင်းသာသနာပြု ရဟန်းငယ်များနှင့် ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများအကြား ဆက်သွယ်မှုများ ထူထောင်ရန် လိုအပ်လျက်ရှိပါ၏။ ဤသည်ကို ပြည်ပရောက် သာသနာပြု မြန်မာသံဃာတော်များ စုစုစည်းစည်းဖြင့် ဆောင်ရွက်ကြရန် လိုအပ်နေသည်ဟု ပြည်ပ သာသနာပြု ရဟန်းတော်များက ယုံကြည်လျက်ရှိပါ၏။

## မြန်မာတို့အတွက် ကွန်းထောက်နားနေရာများ

ထိုအသင်းကြီး၏ ရေရှည်အကျိုးကို မျှော်ကိုးသောကိစ္စတစ်ရပ်မှာ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းများ ရှိနေခြင်းဖြင့် ကမ္ဘာအရပ်ရပ်သို့ အကြောင်းအမျိုးမျိုးအရ ရောက်ရှိလာကြသော မြန်မာလူမျိုးတို့အား ကူညီရန်ဖြစ်၏။ ဗာရာဏသီ ဆရာတော်အရှင်ဂမ္ဘီရဗုဒ္ဓိ ကမူ ပြည်ပရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းများသည် မြန်မာ လူမျိုးတို့အတွက် သံကရုံးအတွင်းမှ အိုအေစစ်များဖြစ်စေရမည်ဟုဆိုပါ၏။ ဘုန်းကြီးနှင့် ဒကာသည် အပြန်အလှန်သာသနာပြုကြရမည်ဖြစ်ရာ ပြည်ပ၌ ဘုန်းတော်ကြီးကျောင်း

များသည် မြန်မာလူမျိုးတို့ ကမ္ဘာသို့ထွက်၍ ကြီးပွားရာ ကြီးပွားကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်း၊ ကြီးပွားရေး စီးပွားရေး လုပ်ငန်းများ ရှာဖွေရာတွင် အကူအညီပေးရသည့် ဝခန်းများ ဖြစ်စေရမည်။ ရဟန်းတို့သည် ဒကာတို့၏ လှူဒါန်းသည်ကိုသာ အလှူခံနေမည်မဟုတ်ဘဲ ဒကာများ၊ မြန်မာလူမျိုးများ ကြီးပွားတိုးတက်ရေးအတွက် သံဃာနှင့် ဒကာ လက်တွဲဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်မှုဖြင့် ကမ္ဘာ့စီးပွားရေးစားကျက်တွင် အောင်ပွဲရသော မြန်မာတို့ တိုးပွားလာပါက ကမ္ဘာ၌ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းသည်လည်း အောင်မြင်လာမည်ဖြစ်၏။ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းများ နိုင်ငံတိုင်းတွင် ကမ္ဘာပြန့်၍ တည်ဆောက်ရေးသည် မြန်မာလူမျိုးများ ပြည်ပ၌ စီးပွားရေးရာ၊ လူမှုရေးရာတို့တွင် အောင်မြင်မှုရရှိစေရေးအတွက် တစ်ဘက်တစ်လမ်းမှ ကူညီရန်ဟူသော ခေတ်မီ ရည်မှန်းချက်များလည်း ပါရှိသင့်သည်။

ထိုရည်မှန်းချက်များကို ယနေ့ပင် အကောင်အထည်ဖော်နေသော ဘုန်းတော်ကြီးကျောင်းတို့မှာ အိန္ဒိယ နိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပီနန်မှ ဓမ္မိကာရာမ ကျောင်းတိုက်တို့ပင်ဖြစ်၏။ ထိုင်းနိုင်ငံရှိ မြန်မာတို့သည် Stay ရှောင်ရာတွင် မလေးရှားသို့ ရှောင်ပါက ဘတ် တစ်ထောင်ငါးရာလောက်နှင့်ရ၍ စင်္ကာပူသို့သွားပါက ဘတ်ငါးထောင်မှ ခြောက်ထောင်အထိ အနည်းဆုံးကုန်နိုင်၏။

ထို့ကြောင့် ယခုအခါ မြန်မာတို့သည် တတ်နိုင်သမျှ ပီနန်သို့ သွား၍ Stay ရှောင်ကြရ၏။ ပီနန်တွင် ဟိုတယ်၌တည်းခိုပါက တစ်ရက် တည်းခိုခ သက်သက်အတွက် မလေး

၃၅ ဒေါ်လာမှ ၄၅ ဒေါ်လာအထိ ကုန်နိုင်၏။ ပီနန်၌ ဟိုတယ်တွင် မတည်းဘဲ မြန်မာဘုန်းတော်ကြီးကျောင်းတွင် တည်းပါက မိမိတို့ သဒ္ဓါတရားရှိသလောက် ကန်တော့ခဲ့နိုင်၏။ မပေးဘဲ တည်းခိုသူများလည်း ရှိပါ၏။ ငွေကြေးအခက်အခဲရှိသူ မြန်မာလူငယ်တို့အတွက် ပီနန်ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းသည် တကယ်ပင် အိုအေစစ်သဖွယ် ဖြစ်ရပါ၏။ ငွေကြေးမကုန်ကျရုံသာမက နိုင်ငံခြားရောက်ခိုက် ဘုရားကျောင်းကန်ရိပ်ကို ခို၍နေရသည်က စိတ်အေးချမ်းသာမှုလည်း အပြည့်ရရှိပါ၏။

တကယ်တော့ ဤကိစ္စရပ်များမှာ အထူးအဆန်းကား မဟုတ်။ မြန်မာတို့သည် ဘုရားဖူးသွားကြရာတွင် ဘုန်းတော်ကြီးကျောင်းများတွင်သာ မိမိတို့ဆက်နှင့် မိမိတို့ တည်းခိုကြခြင်းဖြစ်၏။ ရန်ကုန်၊ မန္တလေးသို့ ဘုရားဖူးသွားကြသူများသည် များသောအားဖြင့် ယခင်က ဘုန်းကြီးကျောင်း၌သာ တည်းခို၍ ကျောင်းရှိ ဦးပဉ္ဇင်း သို့မဟုတ် ကိုရင်ကသာ ဘုရားစုံလိုက်ပို့ကြခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတကာရောက် သံဃာတော်များက အမိနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးများကိုပါ မျှော်ကိုး၍ သံဃာနှင့် ဒကာဆက်စပ်လျက် အရှည်တည်တံ့မည့် သာသနာပြုလုပ်ငန်းများကို ရည်သန်လုပ်ဆောင်နေကြသည်မှာ တကယ့်ကို အားရဝမ်းသာဖြစ်ဖွယ်ရာ ဖြစ်ပါ၏။

ဒကာချမ်းသာမှ သာသနာလည်း စည်ပင်မည်ဖြစ်ရာ ပြည်ပ မြန်မာ ဘုန်းတော်ကြီးကျောင်းများသည် ပြည်ပသို့ရောက်ရှိလာသော ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတို့အတွက်

စီးပွားရေး၊ လူမှုရေး ကိစ္စတို့အတွက်ပါ ကွန်းထောက်နားနေစရာများ ဖြစ်စေရမည်ဟူသော ရည်မှန်းချက်သည် ထူးခြားအားထားစရာဖြစ်သော ရည်မှန်းချက် ဖြစ်ပါ၏။

ယခုအခါ ထိုထိုသော လိုအပ်ချက်များကို ဖြည့်ဆည်းရန် အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များအသင်းကို စုစည်း တည်ထောင်နိုင်ခဲ့ပြီ ဖြစ်၏။ ထိုအသင်းကြီးပေါ်ပေါက်လာရန် ဆရာတော် ဦးပညာဝံသသည် ခြောက်နှစ်ကျော် အပတ်တကုတ် ကြိုးပမ်းခဲ့သည်ဟု ပြည်ပရှိ သံဃာတော်များက ဆိုကြ၏။ ထိုသို့ ဆောင်ရွက်ရာတွင် ဆရာတော် ဦးပညာဝံသသည် ၁၉၇၉ ခုနှစ်က ဂျပန်နိုင်ငံ မိုဂျီမြို့သို့သွား၍ ဆရာတော် ဦးဝေပုလ္လ၊ ဦးဓမ္မသာရတို့နှင့် တွေ့ဆုံခဲ့သော ခရီးသည် အလွန် အရေးပါသော ခရီး ဖြစ်ခဲ့၏။ ဆရာတော် ဦးဝေပုလ္လနှင့် ဦးဓမ္မသာရတို့မှာ ဂျပန်နိုင်ငံတွင် လွန်ခဲ့သော အနှစ် ၃၀ မှ စ၍ သာသနာပြုနေကြသော ဆရာတော်များဖြစ်ကြ၏။ ပြည်ပ သာသနာပြု လုပ်ငန်းတွင် အတွေ့အကြုံရှိသော ဂျပန်ပြည်ရောက် ဆရာတော်ကြီးများနှင့် ဆရာတော် ဦးပညာဝံသတို့ တွေ့ဆုံဆွေးနွေးရာမှ ပြည်ပရောက် မြန်မာသံဃာတော်များ တစ်ပါးနှင့်တစ်ပါး ကူညီကြ၍ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟူသော အတွေးအမြင်ကို ရရှိခဲ့၏။ ထို့ကြောင့် ဆရာတော် ဦးပညာဝံသသည် ထိုအတွေးအမြင်ကို လက်ဆုပ်လက်ကိုင်ပြုကာ တစ်ကမ္ဘာလုံးရှိ သာသနာပြု မြန်မာသံဃာတော်များကို ချဉ်းကပ်၍ တင်ပြခဲ့ရာ အားလုံး၏ ညီညွတ်သော စိတ်ဓာတ်ကို ရရှိကာ အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာသံဃာတော်များအသင်းကို ဖွဲ့စည်းနိုင်ခြင်းဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာ သံဃာအသင်း ဖြစ်မြောက်ရေး ပဏာမ အစည်းအဝေး

အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာအသင်း ဖြစ်မြောက်ရေး အစည်းအဝေးကို ၁၉၈၅ ခုနှစ် မေလ ၁ ရက်နေ့ နံနက် ၈ နာရီ ၂၅ မိနစ် အချိန်၌ ပီနန်မြို့ ဆရာတော်



အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ ဘဲလီဗေး ဟိုတယ်ခန်းမ၌ အစည်းအဝေး ကျင်းပနေကြစဉ်၊

ဦးပညာဝံသ၏ ဝမ္မိကာရာမ မြန်မာကျောင်းတော်၌ စတင်ကျင်းပခဲ့သည်၊ ယင်းပဏာမ အစည်းအဝေးသို့ နိုင်ငံတကာမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ၁၃ ပါးနှင့်လုပ်ငန်းများ ပံ့ပိုးမည့် ဒါယကာ ဒါယိကာမများ တက်ရောက်ခဲ့ကြသည်၊ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဆရာတော် ၁၃ ပါးတို့မှာ--

| | | |
|---|---|---|
| ၁၊ | ဦးပညာဝံသ | _ထိုင်းနိုင်ငံ |
| ၂၊ | ဦးဝေပုလ္လ | _ဂျပန်နိုင်ငံ |
| ၃၊ | ဦးဉာဏိက | _ထိုင်းနိုင်ငံ |
| ၄၊ | ဦး ဇာဂရာဘိဝံသ | _အိန္ဒိယ နိုင်ငံ |
| ၅၊ | ဦးအာသဘ | _ထိုင်းနိုင်ငံ |
| ၆၊ | ဦးပညာဝံသ | _မလေး ပီနန် |
| ၇၊ | ဦးရေဝတဓမ္မ | _ဗြိတိန် |
| ၈၊ | ဦး ဝဏ္ဏသိရိနန္ဒ | _ထိုင်းနိုင်ငံ |
| ၉၊ | ဦးနန္ဒိယ | _ထိုင်းနိုင်ငံ |
| ၁၀၊ | ဦး အဂ္ဂဓမ္မ | မလေးရှား |
| ၁၁၊ | ဦးကါရုဏိက | _ထိုင်း နိုင်ငံ |
| ၁၂၊ | ဦးတိလောကသိရိ | _ထိုင်း နိုင်ငံ |
| ၁၃၊ | ဦးနန္ဒ | _ထိုင်း နိုင်ငံ |

တို့ဖြစ်၏၊

အစည်းအဝေးတွင် ထိုင်းနိုင်ငံမှ ဆရာတော် ဦးပညာဝံသက အစည်းအဝေး သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်၏၊

## ဗုဒ္ဓဘာသာ မြန်မာသံဃာတော်များ၏ ခေတ်တစ်ခေတ်ကို ထူထောင်ခြင်း

ယင်း အသင်း ဖြစ်မြောက်ရေး အစည်းအဝေးတွင် သဘာပတိ ဆရာတော်က ဩဝါဒ ကထာ ချီးမြှင့်ရာတွင် "မြတ်စွာဘုရား ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခြင်းမှာ သတ္တဝါများ အားလုံး ချမ်းသာရန်အတွက် ဖြစ်ကြောင်း၊ မြတ်စွာဘုရားသည် တရားဓမ္မများ ဟောကြားခဲ့ရခြင်းမှာလည်း သတ္တဝါအားလုံး၏ အကျိုးအတွက် ဖြစ်ကြောင်း၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များသည်လည်း ဘုရားရှင်၏ ရည်ရွယ်ချက်အတိုင်း သတ္တဝါအားလုံး၏ အကျိုးစီးပွားကို မြှင့်တင် ဖော်ဆောင်ရေး အတွက် ဘုရားရှင်၏ တရားဓမ္မများကို ဟောကြားဖော်ဆောင် ရာတွင် စုစည်းညီညွတ်ကြရန် လိုအပ်ကြောင်း၊ ယခုအခါ ဗုဒ္ဓ မြတ်စွာ၏ တရားတော်များ ပြန့်ပွားရေးအတွက် သံဃာတော် များ စုဝေးခဲ့ကြပြီး သံဃာတော်များ အချင်းချင်း ကူညီရိုင်းပင်း နိုင်ရန်အတွက် မိမိတို့၏ အတွေ့အကြုံနှင့် သဘောတရားများကို ဖလှယ်ကြကာ ပူးပေါင်းဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံခြားတွင် နေထိုင်သော မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ လုပ်ငန်းတွင် ခေတ်တစ် ခေတ်စတင်ခြင်းဟု အဓိပ္ပါယ်ကောက်ယူနိုင်ကြောင်း၊ ယခုကဲ့သို့ အဖွဲ့ဝင် သံဃာတော်များသည် တစ်ပါးနှင့် တစ်ပါး တိုင်ပင် ညှိနှိုင်း၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သောအခါတွင် ခဲယဉ်း ကျပ်တည်းသော အခြေအနေတွင် တွေ့ရှိရသည့် အခက်အခဲ အကျပ်အတည်း အမြောက်အမြားကို ရင်ဆိုင်ရသော သံဃာတော်

များအဖို့ တွန်းအားတစ်ရပ် ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ”ဖြင့် မိန့်ကြားကာ အပြည်ပြည်ဆိုင်ရာ မြန်မာ သံဃာအသင်း ဖြစ်မြောက်ရေး အစည်းအဝေးကို ဖွင့်လှစ်ခဲ့၏။

ဖြစ်မြောက်ရေး အစည်းအဝေးတွင် ဂျပန်နိုင်ငံမှ ဆရာတော်ဦးဝေပုလ္လက ဩဝါဒစကားမြွက်ကြားရာတွင် “ အသင်း၏ ရည်ရွယ်ချက်များ အောင်မြင် ပြည့်မြောက်စွာ ဖော်ဆောင်နိုင်ပါစေဟု ဆုတောင်း မေတ္တာ ပို့သကြောင်း၊ သံဃာတော်များ အတွင်း စည်းလုံး ညီညွတ်မှုရှိသဖြင့် အသင်းကြီးကို အောင်မြင်စွာ ဖွဲ့စည်းနိုင်မည်ဟု မိမိ ယူဆကြောင်း ” မိန့်ကြား၏၊ ထို ပဏာမ အစည်းအဝေးတွင် တက်ရောက်လာကြသော ဆရာတော်များသည် အသင်း၏ အလုပ်အမှုဆောင် ဆရာတော်များကို ရွေးချယ်ရန် လိုအပ်ကြောင်းနှင့် အသင်း၏ အစည်းအဝေးများကို နှစ် - နှစ် သို့မဟုတ် သုံးနှစ်လျှင် တစ်ကြိမ်ကျ ကျင်းပသင့်ကြောင်း အဆိုပြု တင်ပြသွားပါသည်၊

ပဏာမ အစည်းအဝေးတွင် အိန္ဒိယနိုင်ငံမှ ဆရာတော် ဦးဇာဂရာဘိဝံသ ကလည်း “ တစ်ကမ္ဘာလုံးနှင့် ဆိုင်သော ဗုဒ္ဓဘာသာ အသင်းတစ်သင်း လိုအပ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ရဟန်းတော်များသည် အိန္ဒိယနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ကြပြီး ဗုဒ္ဓ၏ တရားတော်များကို ကျင့်ကြံ အားထုတ်ခြင်း၊ ဟောကြား ပြသခြင်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ဗုဒ္ဓဘာသာ ကျောင်းတော်များနှင့် သာသနာ့ အဆောက်အအုံများကို ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်ပြင် ဘုရားဖူးများအား တည်းခိုစရာ နေရာထိုင်ခင်း စီစဉ်ပေးခြင်းများကို

ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်ပရောက် ရဟန်းတော်များသည် မိမိတို့၏ ဇာတိ နိုင်ငံတော်နှင့် ဝေး၍ ကာလရှည်စွာ ရေခြား မြေခြား နေရသဖြင့် ယင်းတို့၏ ဇာတိ ရပ်ရွာမှ ရွာသူ ရွာသား များကပင် မိမိတို့အား မေ့လျော့ကုန်ကြပြီ ဖြစ်ကြောင်း၊ အိန္ဒိယ နိုင်ငံသို့ လာရောက် လည်ပတ်နိုင်ပြီး သာသနာပြု ဘုန်းကြီးများ၏ လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ မြင်မှသာလျှင် အဝေးရောက် ရဟန်းသံဃာတော်များ၏ ထိန်း သိမ်းမှုကို သဘောပေါက် နားလည်လာကြမည် ဖြစ်ကြောင်း၊ ပြည်ပရောက် သာသနာပြု ရဟန်းတော်များ အချင်းချင်း အဆက်အသွယ် ပြတ်တောက်မှုများလည်း ရှိကြောင်း၊ ထိုသို့ သော ပြတ်တောက်မှုကြောင့် သာသနာပြု ရဟန်းတော်တစ်ပါး သည် အခြား တစ်နေရာ၌ အလားတူ လုပ်ငန်းဆောင်ရွက်နေ သော အခြား ရဟန်းတော် တစ်ပါး၏ လုပ်ငန်းကို အနည်းငယ် မျှသာ သိရှိခဲ့ကြောင်း၊ ဤအသင်းကြီး ပေါ်ပေါက်လာပါက သာသနာပြု လုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဆွေမျိုးမိဘ များ၊ ကမ္ဘာတွင် သာသနာပြု လုပ်ငန်း လုပ်ဆောင်နေသော သံဃာ အချင်းချင်း အဆက်အသွယ်များ ပေါ်ပေါက်လာမည် ဖြစ်ကြောင်း၊ ထိုသို့ ဆက်သွယ်မိပါက တစ်ဦး အခက်အခဲကို တစ်ဦးက ကူညီရင်းဖြင့် သာသနာ့ အကျိုးကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာ ရဟန်းတော် များသည် စာပေ၊ ပိဋကတ်ကို တတ်မြောက်ပြီး၊ ပါဠိစာပေ များကို ကျွမ်းကျင်တော်မူကြသဖြင့် သာသနာတော်ကို စည်ပင် ပြန့်ပွား တိုးတက်အောင် ဆောင်ကြဉ်းနိုင်ကြသည့် သံဃာများ ပင် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်တော်မူရာတွင် သတ္တဝါ

များ အကျိုးကျေးဇူး များစေသည့် တရားဓမ္မ ဟောကြားရေး၌ အခြားသော သံဃာတော်များနှင့် ပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် ပိုမို၍ အကျိုးကျေးဇူးများ ရနိုင်ကြမည် ဖြစ်ကြောင်း ” မြွက်ကြားသွားခဲ့၏။

ပဏာမ အစည်းအဝေးတွင် ပီနန် ဆရာတော်ကြီး ဦးပညာဝံသက နိဂုံးချုပ် အမှာစကား မြွက်ကြားရာတွင် “ မြန်မာနိုင်ငံမှ သာသနာပြု ဘုန်းကြီးများသည် နိုင်ငံခြားတိုင်းပြည်များတွင် လုပ်ငန်းရှင်သန် ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ကြသည်မှာ မြန်မာနိုင်ငံ ပြည်ပတွင် ဗုဒ္ဓ၏ တရားဓမ္မများကို ဖြန့်ချိလိုသော ယုံကြည်ချက်ကြောင့်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ပြည်သူများက ထိုလုပ်ငန်းများကို သတိမပြုကြသော်လည်း စင်စစ် ထိုသာသနာပြု လုပ်ငန်းကို ဆောင်ရွက်နေသည်မှာ နှစ်ပေါင်း ၂၀၀ နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ပီနန်တွင်ရှိသည့် မြန်မာ ကျောင်းတော်မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၈၀ ကျော်ကတည်းက ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချက်ကို သာမန်အရပ်သားများသာမက သံဃာတော်များပင် မသိရှိကြသေးကြောင်း၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများရှိ ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးများသည်လည်း အလားတူပင် ဖြစ်ကြောင်း၊ မကြာမီ နှစ်များအတွင်းက မြန်မာဘုန်းတော်ကြီးကျောင်းများကို ဂျပန်၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် တည်ထောင်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံခြား သာသနာပြုရဟန်းတော်များသည် ယင်းတို့၏ နေ့စဉ် လုပ်ငန်းများတွင် အခက်အခဲ အကျပ်အတည်း များစွာဖြင့် ရင်ဆိုင်နေရသော်လည်း အဆိုပါ သံဃာတော်များ အကြောင်းကို လူသိနည်းလှကြောင်း ” ဖြင့် မိန့်ကြား၏။

ဆရာတော်ကြီးက ဆက်လက်မြွက်ကြားရာတွင် " ယခုအချိန်သည် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ရောက်ရှိနေကြသော ဗုဒ္ဓသာသနာပြု မြန်မာ ရဟန်းတော်များ အဖို့ တစ်ပါးနှင့် တစ်ပါး ဆက်သွယ်ရန်၊ တွေ့ရှိချက်များ၊ အတွေ့အကြုံများ၊ အမြင်များကို ဖလှယ်ကြရန်၊ သတင်းကောင်းများ၊ မင်္ဂလာသတင်းများကိုသာမက လုပ်ငန်း အခက်အခဲဆိုင်ရာ သတင်းများကိုပါ သိရှိကြပြီး အခြား သံဃာတော်များနှင့် အဆက်အသွယ် ပြတ်တောက်ခြင်း မရှိစေရန် လုပ်ဆောင်ရန် အချိန်တန်ပြီ ဖြစ်ပါကြောင်း " ဖြင့် မြွက်ကြားခဲ့သည်။

ဆက်လက်၍ ဆရာတော် ဦးပညာဝံသက " အများသိရှိပြီးကြသည့်အတိုင်း သံဃာတော်များသည် မကြာခဏ ခရီးမထွက်နိုင်ကြကြောင်း၊ သို့သော် ယခုကဲ့သို့ သာသနာ့အကျိုးကို ရှေးရှု၍ သံဃာတော်များ စုဝေး ကြွရောက်တော်မူလာကြသည့်အတွက် မိမိအနေဖြင့် အထူး ဝမ်းသာအားရ ဖြစ်ခဲ့ကြောင်း မြွက်ကြားပါသည်။ ထို့ပြင် သက်တော် ကြီးပြင်းလာကြပြီဖြစ်သော ထေရ်ကြီး ဝါကြီးများနှင့် ရဟန်းပျိုများ၏ အကြား ဆက်ဆံရေး ကောင်းမွန်မှုကို ထူထောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သာသနာပြု လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း "ကိုလည်း ဆရာတော် ဦးပညာဝံသက ပဏာမ အစည်းအဝေး၌ တိုက်တွန်း ပြောကြားခဲ့သည်။

ထို့နောက် ဆရာတော်ကြီးက အစည်းအဝေးသို့ တက်ရောက်လာကြသော သံဃာတော်များ အားလုံးအား ယင်းတို့၏

တွေ့ရှိချက်များကို ဖော်ပြရန်နှင့် ဆရာတော်တို့ တာဝန်ယူထားသည့် လုပ်ငန်းများကို မည်သို့မည်ပုံ အကောင်အထည်ဖော်ကြသည်ကို အကြံပြုတော်မူကြရန် မိန့်ကြားခဲ့ပါသည်။

ထိုပကာမ အစည်းအဝေးတွင် တစ်ကမ္ဘာလုံးမှ ကြွရောက်လာကြသော သံဃာတော်များက မကြာမီ ဖွဲ့စည်းတည်ထောင်မည့် အသင်းကြီး၏ လိုအပ်ချက်များကို ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ ကျရာတာဝန်ကို မိမိတို့ အားကြိုးမာန်တက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုကြပြီး ဇယမင်္ဂလာဂါထာကို ရွတ်ဖတ်၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါ၏။

## အသင်း၏ ပထမအကြိမ် အစည်းအဝေး

အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာအသင်း၏ ပထမအကြိမ် အစည်းအဝေးကိုကား ဖြစ်မြောက်ရေး အစည်းအဝေး ကျင်းပပြီး လေးရက်အကြာ ၁၉၈၅ ခုနှစ် မေလ ၅ ရက်နေ့ တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီ အချိန်တွင် ဗီနန်မြို့ ဘဲလ်လီဗေး [ Bellevue ] ဟိုတယ်တွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အစည်းအဝေး သဘာပတိအဖြစ် ဦးပညာဝံသ က ဆောင်ရွက်၏။ မျက်နှာစုံညီ အစည်းအဝေးသို့ ကမ္ဘာအံရပ်ရပ်မှ ဆရာတော် ၁၃ ပါးလုံးနှင့် ဒါယကာ၊ ဒါယိကာမပေါင်း ၂၀ လည်း တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်က အဖွင့်ဩဝါဒကထာ မိန့်ကြားပြီး အသင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါ၏။

## အသင်း၏ ရှေ့လုပ်ငန်းစဉ်များ

( က ) နိုင်ငံခြား တိုင်းပြည်များသို့ ရောက်ရှိနေသော မြန်မာသံဃာတော်များ၏ ကိုယ်စားလှယ်များကို နှစ် နှစ်မှ သုံးနှစ်လျှင် တစ်ကြိမ်ခေါ်ယူ၍ အစည်းအဝေး ကျင်းပ ရန်နှင့် လက်ခံကျင်းပမည့်နိုင်ငံကို မထပ်စေရန် ရွေးချယ်ပြီး ဆောင်ရွက်ရန်၊

( ခ ) ဓမ္မဒူတ ( ဗုဒ္ဓသာသနာပြု ) အတွေ့အကြုံများကို နှီးနှောဖလှယ်ကြရန်၊

( ဂ ) အကူအညီနှင့် ထောက်ပံ့မှုများ အမှန်တကယ်လိုအပ်နေသည့် ဘုန်းတော်ကြီးကျောင်းများအား လိုအပ်မှုများ ဖြည့်ဆည်းပေးရန်၊

( ဃ ) အသင်းမှ အဖွဲ့ဝင် သံဃာတော်များ အချင်းချင်း ယင်းတို့၏ လုပ်ငန်းများကို ပိုမို နားလည်သဘောပေါက်မှုရှိစေရန် တစ်ပါးနှင့် တစ်ပါး ဆက်သွယ်၍ ပူးပေါင်း ဆောင်ရွက်ရန်၊

( င ) အသင်းအတွက် သတင်းလွှာ သို့မဟုတ် ဂျာနယ် တစ်စောင်ကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ်ကျ ပုံနှိပ် ထုတ်ဝေရန်၊

(ဝ) ဗုဒ္ဓဝါဒနှင့် စပ်လျဉ်း၍ ရှားပါးလှသော မြန်မာဘာသာ စာအုပ်များနှင့် မြန်မာ ပညာရှိရဟန်းတော်များ ပြုစုသော ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုထားသော စာအုပ်များကို ပုံနှိပ်ထုတ်ဝေရန်၊

(ဆ) နိုင်ငံခြား တိုင်းပြည်များတွင် သီတင်းသုံးနေထိုင်လျက်ရှိသော မြန်မာဘုန်းတော်ကြီးများ၏ အတ္ထုပ္ပတ္တိများနှင့် ယင်းတို့၏ ကျောင်းတိုက်များ သမိုင်းကို မှတ်တမ်းပြုစု၍ အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ် ထုတ်ဝေရန်၊

(ဇ) ယခုအချိန်ထိ မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှ မတည်ထောင်ရသေးသည့် နိုင်ငံများတွင် မြန်မာ ဘုန်းကြီးကျောင်းများ တည်ထောင်၍ ယင်းကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ကာ လိုအပ်ချက်များကို ပံ့ပိုးမှုပေးသွားရန်နှင့်

(ဈ) ယခုတိုင် မြန်မာဘုန်းကြီးများ သီတင်းသုံးကျောင်းထိုင်ခြင်း မရှိသေးသည့် မြန်မာဘုန်းတော်ကြီးကျောင်းများကို ထိန်းသိမ်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

ဖော်ပြခဲ့သည့် ရှေလုပ်ငန်းစဉ် အဆိုပြုချက်များ အားလုံးကို အစည်းအဝေးသို့ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ အားလုံးက ချွင်းချက်မရှိ လက်ခံအတည်ပြုခဲ့ကြသည်။



**အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များအသင်းကြီး၏ ပထမအကြိမ် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော ထိုင်းနိုင်ငံ လမ်ပန်းမှ ဦးပညာဝံသ**

ထိုနောက်ယင်း အစည်းအဝေး၌အစည်းအဝေး အစီအစဉ်များ ဆက်လက် မကျင်းပမီ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က ဘဝနတ်ထံ ပျံလွန်တော်မူသွားသော ဂျပန်နိုင်ငံမှ သာသနာပြု ဆရာတော် ဦးဓမ္မစာရ အချိန်မတိုင်မီ ပျံလွန်တော်မူခြင်းကို မှတ်တမ်းတင်သည်။ ဆရာတော် ဦးဓမ္မစာရသည် ဤအသင်းကြီးအောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ရေးကို ပါဝင်ကြိုးပမ်းခဲ့သည်။ ဆရာတော်ကြီးသည် ကနဦး ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သည့် ဆရာတော်တစ်ပါးဖြစ်ပြီး သက်ရှိထင်ရှားရှိစဉ်က ဆရာတော်သည် တန်ဖိုးရှိလှသော သဘောထားများနှင့် အကြံဉာဏ်များ ပေးခဲ့သည်။ ထို့ကြောင့် ဆရာတော်ကြီးအား အစည်း


အစေးကြီးသို့ တက်ရောက်သူများ အားလုံးက နှစ်မိနစ် ငြိမ်သက်စွာရပ်၍ ပျံလွန်တော်မူသွားသော ဆရာတော်အား ဂါရဝပြုမေတ္တာများ ပို့သခဲ့ကြပါသည်။

ပထမအကြိမ် အစည်းအဝေးမှ အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာသံဃာအသင်း [ IBBSO ]၏ အလုပ်အမှုဆောင် ရုံးအဖွဲ့နှင့် ကော်မတီဝင်များကို အစည်းအဝေးကြီးက အများသဘောတူ ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

ဥက္ကဋ္ဌ — ဆရာတော် ဦးဝေပုလ္လ ဂျပန်နိုင်ငံ
ဒုတိယ ဥက္ကဋ္ဌ ( ၁ ) — ဆရာတော် ဦးဉာဏိက ထိုင်းနိုင်ငံ
ဒုတိယ ဥက္ကဋ္ဌ ( ၂ ) — ဆရာတော် ဦးဇာဂရာဘိဝံသ အိန္ဒိယနိုင်ငံ
အကျိုးဆောင် ဆရာတော် — ဆရာတော် ဦးပညာဝံသ
တွဲဖက် အကျိုးတော်ဆောင် ဆရာတော် — ( ၁ ) ဆရာတော်ဦးရေဝတဓမ္မ
( ၂ ) ဆရာတော် ဦးအာသဘ
အကျိုးတော်ဆောင် ဘဏ္ဍာထိန်း — ဆရာတော် ဦးပညာသီရိနန္ဒ
တွဲဖက် ဘဏ္ဍာထိန်းများ — ( ၁ ) ဦးတိလောက
( ၂ ) ဦးကာရုနိတ
ကော်မတီ အဖွဲ့ဝင်များ -------

ဆရာတော် ဦးသီလာနန္ဒ ( အမေရိကန် )
ဆရာတော် ဦးဝိမလ ( အမေရိကန် )
ဆရာတော် ဦးနန္ဒ ( ထိုင်းနိုင်ငံ )
ဆရာတော် ဦးနန္ဒိယ ( ထိုင်းနိုင်ငံ )
ဆရာတော် ဦးဉာဏိန္ဒ ( အိန္ဒိယ )
ဆရာတော် ဦးဉာဏိဿရ ( အိန္ဒိယ )

ထိုပြင် အစည်းအဝေးကြီးမှ အောက်ဖော်ပြပါဆုံးဖြတ်ချက်များကိုလည်း အများသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။



**သင်းကြီး၏ ဒုတိယဥက္ကဋ္ဌ(၁) ဖြစ်တော်မူသော ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၃၀ နီးပါး သီတင်းသုံးနေထိုင်တော်မူခဲ့သည့် ဆရာတော် ဦးဉာဏိတ**

၁။ ပြည်ပနိုင်ငံများတွင် နေထိုင်၍ ဗုဒ္ဓ၏ တရားတော်များကို ဟောကြား ဖြန့်ချိကာ သာသနာပြုနေတော်မူကြသည့် မြန်မာ သံဃာတော်များအားလုံးအား အသင်းသို့ ဝင်ရောက်ဆောင်ရွက် တော်မူကြရန် ဖိတ်ကြားသွားရန်။

၂။ အသင်းဝင် သံဃာတော်များအား အဖွဲ့ဝင်လက်မှတ်များ ဆက်ကပ်ရန်။

၃။ အထက်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ရေး အတွက် အောက်ဖော်ပြပါ ဆရာတော်များအား ရွေးချယ်တာဝန် ပေးခဲ့သည်။

( က ) အိန္ဒိယနိုင်ငံမှ -- ဆရာတော် ဦးဇာဂရာဘိဝံသ
( ခ ) အမေရိကန်နိုင်ငံမှ-- ဆရာတော် ဦးပညာဝံသ
( ဂ ) ဗြိတိန်နိုင်ငံမှ------ ဆရာတော် ဦးရေဝတဓမ္မ
( ဃ ) ဂျပန်နိုင်ငံမှ------- ဆရာတော် ဦးဝေပုလ္လ
( င ) ထိုင်းနိုင်ငံမှ-------- ဆရာတော် ဦးဉာဏိက
( စ ) သီရိလင်္ကာနိုင်ငံမှ------ဆရာတော် ဦးသုမန

၄။ အသင်းကို အမေရိကန်နိုင်ငံတွင် မှတ်ပုံတင်ရန်၊

၅။ အသင်း၏ ဆောင်ပုဒ်မှာ ----
**" စရထ ဘိက္ခဝေ စာရိကံ "**
**" ရဟန်းတို့ ဒေသစာရီ လှည့်လည်ကြကုန်လော့ "**
CARATHA BHIKKHAVE CARIKAM.
**" Go ye - O Bhikkhue and wander forth"**

၆။ အသင်း၏ တံဆိပ်ကို နိဒါန ၁၂ ပါးအား ကိုယ်စားပြုသည့် ထောင့် ၁၂ ထောင့်ပါသော ဓမ္မစကြာပုံကို သတ်မှတ်သည်၊

၇။ စင်္ကာပူနိုင်ငံတွင် မြန်မာ ဘုန်းကြီးကျောင်းတစ်ကျောင်း ထူထောင်ရန်၊

ဆရာတော်ဦးပညာဝံသအား ယင်း စင်္ကာပူ ဘုန်းတော်ကြီးကျောင်းအတွက် အခြားသော ဆရာတော်များ၏ အကူအညီကို ရယူကာ စည်းရုံးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့၏ ။

အသင်း၏ ပုံနှိပ်ထုတ်ဝေမည့် စာအုပ် စာစောင်များနှင့် အခြားသော စာပေဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်ဆောင်ရွက်မည့် ဆရာတော်များကို ရွေးချယ်သတ်မှတ်ခဲ့၏။

**အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ (၂) ဖြစ်၍ အိန္ဒိယနိုင်ငံ နာလန္ဒာ ပါဠိတက္ကသိုလ်၏ ကထိက ဖြစ်သော ဆရာတော်ဒေါက်တာ ဓာဝရသိဝံသ (မဟာဝိဇ္ဇာ- ပီအိပ်ချ်ဒီ)**

ထို့ပြင် မြန်မာဆရာတော်ကြီး များအား ယင်းတို့၏ ထေရုပ္ပတ္တိများကို ရေးသားပေးပါရန် မေတ္တာရပ်ခံလျှောက်ထားပြီး ယင်းတို့ကို အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် အသင်းကြီးက ပုံနှိပ်ထုတ်ဝေရန်ကိုလည်း ဆုံးဖြတ်ချက် တစ်ရပ် အနေဖြင့် ဆုံးဖြတ်ခဲ့သည်။

ဆရာတော်ကြီးများနှင့် စာရေးဆရာများ မြန်မာဘာသာ ပါဠိဘာသာတို့ဖြင့် ရေးသားသည့် ဗုဒ္ဓဝါဒဆိုင်ရာ စာပေများကို ဘာသာပြန်ဆို၍လည်းကောင်း၊ အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော မူရင်းစာပေများကို ရွေးချယ်၍လည်းကောင်း ပုံနှိပ် ထုတ်ဝေရန်၊ ယင်းလုပ်ငန်း ဆောင်ရွက် ရန်ကိုလည်း ဆုံးဖြတ်ခဲ့၏။

ထိုပြင် ပြည်ပ၌ အမြဲတမ်း သီတင်းသုံးမည့် ကျောင်းထိုင် ဘုန်းတော်ကြီးများ ရှာဖွေရေး၊ စက်ဝ္ပ ဘုန်းတော်ကြီး ကျောင်းအား ထိန်းသိမ်း စောင့်ရှောက်ရေး ကိစ္စများကိုပါ ဆွေးနွေး ဆုံးဖြတ်ကြပြီး အပြည်ပြည် ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်း ပထမ အကြိမ် အစည်းအဝေးကို နေ့လယ် ၂ နာရီတွင် ရုပ်သိမ်းခဲ့၏။

## ဒုတိယ အကြိမ်မြောက် အစည်းအဝေး

အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်း၏ ဒုတိယ အကြိမ်မြောက် အစည်းအဝေးကို မလေးရှားနိုင်ငံ ပီနန်မြို့ ဗေးဗြူး [ Bay view ] ဟိုတယ်၌ ၁၉၈၅ ခုနှစ် မေလ ၆ ရက်နေ့ မွန်းလွဲ ၁ နာရီ အချိန်တွင် ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေး၌ ပထမအကြိမ် အစည်းအဝေးမှ ချမှတ်ခဲ့သော ရေးလုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များ ကို ဆွေးနွေးညှိနှိုင်းကာ

| | | | | |
|---|---|---|---|---|
| ( က ) | ထိုင်း | နိုင်ငံမှ | ဆရာတော် | ဦးပညာဝံသ၊ |
| ( ခ ) | အိန္ဒိယ | နိုင်ငံမှ | ဆရာတော် | ဦးနန္ဒဝံသ၊ |
| ( ဂ ) | အိန္ဒိယ | နိုင်ငံမှ | ဆရာတော် | ဦးတိက္ခနန္ဒိယ၊ |
| ( ဃ ) | အိန္ဒိယ | နိုင်ငံမှ | ဆရာတော် | ဦးကိတ္တိမ၊ |
| ( င ) | အိန္ဒိယ | နိုင်ငံမှ | ဆရာတော် | ဦးဇယန္တ၊ |
| ( စ ) | အိန္ဒိယ | နိုင်ငံမှ | ဆရာတော် | ဦးသီရိဖေယျ၊ |
| ( ဆ ) | သီရိလင်္ကာ | နိုင်ငံမှ | ဆရာတော် | ဦးသီဂ္ဂဝ |

တို့အား အသင်းကြီး၏ နာယက ဆရာတော်များ အဖြစ် တင်မြှောက်ပြီး အစည်းအဝေးကြီးကို ထိုနေ့ မွန်းလွဲ ၂ နာရီတွင်


သံဃာတော်များက ဇယမင်္ဂလာ ဂါထာတော်ကို ရွတ်ဆိုကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဤသို့သော ဆောင်ရွက်မှုသည် ဆရာတော် ဦးပညာဝံသ၏ သာသနာရေးဆိုင်ရာ အရေးကြီးသော ဆောင်ရွက်မှုကြီးတစ်ရပ်ဖြစ်သည်။ သာမန် ပုဂ္ဂိုလ်တို့ ဆောင်ရွက်ခြင်းငှာ မတတ်နိုင်သော ဆောင်ရွက်ချက်ကြီး တစ်ရပ်လည်းဖြစ်၏။



**အသင်းကြီး၏ အကျိုးတော်ဆောင် အဋ္ဌာထိန့်ဖြစ်သော ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၂၀ ကျော် သီတင်းသုံး သာသနာပြုနေသည့် ဆရာတော် ဦးပညာသိရိနှင့်**

ဆရာတော် ဦးပညာဝံသ၏ ဇွဲလုံ့လနှင့် အပြည်ပြည်ဆိုင်ရာနိုင်ငံများတွင်ရှိကြသော ဆရာတော် သံဃာတော်ကြီးများ ဝိုင်းဝန်းအားပေး ညီညွတ်မှုတို့ကြောင့် ပေါ်ပေါက်လာသော ဤအသင်းကြီးသည် ထိုင်းနိုင်ငံ ဝပ်သီရိချန် ဆရာတော် ဦးပညာဝံသ အမိန့်ရှိသည့်အတိုင်း ဘုရားသာသနာတော်တွင် မြန်မာသံဃာတော်များ၏ သာသနာတစ်ခေတ်ကို ထူထောင်ခဲ့ခြင်းပင် ဖြစ်ပါ၏။



**ပီနန်မြို့ ၏ သာယာသော လမ်းများကို တွေ့ရစဉ်**

## အနှစ် ၂၀၀ နီးပါး အဆက်မပြတ် ထင်းနေသည့် သာသနာ့ ရောင်ခြည်

ကျွန်တော်သည် ပီနန်ဘုန်းတော်ကြီးကျောင်းတွင် တစ်ပတ်ကြာမျှ နေထိုင်ခဲ့သည်၊ ပြည်ပရောက် မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ၏ ဗုဒ္ဓသာသနာရောင်ခြည် တစ်ကမ္ဘာလုံးကို ထွန်းလင်း တောက်ပြောင်ရေး အတွက် ကြိုးပမ်း သည်မှာ

အားရဝမ်းသာဖွယ်ရာဖြစ်၏၊ ပီနန်ကျွန်းသည် ဆရာတော်ကြီး ဦးပညာဝံသ၏ ဦးစီးဦးဆောင် နာယကပြုလျက် အနှစ် ၂၀၀ နီးပါးမျှ ရှည်လျားကြာမြင့်စွာ ထွန်းလင်းနေသော သာသနာ့ရောင်ခြည်ကို မည်သည့်အကြောင်းနှင့်မျှ မှေးမှိန်ခြင်း မရှိစေရန် ဆက်လက် ထွန်းညှိလျက်ထားပါ၏။

ပီနန်ကျွန်းလေးသည် မလေးရှားပြည်မကြီး၏ အနောက်မြောက်ယွန်းယွန်းတွင် တည်ရှိ၏၊ ပီနန်ကျွန်း၏ အနောက်တောင်ဘက် ကမ်းခြေတွင်ရှိသော တောင်တန်းများက ပီနန်မြို့အား တံတိုင်းသဖွယ်ကာဆီးထား၏၊ ပီနန်ကျွန်းသည် ထာဝရစိမ်းလန်းစိုပြည်နေသော မြို့ကြီးတစ်မြို့ဖြစ်၏၊ အနောက်တောင်ဘက်ရှိ တောင်တန်းကြီးပေါ်တွင်ကား မြအခင်း မြကမ္ဗလာပမာ သစ်ပင်ပန်းမာလ်တို့ စိမ်းလန်းစိုပြည်စွာ ပေါက်ရောက်လျက်ရှိ၏၊ ပီနန်သည် အနောက်တောင်ဘက်ရှိ တောင်တန်းများကြောင့် မုန်တိုင်းဒဏ် လေဒဏ် ခံရခြင်းမှ အစဉ်ကင်းဝေး၏၊ ပီနန်ကျွန်းကြီးသည် လှိုင်းမြောင်ချောက်ကမ်းပါးတို့အပြင် စိမ်းစိုနေသော တောင်ထွတ် တောင်စွယ် ကမ်းခြေ ပင်လယ်တို့ဖြင့် အလွန်မှလှပ၏၊ ထို့ပြင် ပန်းခြံ၊ ဥယျာဉ်၊ ပန်းရုံများ၊ လိပ်ပြာမွေးမြူရေးခြံများစသည့် လှပဆန်းကျယ်သော ပန်းမျိုးစုံအပြင် သစ်ကြီးဝါးကြီး အပင်များဖြင့် ခက်ချင်းယှက် အပွင့်ချင်းဆိုင် ပန်းရနံ့သင်းကြိုင်ကာ ပွင့်ဖူးဝေဆာနေသည်က အလွန်ပင် ကြည်နူးစရာဖြစ်၏၊ အထူးသဖြင့် ပီနန်၏ လမ်းများသည်ကား အခြားအခြားသော မြို့ကြီးများ၏ လမ်းများနှင့်မတူ အုပ်အုပ်ဆိုင်းဆိုင်းညို့မှိုင်းမှိုင်းရှိနေသည့် သစ်ပင်များ ဝဲယာတစ်ဘက်တစ်ချက်


တွင်ပေါက်လျက် အဲ ဗင်းနယူးဟုခေါ်သော လမ်းကြီးများက စိုပြေသာယာလှ၏။ ပီနန်ကျွန်းကို မလေးရှားပြည်မကြီး၏ တင့်တယ်ကျော့ရှင်းလှပခြင်းတို့ဖြင့် ပြည့်စုံနေသော ကျက်သရေ ဆောင် သမီးပျိုလေးပမာ တင်စားကြ၏။



အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ အသင်းကြီး ဖြစ်မြောက်ရေးအတွက် အဓိက ပံ့ပိုးကူညီခဲ့သော မစ္စတာ ဟင်နရီထီချန်း (ဝဲမှ စတုတ္ထ) အား ပီနန် ဓမ္မိကာရာမကျောင်းတိုက် ဝေါပက အဖွဲ့က ဂုဏ်ပြုညစာဖြင့် ဧည့်ခံကြစဉ်။

ပီနန်ကျွန်းပေါ်ရှိ လမ်းများသည် နေပျောက်မထိုးဘဲ တန်းစီနေသော ပင်လုံးကျွတ်ပွင့်နေသည့် ပိတောက်ပင်ကြီးများ၊ အုန်းထန်းပင်များ၊ ဇရာမ ကုက္ကိုပင်ကြီးများနှင့် အလွန်လှပ၏။ ပီနန်ကျွန်းတွင် နွေဆောင်းဟူ၍မရှိဘဲ အစဉ်သဖြင့် ပူအိုက်စွတ်စို၍နေသော ရာသီဥတုရှိ၍ တစ်နှစ်ပတ်လုံး မိုးမပြတ်ရွာသွန်းနေသောကြောင့် သစ်ပင်ပန်းမာလ်တို့ ဖြစ်ထွန်း ပေါက်ရောက်ကာ ဤသို့ လှပနေခြင်းဖြစ်သည်။ ပီနန်ကျွန်းပေါ်တွင် တစ်နှစ်ပတ်လုံး ပန်းမျိုးစုံ ပွင့်ဖူးဝေဆာ-နေရုံသာမက သစ်သီးဝလံတို့မှာလည်း တစ်နှစ်ပတ်လုံး အသီးမပြတ်ဘဲရှိ၏။ တကယ်တော့ ပီနန်ကျွန်းသည် သာယာစိုပြည်သည့် ပန်းဥယျာဉ်ကြီးတစ်ခုဟု ဆိုပါက မမှားနိုင်ပေ။ ထိုကဲ့သို့ သဘာဝအားဖြင့် လှပသလို ကွန်တာတာဝါ အပါအဝင် ဘိန်ျဟိုတယ်၊ ဂရင်းဟိုတယ်၊ မီတတ်တံတားနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကလည်း ပီနန်ကျွန်း၏ အလှကို ဖြည့်စွက်လှပနေပါ၏။

မြန်မာ ဗုဒ္ဓဘာသာတို့အတွက်ကား ထိုသို့သော အလှအပတို့ အထဲမှ အနှစ် ၂၀၀ နီးပါးမျှရှိသော မြန်မာဘုန်းတော်ကြီးကျောင်းအတွင်းရှိ မြတ်စွာဘုရား ဆင်းတုတော်များ၊ မဟာဗောဓိပင်၊ ကျောင်းတော် အတွင်းရှိ စေတီတော်အပြင် အခြားသော ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်ထု ရုပ်လုံး ရုပ်ကြွများဖြင့် မြန်မာမှုမြန်မာဟန် မြန်မာ့ လက်ရာ အလှများက ပို၍ လှပခန့်ညားလှသည်ဟု ထင်ပါ၏။ ထိုထက်ပို၍ လှပနေသော အရာကား ပီနန် မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင်



**အစည်းအဝေးကာလအတွင်း ဆရာတော်ကြီးများအား ဘဲလီဗေး ဟိုတယ် မန်နေဂျာက ဤသို့ ဆွမ်းဆက် ကပ်လှူဒါန်းခဲ့သည်။**

အခြေခံ၍ တစ်ကမ္ဘာလုံးအား ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားစည်ပင်ခိုင်ခံ့ရေးကို ဦးတည်၍ ဖွဲ့စည်းထားသော "**အပြည်ပြည်ဆိုင်ရာ မြန်မာ့ဗုဒ္ဓ ဘာသာ အသင်းကြီး** "ပင်ဖြစ်ပါ၏။

ပြည်ပတွင် သာသနာပြုနေကြသော မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ စည်းလုံးညီညွတ်မှု စွမ်းပကားတို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဗုဒ္ဓသာသနာ ရောင်ခြည် ထွန်းလင်းစေရေးအတွက် မြန်မာ သံဃာတော်များ၏ စုပေါင်းဖွဲ့စည်း စွမ်းဆောင်မှု အလုကား မည်သည့်အရာများနှင့်မျှ မတူသော ကျေနပ်ကြည်နူးဖွယ်ရာ တကယ့်အလှုရတနာ ဖြစ်ပါ၏။

ကျွန်တော်သည် ပီနန်ကျွန်းမှ ပြန်ခဲ့သည့်တိုင် သာယာလှပအေးချမ်းလှသော ပီနန်ကျွန်းပေါ်တွင် ဘဝတစ်ခုလုံးရင်းနှီး မြှုပ်နှံ၍ ဘုရားသာသနာတော်ကြီး တစ်ကမ္ဘာလုံးသို့ ရစ်ပတ်လွှမ်းခြုံ စည်ပင် ဖြစ်ထွန်းရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေသော ဆရာတော်ကြီး ဦးပညာဝံသနှင့် ဆရာတော်၏ သာသနာရေးဆိုင်ရာ ကြိုးပမ်းမှုများကို ဖျောက်ဖျက်၍ မရနိုင်အောင် သတိရ၍ နေပါ၏။

ပီနန်မြို့သည် ပီနန်တံတားနှင့်တကွ ဝေး၍ ဝေး၍ ကျန်ရစ်လေ ဆရာတော် ဦးပညာဝံသ၏ ဆောင်ရွက်မှုများနှင့် ထိုကျွန်းငယ်တွင် ထွန်းလင်းနေသော သာသနာ့အလင်းရောင်တန်းသည်ကား ကျွန်တော်၏ နှလုံးသားအိမ်တွင် စွဲ၍ စွဲ၍ ထင်ဟပ်ကျန်ရစ်လေ ဖြစ်ပါသတည်း။

**ချစ်စံဝင်း**

ပြည်ပ သာသနာပြု ဆရာတော်ကြီး ဦးပညာဝံသ၏
ပီနန်ကျွန်း ဓမ္မိကာရာမ မြန်မာ ဘုန်းတော်ကြီး ကျောင်း
နှင့် စင်္ကာပူ ရှိ မြန်မာ ဘုန်းတော်ကြီး ကျောင်းလိပ်စာ

VENERABLE U PANNYA VANSA
No 14. TAIGIN LANE
SINGAPORE 1232

VENERABLE U PANNYA VANSA
No 24. Burma ( MYANMAR ) Lane.
PENANG.
MALAYSA .

## အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ
## အသင်း ရုံးချုပ်နှင့် ဒေသဆိုင်ရာ ရုံးများ

**ရုံးချုပ်**

မြန်မာ ဗုဒ္ဓဘာသာကျောင်းတော်
၁၁၅ တောင်ပိုင်း ဓနသဟာယ ရိပ်သာ
လော့စ် အင်ဂျလိစ်
ကယ်လီဖိုးနီးယား - ၉၀၀၀၄
အမေရိကန် ပြည်ထောင်စု
တယ်လီဖုန်း ( ၂၁၃ ) ၃၈၂ - ၉၄၇၇

Burmese ( Myanmar )Buddhist Temple
115 South Common wealth Avenue
Los Angeles
California 90004
USA
Tel ( 213 ) 282 - 9477

**ဒေသဆိုင်ရာ ရုံးများ**

၁။ ဗုဒ္ဓဝိဟာရ ၄၇ ကာလီလေ ဝေမ်း
အက်ဒ်ဘက်စတန်း ဘာမင်ဂန်ဘီ ၁၆၉ ဘီအိုပ်ဒ်
ယူကေ
တယ်လီဖုန်း ( ၀၂၁ ) ၄၅၄ - ၆၅၉၁

၂။ ငြိမ်းချမ်းရေး ဘုရားလမ်း၊ မေကာရိပန်းခြံ
မိုဂျီကူ၊ ကီတာကျူရှူး - ဂျပန်

၃။ မြန်မာဗုဒ္ဓဘာသာ ဘုရားကျောင်း
၂၄၊ မြန်မာလမ်း
ပီနန်၊ မလေးရှား

၄။ မြန်မာ ဗုဒ္ဓဘာသာဘုရားကျောင်း
၁၇ - ကင်တာလမ်း
စင်္ကာပူ

၅။ ဝပ်သာရဓဘာကို
၁၃၈ နန်ဒီလမ်း
ဖရာအေး၊ ထိုင်းနိုင်ငံ

၆။ မြန်မာ ဗုဒ္ဓဘာသာဘုရားကျောင်း
ဗုဒ္ဓဂါယာ၊ ဂါယာခရိုင်
ဘီဟာ၊ အိန္ဒိယနိုင်ငံ

၇။ မြန်မာ ဗုဒ္ဓဘာသာဘုရားကျောင်း
အမှတ် ၂၇၀၊ ထရန်ကိုမာရီလမ်း
ကန္ဒီမြို့၊ သီရိလင်္ကာ


၈။ ဝပ်ဆိုင်မွန် (မြန်မာ) ချင်းမိုင် (ဇင်းမယ်)
ထိုင်းနိုင်ငံ

" စရထ ဘိက္ခဝေ စာရိကံ "

" ရဟန်းတို့ ဒေသစာရီ လှည့်လည်ကြကုန်လော့ "

CARATHA BHIKKHAVE CARIKAM.

**" Go ye - O Bhikkhue and wander forth"**



ပီနန်မြို့ ဗေးဗျူး ဟိုတယ်တွင် အပြည်ပြည်ဆိုင်ရာ
မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များ အသင်းကြီး၏
ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပနေကြစဉ်။




အစည်းအဝေးကြီး ပြီးသည့်နောက် မြန်မာဆရာတော်ကြီးများကို ပီနန်ရှိ ဘဲလီဗေး ဟိုတယ်ရှေ့တွင် ဒကာ၊ ဒကာမများနှင့်အတူ တွေ့ရစဉ်၊



# အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များ
# ကြီးမှူးမှု အောက်တွင် ဖွဲ့စည်းထားသည့်
# ကမ္ဘာ့နိုင်ငံအသီးသီး ရှိ မြန်မာဗုဒ္ဓဘာသာ
# ကျောင်းများ စာရင်း

## THE BURMESE BUDDHIST TEMPLES IN THE VARIOUS COUNTRIES

**Incorporated under the International Burmese Buddhist Sangha Organisation**

ဆရာတော် ဦးကိတ္တိမ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဗာရာဏသီ၊ ယူပီ
အိန္ဒိယ။

**Venerable U Kittima**
**Burmese Buddhist Temple, Varanasi, U.P. India**

ဆရာတော် ဦးနန္ဒဝံသ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
နောင်ဂါရ်း ၊
တက်ထရီဘဇား စာတိုက်၊
ဘတ်စ်တီခရိုင်၊ အိန္ဒိယ။

**Venerable U Nandavamsa**
**B.B.T., Nougrh, Tetri Bazaar, P.O. Basti, India**

ဆရာတော် ဦးသိရိဇေယျ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ရာဂျိန်ဒရာနဂရ၊
ပတ္တနား၊ ဘီဟာ၊ အိန္ဒိယ။

**Venerable U Sirijeya**
**B.B.T., Rajantra Nagra, Patthana, Bihar, India**

ဆရာတော် ဦးသိဂ္ဂဝ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၂၈၄၊ ဒေမ တဂိုဒါလမ်း
ကိုလံဘို၊ ၉ သီရိလင်္ကာ၊

**Venerable U Siggava**
**B B I , 284, Dematagoda Road, Colombo-9, Srilanka**

ဆရာတော် ဦးဝိသုဒ္ဓနန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
သီရိသုဓမ္မာရာမယာ၊
ဝပ်တာဂိုဒါ ၊ သီရိလင်္ကာ၊

**Venerable U Visuddhananda**
**B B T , Sri Sudharmaramaya, Watagoda, Srilanka**

ဆရာတော် ဦးဉာဏိက
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၁၇၊ ကင်တာလမ်း၊
စင်္ကာပူ၊ ၀၈၂၁၊

**Venerable U Nyanika**
**B B T , 17, Kinta Road, Singapore 0821**

ဆရာတော် ဦးပညာဝံသ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်သီရိချွန် ၊ လမ်ပန်၊
ထိုင်းနိုင်ငံ၊

**Venerable U Pannavamsa**
**Burmese Buddhist Temple, Wat Srichoon, Lampang, Thailand**

ဆရာတော် ဦးနန္ဒိယ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝမ်မွန်ကြန်စိန် ၊ လမ်ပန်၊
ထိုင်းနိုင်ငံ၊

**Venerable U Nandiya**
**B.B.T., Wat Moon Kyan Sein, Lampang, Thailand**

ဆရာတော် ဦးတိက္ခိန္ဒိယ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဆာရာနတ် ( မိဂဒါဝုန် )
ဗာရာဏသီ ၊ ယူပီ ၊ အိန္ဒိယ၊

**Venerable U Tikkhindriya**
**B.B.T. Saranarth, Varanasi, U.P. India**

ဆရာတော် ဦးဉာဏိန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဗုဒ္ဓဂါယာ၊ ဂါယာခရိုင်
ဘီဟာ ၊ အိန္ဒိယ၊

**Venerable U Nyaninda**
**B.B.T., Buddh Gaya, Gaya Dist. Bihar, India**

ဆရာတော် ဦးဉာဏိဿရ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ကုသိနာရုံ၊ ( ကုသျှိနဂါးရ် ) ဆေးရုံ၊
ယူပီ ၊ အိန္ဒိယ၊

**Venerable U Nyanissara**
**B.B.T., Kusinara, U.P. India**

ဆရာတော် ဦးသုမနသာဂရ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၂၇၀ ၊ ထရန်ကိုမာလီလမ်း ၊
ကန္ဒီမြို့ ၊ သီရိလင်္ကာ ၊

Venerable U Sumanasagara
B.B.T., 270, Trancomalee St. Kandy, Srilanka

ဆရာတော် ဦးဉာဏိန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ပဆနဝိဟာ ၊ ဂေါလ် ၊
သီရိလင်္ကာ ၊

Venerable U Nyaninda
B.B.T., Pasanavihar, Gall. Srilanka

ဆရာတော် ဦးစိတ္တရ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၂၄ ၊ မြန်မာလမ်း ၊
ပီနန် ၊ မလေးရှား ၊

Venerable U Chittara
B.B.T., 24, Burma Lane, Penang, Malaysia

ဆရာတော် ဦးဓမ္မနန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ထမာအို ၊ လမ်ပန် ၊
ထိုင်းနိုင်ငံ ၊

Venerable U Dhammananda
B.B.T., Wat Tama-o, Lampang, Thailand

ဆရာတော် ဦးဓမ္မရာဇ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ကျောင်းခ၊ လမ်ပန်၊
ထိုင်းနိုင်ငံ ၊

Venerable U Dhammaraja
B.B.T., Wat Kyaungkha, Lampang, Thailand

ဆရာတော် ဦးဂမ္ဘီရဗုဒ္ဓိ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
အက်စ် ၁၇၁၃၃၀ အေ မာလ်ဒဟီယား
ဗာရာဏသီ ၊ ၂ ယူပီ ၊ အိန္ဒိယ၊

Venerable U Gambhirabuddhi
B.B.T., S.171330 A Maldahia, Varanasi 2, U.P. India

ဆရာတော် ဦးဇယန္တ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ရာဇ်ဂိရိ၊
ဘီဟာ၊ အိန္ဒိယ၊

Venerable U Jayanta
B.B.T., Raj Giri, Bihar, India

ဆရာတော် ဦးကောဝိဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၁၀ အေ အီဒင်ဆေးရုံလမ်း ၊
ကာလကတ္တား၊ ၁၂ အိန္ဒိယ၊

Venerable U Kovida
B.B.T., 10-A Edenhospital Road, Calcutta 12, India

ဆရာတော် ဦးပုပ္ဖ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
မဟာဗောဓိလမ်း၊
အနုရာဓပူရ၊ သီရိလင်္ကာ၊

**Venerable U Puppha**
**B B T., Maha bodhi Road, Anuradhapura, Srilanka**

ဆရာတော် ဦးဝေပုလ္လ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ငြိမ်းချမ်းရေးဘုရားလမ်း၊ မေကာရီ ပန်းခြံ၊
မိုဂျိုကု၊ ကီတာ. ကျူးရှူး၊ ဂျပန်၊

**Venerable U Vepulla**
**B B T., Peace Pagoda, Mekari Park, Mojoku, Kitakyushu, Japan**

ဆရာတော် ဦးရေဝတဓမ္မ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၄၇၊ကာလီလေးလမ်း၊အက်ဒ်ဘာဂ်စတန်း၊
ဘာမင်ဂမ်၊ ဘီ ၁၆ ၉ ဘီ အိပ်ချ် ယူကေ၊

**Venerable Dr U Revatadhamma**
**B B T., 47, Carlyle Road, Edgbaston, Birmingham B16 9BH, U K**

ဆရာတော် ဦးတိလောက
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်မာပန်၊ လမ်ပန်၊
ထိုင်းနိုင်ငံ၊

**Venerable U Tiloka**
**B B T., Wat Parphan, Lampang, Thailand**

ဆရာတော် ဦးခေမိန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ကျောင်းခါ၊ လမ်ပန်၊
ထိုင်းနိုင်ငံ။

**Venerable U Kheminda**
**B.B.T., Wat Kyaung Khat, Lampand, Thailand**

ဆရာတော် ဦးဉေယျဓမ္မ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ဆီထွန်မွန်း၊ လမ်ပန်၊
ထိုင်းနိုင်ငံ။

**Venerable U Nyeyadhamma**
**B.B.T., Wat Ceylonmoon, Lampand, Thailand**

ဆရာတော် ဦးစန္ဒရ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ကျောင်းကြီး၊ မဲဆောက်၊
တာ့ခရိုင်၊ ထိုင်းနိုင်ငံ။

**Venerable U Sundara**
**.B.T., Wat Kyaung Gyi, Maesod, Tak Dist., Thailand**

ဆရာတော် ဦးအာသဘ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ဆိုင်မွန်၊ ဇင်းမယ်၊
ထိုင်းနိုင်ငံ။

**Venerable U Asabha**
**B.B.T., Wat Saimoon, Chiang Mai, Thailand**

ဆရာတော် ဦးပဏ္ဍိစ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်မယ်တော်၊ မဲဆောက်၊
တာခ်ပြည်နယ်၊ ထိုင်းနိုင်ငံ။

**Venerable U Pandicca**
**B B T , Wat Maetaw, Maesod, Tak, Thailand**

ဆရာတော် ဦးဓမ္မစိန္တ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်မယ်တန်၊ ဖယောင်း၊ ချင်းရိုင်၊
ထိုင်းနိုင်ငံ၊

**Venerable U Dhammacinna**
**B B T., Wat Maeton, Phyoung, Chiang rai, Thailand**

ဆရာတော် ဦးအာစိဏ္ဏ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်မယ်တန်၊ ချင်းရိုင်၊
ထိုင်းနိုင်ငံ၊

**Venerable U Acinna**
**B B T., Wat Maeton, Chiang Rai, Thailand**

လှိုင်းထပ်၊ ဆရာတော်
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၁၈၃၃၅၊ ချိုင့်ကြီးလမ်း၊
ဘိုးလဒါးကရိ၊ ကယ်လီဖိုးနီးယား။
၉၅၀၀၆၊ အမေရိကန်၊

**Venerable Hlaing Dat**
**B.B T., 18335 Big Basin Way, Boulder Creek, Ca 95006, U S A**

ဆရာတော် ဦးဣန္ဒက
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
အမှတ် ၆၁၉၊ ဘာဂျင်လမ်း၊
ဘရွတ်ကလင်း၊ နယူးယောက်၊
၁၁၂၃၈၊ အမေရိကန်။

**Venerable U Indaka**
**B.B.T., No. 619 Bergen Street, Brooklyn, N.Y. 11238, U.S.A**

ဆရာတော် ဦးသာသန
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ပါလုဗာ၊ လမ်ပန်။
ထိုင်းနိုင်ငံ။

**Venerable U Sasana**
**B.B.T., Wat Parluva, Lamapand, Thailand**

ဆရာတော် ဦးဇယန္တ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ပါပေါ့၊ ဇင်းမယ်။
ထိုင်းနိုင်ငံ။

**Venerable U Jayanta**
**B.B.T., Wat Parpok, Chiang Mai, Thailand**

ဆရာတော် ဦးပဏ္ဍိစ္စ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်တောရကျောင်း၊ မဲဆောက်
ထိုင်းနိုင်ငံ။

**Venerable U Pandicca**
**B.B.T., Wat Tawya Kyaung, Maesod, Tak, Thailand**

ဆရာတော် ဦးဂန္ဓမ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ထာမာအမ် ၊ မဲဆောက်၊
ထိုင်းနိုင်ငံ၊

**Venerable U Gandhama**
**B.B.T., Wat Tama-am, Maesod, Tak, Thailand**

ဆရာတော် ဦးအာသဖ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝိဝေကဆန်၊ ဝိပဿနာကျောင်းတိုက်၊
ချွန်ဘူရီ၊ ထိုင်းနိုင်ငံ၊

**Venerable U Asapha**
**B.B.T., Vivekason, Meditation Center, Choonburi, Thailand**

ဆရာတော် ဦးပညာဝံသ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၁၁၅ ၊ အက်စ် ဝေလသဟာ ယရိပ်သာ
လေါ့အင်ဂျလိစ် ၊ ကယ်လီဖိုးနီးယား၊
၉၀၀၀၄ ၊ အမေရိကန်၊

**Venerable U Pannavamsa**
**Burmese Buddhist Temple, 115 S. Commonwealth Ave., Los Angeles, Ca 90004, U.S.A.**

ဆရာတော် ဦး ကေလာသ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၁၇၀၈၊ပေါင်ဒါမက်ရုလမ်း၊
ဆီးလ်ဗားစပရင်၊ အမ်ဒီ ၂၀၉၀၃ ၊

**Venerable U Kelasa**
**B.B.T., 1708 Powder Mill Road, Silver Spring, MD 20903, U.S.A**

ဆရာတော် ဦးဝါယမ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်မွန်းပုဏ္ဏ၊ လမ်ပန်၊
ထိုင်းနိုင်ငံ၊

**Venerable U Vayama**
**B.B.T., Wat Moon-punna, Lampand, Thailand**

ဆရာတော် ဦးထွန်းလှ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်နောင်ခန်၊ ဇင်းမယ်၊
ထိုင်းနိုင်ငံ၊

**Venerable U Tun Hla**
**B.B.T., Wat Naung Kham, Chiang Mai, Thailand**

ဆရာတော် ဦးနန္ဒိယ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်ပါရမီ၊ မဲဆောက်၊
တာ့ခ်ပြည်နယ်၊ ထိုင်းနိုင်ငံ၊

**Venerable U Nandiya**
**B.B.T., Wat Farmai, Maesod, Tak, Thailand**

ဆရာတော် ဦးပညာသိရိနန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်သာရာအောကို၊ ၁၃၃ နန်ခရီလမ်း၊
ဖရာအေး၊ ထိုင်းနိုင်ငံ၊

**Venerable U [illegible]nanda**
**B.B.T., Wat Srabawkeo, 133, Numkhue Road, Phrae, Thailand**

ဆရာတော် ဦးဉာနိက
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
ဝပ်မန္တလေး၊ မဲဆရင်၊
ထိုင်းနိုင်ငံ၊

**Venerable U Nyanika**
**B.B.T., Wat Mandalay, Maesrian, Thailand**

ဆရာတော် ဦးဝိမလ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၂၃၀၊ ထရော့လင်းလမ်း၊
နစ်ရှ်ဗီးလ်၊ တင်နက်ဆီ၊
၃၇၂၀၇၊ အမေရိကန်၊

**Venerable U Vimala**
**B.B.T., 230 Treutland Street, Nashville, Tennesse 37207, U.S.A.**

ဆရာတော် ဦးသီလာနန္ဒ
မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်
၆၈၊ ဝုဒရိုးလမ်း ၊ ဒဲလေ စီးတီး၊
ကယ်လီဖိုးနီးယား ၊ ၉၄၀၁၄ ၊
အမေရိကန်၊

**Venerable U Silananda**



ပိန္နဲမြို့ ထင်းမကြီးများတွင် ဧပြီလ၌ ဤသို့
ပိတောက်များ ပွင့်နေသည်က မြန်မာပြည် သို့
လွမ်းစရာဖြစ်ရသည်။

ချစ်စံဝင်း

# သာသနာ့ရောင်ခြည်လင်းစေဖို့

